မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၂၅၀)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်နေ့တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မသန်စွမ်းပုဂ္ဂိုလ်များ လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်နိုင်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် မသန်စွမ်းသူများညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ မသန်စွမ်းသူများညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှလုံး အေးချမ်းသာယာကြပါစေ၊ မိမိတို့ ရည်မှန်းတဲ့ရည်မှန်းချက်တွေ ထမြောက်အောင်မြင်ပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ အခမ်းအနားဟာ လူသားတစ်ဦး ဖြစ်တည်မှု၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရှင်သန်နိုင်မှုနဲ့ လူသားဖြစ်တည်မှုအပေါ်မှာ လူတစ်ဦးချင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ခွဲခြားမှုမရှိဘဲ တန်းတူခံစားရရှိစေခြင်း စတာတွေကို ဖော်ကျူးတဲ့ အခမ်းအနားတစ်ရပ်ဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး ဂုဏ်ယူဝမ်းမြောက်ကြရမှာပဲ ဖြစ်ပါတယ်။

ဒီကနေ့ အသက်ရှင်ရပ်တည်နေသူများမှာ တူညီတဲ့အချက်တစ်ချက်ကတော့ အားလုံးဟာ *စာမျက်နှာ ၅ ကော်လံ ၁* ✻

> “ မသန်စွမ်းသူများရဲ့အရေးကိစ္စဟာ လူ့အခွင့်အရေးတစ်ရပ်လို့ပြောရင် မမှားတဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာမှာ၊ ဥပဒေများပြဋ္ဌာန်းရာမှာ မသန်စွမ်းသူများပါ ပါဝင်အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် အစီအမံများ ပါဝင်စေဖို့လို ”

ယခုနှစ်မေလကုန်အထိ ကမ္ဘာလှည့်ခရီးသွား တစ်သန်းကျော်ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှု တိုးတက်လာလျက်ရှိရာ ၂၀၁၄ ခုနှစ် မေလကုန်အထိ ခရီးသွားဧည့်သည် ၁၂၀၇၇၆၀ ရောက်ရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်လာရောက်မှုကို ၂၀၁၄ ခုနှစ်တွင် ခရီးသွားဧည့်သည်သုံးသန်းအထိ လာရောက်နိုင်မည်ဟု မျှော်မှန်းထားသည်။ မြန်မာနိုင်ငံ၏ ခရီးသွားဧည့်သည်လာရောက်မှုမှာ ၂၀၁၃ ခုနှစ်က ၂ ဒသမ ၀၄ သန်း ရောက်ရှိခဲ့သည်။

ထိုသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်လာရောက်မှုသည် ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာဒေသများသို့ သွားရောက်လေ့လာကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှာ အများဆုံးဖြစ်သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ် ချောင်းသာနှင့် ငွေဆောင်ကမ်းခြေ ဒေသများသို့လည်း ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာ အပန်းဖြေမှုများရှိခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယနေ့ မာတိကာ

ကမ္ဘာ့ဖလားကျင်းပရန်ဘရာဇီးအသင့်ဖြစ် ထောင်ပေါင်းများစွာသောလုံခြုံရေးတပ်ဖွဲ့ဝင်များဖြန့်ကြက် စာ » ၄

မယွင်းမချွတ်ကျင့်ဝတ်ညီစွာ သတင်းမီဒီယာ ဆောင်းပါး စာ » ၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပိုင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်း စာ » ၈

ဘရာဇီးရဲ့မျှော်လင့်ချက် နေမာစွမ်းနိုင်ပါ့မလား စာ » ၁၄

ကြော်ငြာအချုပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချုပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တတိယအရှိန်အဟုန်မြှင့်တင်မှု (Third Wave)

ကျွန်ုပ်တို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းဖော်ဆောင်လျက်ရှိပါသည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းဖော်ဆောင်လျက်ရှိသည်ကို သတိပြုမိပါသည်။

ပထမအဆင့် (First Wave) အဖြစ် အစိုးရတာဝန်ယူချိန်မှစပြီး စနစ်ဟောင်းတစ်ခုမှ ခေတ်သစ် စနစ်သစ်တစ်ခုဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပေးရခြင်းဖြစ်ပါသည်။ အစိုးရတာဝန်ယူပြီး တစ်နှစ်ကျော်အတွင်း လွှတ်တော်နှင့် နိုင်ငံရေးပါတီအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မြန်မာနိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုသည် ကမ္ဘာက အသိအမှတ်ပြုချီးကျူးခဲ့ကြပါသည်။

ဤသို့ အသွင်ကူးပြောင်းရေးကာလအတွင်း လွှတ်တော်နှစ်ရပ်ဖွဲ့စည်းပြင်ဆင်မှု၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ဖွဲ့စည်းပြင်ဆင်မှုစသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေးမဏ္ဍိုင်နှင့် ယန္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆောက်ခဲ့ရပါသည်။

ဒုတိယအဆင့် (Second Wave) အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု စသည့် ပြုပြင်ပြောင်းလဲမှုတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ခဲ့ရာတွင် လွှတ်တော်၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသာမက နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများကပါ နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

ယခုတစ်ဖန် တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ဆောင်ရွက်သွားရန် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇွန် ၁၀ ရက်တွင် သမ္မတအိမ်တော်၌ကျင်းပသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားရာတွင် ထည့်သွင်းပြောကြားလိုက်ပြီဖြစ်သည်။ ဤတတိယအဆင့်သည် ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးတွင် ရေရှည်အတွက်အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း သိရသည်။ ဒီမိုကရေစီအလေ့အကျင့်နှင့် စံနှုန်းများ ရင့်သန်ခိုင်မာအောင် ပြုပြင်ပြောင်းလဲရမည်ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝ တိုးတက်အောင်လည်း ဆောင်ရွက်ကြရမည်ဖြစ် ပါသည်။ လူမှုစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan) နှင့်အညီ ကဏ္ဍအလိုက် အစီအမံများရေးဆွဲအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရပါသည်။

သို့ပါ၍ ဤတတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီစနစ်နှင့်အညီ လိုက်နာကျင့်သုံးပြီး စီးပွားရေးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့နှင့်အတူ ဟန်ချက်ညီညီ မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ပုဂံဒေသရှိ အဆောက်အအုံများ စာရင်းပြုစုခြင်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇွန် ၁၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသမှတ်တမ်း ကောက်ယူစာရင်းပြုစုခြင်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Export Workshop on Bagan Inventory System) ကို ဇွန် ၉ ရက် နံနက်ပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ယူနက်စကိုနှင့်မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲဦးဆောင်ဆွေးနွေးသူများဖြစ်သည့် အီတလီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ အီရန်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘောဒီးယားနိုင်ငံနှင့်ဂျပန်နိုင်ငံတို့မှ GIS ပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ပုဂံဒေသသည် မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသတွင်းနှင့် ကမ္ဘာကြီးအတွက်ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် တုနှိုင်းမရနိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဒေသတစ်ခုဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံဗိသုကာလက်ရာများ၊ ကျောက်ဆစ်နှင့်သစ်သားရုပ်လုံးရုပ်ကြွများ၊ စဉ့်ကွင်းစဉ့်ချပ်များ၊ နံရံဆေးရေးပန်းချီလက်ရာတို့သည် ပြောင်မြောက်ထူးခြားထင်ရှားလျက်ရှိပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုဖွံ့ဖြိုးတိုးတက်လာမှုပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံသည် မြန်မာလူမျိုးတို့၏ကြီးကျယ်ခမ်းနားကျော်ကြားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာဒေသတစ်ခုဖြစ်ပါကြောင်း၊ ပုဂံဒေသပျက်စီးဆုံးရှုံးမှုအခြေအနေမှ ကာကွယ်ရန်နှင့် ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် ရည်ရွယ်ပြုလုပ်သည့် ယခုအလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးသည့် UNESCO နှင့် ဂျပန်နိုင်ငံအစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်သံရုံးနှင့် UNESCO မှ တာဝန်ရှိသူတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီးဦးဆောင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များက ၎င်းတို့၏အတွေ့အကြုံများကို ပြောကြားကြသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲနှင့် တစ်ဆက်တည်း ယူနက်စကိုမှ ပညာရှင် Mr.Kai Weise ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် Informal Working Session on Integrating Bagan Inventory into Site Management အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိလည်းကောင်း၊ ယူနက်စကိုမှ နံရံဆေးရေးပန်းချီထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှေးဟောင်းအဆောက်အအုံနှင့် နံရံဆေးရေးပန်းချီထိန်းသိမ်းရေးဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သည့် Informal Working Session on Integrating Mural recording into Over all Bagan Inventory အစီအစဉ်ကို ဇွန် ၁၁ ရက်မှ ၂၀ ရက်အထိလည်းကောင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ ဂျပန်နိုင်ငံ National Research Institute for Cultural Property Tokyo မှ ရှေးဟောင်းအဆောက်အအုံဗိသုကာနှင့် နံရံဆေးပန်းချီထိန်းသိမ်းရေးပညာရှင်များက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများအား နံရံဆေးရေးပန်းချီသန့်စင်ထိန်းသိမ်းနည်းသင်တန်းကို ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြန်လမ်းမကြီးပေါ် နေ့စဉ်စစ်ဆေးမှုကြောင့် ယာဉ်များစည်းကမ်းဖောက်ဖျက်မှုနည်းပါးလာ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ မောင်းနှင်နေကြသော ခရီးသည်တင်ယာဉ်ကြီးများအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးသုံးနေရာ၌ အမြန်လမ်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်စည်းကမ်းနှင့်အညီ မောင်းနှင်မှု ရှိ မရှိ၊ ခရီးသည်ယာဉ်များတွင် ရှိရမည့်ပစ္စည်းကိရိယာများ ထားရှိမှု ရှိ မရှိ စစ်ဆေးမှုများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ၌ ခရီးသည်တင်ယာဉ်အများစုစည်းကမ်းနှင့်အညီမောင်းနှင်လာကြပြီဖြစ်ကြောင်း၊ အမြန်လမ်းစစ်ဆေးရေးပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောပြခဲ့သည်။

အဝေးပြေး မထသဉက္ကဋ္ဌ ဦးညွန့်ဝေက "အမှန်တကယ်တော့ အဝေးပြေးကွင်းကြီးထဲက ထွက်တဲ့ခရီးသည်ပို့ဆောင်ရေးယာဉ်တွေက ရာကျော်ရှိတယ်၊ ညနေ ၅ နာရီကျော်ပြီဆိုတာနဲ့ တန်းစီထွက်လာကြပြီ ယာဉ်တိုင်းကို အကြာကြီးတော့ စစ်ဆေးလို့မရဘူးပေါ့၊ အဓိကပါဝင်ရမယ့်အချက်တွေကိုတော့ အမိအရစစ်ဆေးပါတယ်။ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ အဓိကအရေးပေါ်ထွက်ပေါက်၊ ယာဉ်ကြံ့ခိုင်မှု၊ ခရီးသည်ခါးပတ်စတာတွေပေါ့"ဟု ဆိုပါသည်။

မေလ ၁၇ ရက်ကစတင်၍ ရန်ကုန်အထွက်ဖြစ်သော မိုင်တိုင်အမှတ် ၀/၂ တွင် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ရှေ့ပိုင်းရက်များ၌ ပညာပေးကာလအဖြစ်သတ်မှတ်ခဲ့ပြီး မေ ၂၇ ရက်က စတင်ကာ အရေးယူမှုများပြုလုပ်ခဲ့သည်ဟု သိရသည်။

"အခုနောက်ပိုင်းမှာ ရှေ့စစ်ဆေးမှုတွေရှိခဲ့တာရယ်၊ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး စည်းကမ်းထိန်းသိမ်းလာကြတာကြောင့် အမှန်တကယ်အရေးယူရမယ့် ကာလများ အစတုန်းကလို ယာဉ်လိုင်းမှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်မပါတာတွေ သိပ်မရှိတော့ပါဘူး။ အဓိက အားအနည်းဆုံးကတော့ ခရီးသည်တွေ ထိုင်ခုံခါးပတ်မပတ်ကြတာပဲ။ ကားပေါ်ပါတဲ့ ခရီးသည် လေးဆယ်ကျော်မှာ ငါးယောက်ခြောက်ယောက်ပဲ သူ့အသိစိတ်နဲ့သူ ပတ်ထားကြတာတွေ့ရတယ်"ဟု စစ်ဆေးရေးအဖွဲ့ပါဝင်သူတစ်ဦးက ဆိုသည်။ အရေးယူမှုအပိုင်း၌ မေ ၂၄ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းနှင့်မညီသော ခရီးသည်တင်(အဝေးပြေး) ယာဉ်ကြီးများအား ၁၉၆၄ ခုနှစ် မော်တော်ယာဉ် ဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေများဖြင့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအား အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်တရားစွဲလျက်ရှိကြောင်း သိရသည်။ ထို့အပြင် လိုင်စင်စစ်ဆေးမှုကြောင့် လိုင်စင်အတုဖြင့် မောင်းနှင်ခြင်းများလည်း မရှိသလောက်ဖြစ်သွားပြီဖြစ်ကြောင်း စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့သည်။

ကိုကြီးတင်

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Mon to Thurs-5:30-7:00 pm 18 Jun
Mon to Thurs-1:00-3:00 pm 16, 30 Jun
Sat & Sun - 12:30-3:30 pm 21 Jun
Mon to Thurs-7:30-9:30 am 23 Jun
Mon to Thurs-10:00-12:00 am 23 Jun
Mon to Thurs-3:00-5:00 pm 23 Jun

Pre-Intermediate English
Mon to Thurs-5:00-7:00 pm 9 Jun
Sat & Sun - 12:30-3:30 pm 21 Jun
Mon to Thurs-7:30-9:30 am 23 Jun

Intermediate English
Mon to Thurs-1:00-3:00 pm 30 Jun

Grammar Foundation Course
Mon to Thurs - 7:30-9:30 am 16 Jun
Mon to Thurs - 3:30-5:00 pm 16 Jun

Basic Writing Course
Mon to Thurs - 10:00-12:00 pm 2 Jun
Mon to Thurs - 3:00-5:00 pm 23 Jun

Structure & Written Expression
Mon to Thurs-10:00-12:00 am 9 Jun
Mon to Thurs-1:00-3:00 pm 23 Jun
Mon to Thurs-4:00-5:30 pm 23 Jun

TOEFL Mon to Thurs-5:30-7:00pm 7 Jul
IELTS, SAT, AP, AWC, VEC

No.189, 2nd Flr, 28th St (Upper), Pabedan Tsp. Ph: 01-243950, 246910

iStock®

Galaxy Software Services Co., Ltd
Contact Us ...
Website : www.galaxy.com.mm

ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7G/2444၊ ၇ဆ/၂၄၄၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ အမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုဖွင့်လှစ်

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံ အမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟို (National Crisis Management Centre of Myanmar) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက နေပြည်တော်၌ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားအရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (EU)သံအမတ်ကြီး Mr. ROLAND KOBIA နှင့် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Agostino Miozzo နှင့် သံတမန်များ၊ National Crisis Management Centre of Myanmar ၌ တာဝန်ထမ်းဆောင်ကြမည့် အရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. ROLAND KOBIA နှင့် ဘယ်လ်ဂျီယံအခြေစိုက် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Agostino Miozzo တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟို အဆောက်အအုံကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် ဘယ်လ်ဂျီယံအခြေစိုက် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Agostino Miozzo တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ မြန်မာနိုင်ငံအမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကို နိုင်ငံတော်သမ္မတ၏ ဥရောပငါးနိုင်ငံ ခရီးစဉ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Agostino Miozzo တို့ လက်မှတ်ရေးထိုးခဲ့သော မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့တို့အကြား အရေးပေါ်အခြေအနေများ တုံ့ပြန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်အရ ဥရောပသမဂ္ဂ၏ကူညီမှုဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားအရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုအနေဖြင့် နေ့စဉ် ၂၄ နာရီ သီတင်းတစ်ပတ်လုံး တာဝန်ထမ်းဆောင်၍ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက အာဆီယံလူသားချင်းစာနာမှုဗဟိုဌာနနှင့်လည်းကောင်း၊ အာဆီယံနိုင်ငံများရှိ အလားတူ အရေးပေါ်အခြေအနေ တုံ့ပြန်မှုဗဟိုဌာနများနှင့်လည်းကောင်း ချိတ်ဆက်လျက် ဆက်သွယ်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ပြည်ပရောက် မြန်မာနိုင်ငံသားများအပေါ် သက်ရောက်မှုရှိနိုင်သော ကိစ္စရပ်များအပါအဝင် သဘာဝနှင့် လူ့ပယောဂကြောင့် ဖြစ်ပေါ်သည့် အရေးပေါ်အခြေအနေများဆိုင်ရာ တိကျ၊ မှန်ကန်၊ ပြည့်စုံသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၁

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ကျင်းပရာ **(အောက်ပုံ)** ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးမကျင်းပမီ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမ၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Council Information Office မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Xu Ying၊ ဂျပန်နိုင်ငံ Ministry of Internal Affairs and Communications မှ ညွှန်ကြားရေးမှူးချုပ် Mr. Soichiro SEKI နှင့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Culture, Sports and Tourism မှ ညွှန်ကြားရေးမှူး Mr.Hyun Ki Kim တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲကို စတင်ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ယခုအစည်းအဝေးမှ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်က (၁၅)ကြိမ်နှင့် (၁၆)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ညီလာခံမှ ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး၊ လုပ်ငန်းစီမံချက် (၂၀၁၂-၂၀၁၇)အပေါ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးခြင်း၊ အခြားဖြစ်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားနိုင်ရေးအတွက် ဆွေးနွေးခြင်း၊ သုံးကြိမ်မြောက် ARMI+3 ဆွေးနွေးပွဲအတွက် ကြိုတင်ဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မီဒီယာထုတ်ပြန်ချက်မူကြမ်းတွင် ထည့်သွင်းဆောင်ရွက်မည့် အချက်များကို ဆွေးနွေးခြင်း၊ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် SOMRI+3 အစည်းအဝေးအတွက် နေရာနှင့် အချိန်သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်က ARMI+3 အတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ချမှတ်ဆောင်ရွက်မှု အကျဉ်းချုပ်ကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၁၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC- II)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ လေးနိုင်ငံချိတ်ဆက်မိသော စီးပွားရေးစင်္ကြံတည်ဆောက်ရေး တရုတ်နှင့်ဘင်္ဂလားဒေ့ရှ် ခေါင်းဆောင်နှစ်ဦး သဘောတူညီ

ပေကျင်း ဇွန် ၁၁

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ တွေ့ဆုံခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာ လေးနိုင်ငံ ချိတ်ဆက်မိသော စီးပွားရေးစင်္ကြံတစ်ခု တည်ဆောက်နိုင်ရေးအတွက် နှစ်နိုင်ငံဘက်မှ သဘောတူညီခဲ့ကြသည်ဟု သိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ပင်လယ်ရေကြောင်း ပိုးလမ်းမတစ်လျှောက်မှာဆိုရင် အချက်အချာကျနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်"ဟု နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံကြစဉ် သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမမှ စီးပွားရေးစင်္ကြံ ဦးဆောင်ဦးရွက်နိုင်ငံအဖြစ်နှင့် ပိုးလမ်းမ စီးပွားရေးနယ်ပယ် တည်ဆောက်ရာတွင် ပါဝင်အားဖြည့်ပေးမှုတို့ကို တရုတ်နိုင်ငံမှ လှိုက်လှဲစွာ ကြိုဆိုပါကြောင်း သမ္မတရှီက ဆိုသည်။

ယခုဖြစ်ပေါ်လျက်ရှိသော တိုးတက်မှု အလားအလာကြောင့် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား အကျိုးတူမျှဝေခြင်း၊ လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရာတွင် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါဒေသရှိနိုင်ငံများမှ ပြည်သူများ ကောင်းကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဘက်က ပြောကြားခဲ့သည်။

ယခုကဲ့သို့ ရေကြောင်းပိုးလမ်းမ အသုံးပြုမှုနှင့် စီးပွားရေးနယ်ပယ်များ၏ စိတ်ကူးအယူအဆမှာ ပြီးခဲ့သည့်နှစ်တွင် သမ္မတရှီက ပထမဆုံး အကြံပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပိုးလမ်းမသည် ဘီစီ ၁၀၀ အချိန်က တရုတ်နှင့် ဥရောပတို့ ဆက်သွယ်ပေးရာ လမ်းဖြစ်ပြီး ယင်းအချိန်က တရုတ်ကုန်သည်များသည် ပိုးထည်များ၊ ကြွေထည်မြေထည်များနှင့် လက်ဖက်ခြောက်များ တင်ပို့ရာလမ်းအဖြစ်သုံးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း အင်္ဂါနေ့နှစ်နိုင်ငံပူးတွဲ ထုတ်ပြန်ချက်တွင် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတို့ဘက်မှ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ နည်းပညာ ဆန်းသစ်တီထွင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်မှု စသည့် နယ်ပယ်တို့တွင် ပူးပေါင်းမှုတို့ မြှင့်ကြရန် သဘောတူညီခဲ့ကြသည်ဟု ဆိုထားသည်။

တရုတ်နိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုတို့တွင် ၎င်းတို့နိုင်ငံကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

မိုဆူးလ်မြို့မှ အီရတ်ပြည်သူ ငါးသိန်းကျော်ထွက်ပြေး အစ္စလာမ္မစ်သူပုန် နေရာအနှံ့ဝင်ရောက်ဖျက်ဆီး

မိုဆူးလ် ဇွန် ၁၁

အီရတ်နိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ မိုဆူးလ်မြို့ကို အစ္စလာမ္မစ် စစ်သွေးကြွများက တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဒေသခံပြည်သူ ငါးသိန်းကျော် မြို့မှထွက်ပြေးခဲ့ရကြောင်း ဇွန် ၁၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိုင်အက်စ်အိုင်အက်စ် အမည်ရှိ အဆိုပါအုပ်စုက မိုဆူးလ်မြို့နှင့် နိုင်းဗက်ချ်ပြည်နယ်တစ်ခွင် နေရာအနှံ့ ဝင်ရောက်ဖျက်ဆီးခဲ့ရာမှ ရာပေါင်းများစွာသော ဂျီဟတ်များနှင့် တပ်ဖွဲ့ဝင်များ ထွက်ပြေးကြရသည်။

ယင်းကို တုံ့ပြန်ရန် အီရတ်ဝန်ကြီးချုပ် မာလီကီက ၎င်းအား လုပ်ပိုင်ခွင့် အာဏာပေးရေး နိုင်ငံအရေးပေါ်အခြေအနေကြေညာရန် ပါလီမန်သို့ တောင်းဆိုထားသည်။

အိုင်အက်စ်အိုင်အက်စ်၏ လုပ်ဆောင်ချက်သည် ဒေသတစ်ခုလုံးကို ခြိမ်းခြောက်လိုက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန်က ပြောသည်။

အိုင်အက်စ်အိုင်အက်စ်အဖွဲ့သည် ဆီးရီးယားအရှေ့ပိုင်း၊ အီရတ်နိုင်ငံ အနောက်ပိုင်းနှင့်အလယ်ပိုင်းကို ထိန်းချုပ်ရန် ကြိုးစားနေသော အယ်လ်ခိုင်ဒါအဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ဂျီဟတ်အလံများ လွှင့်တင်ထားသော အဆောက်အအုံများကို အဆိုပါ စစ်သွေးကြွများက ထိန်းချုပ်ရန် ကြိုးစားခဲ့ကြောင်း မိုဆူးလ်မြို့ဒေသခံများက ပြောသည်။

ယင်းအခြေအနေသည် နိုင်ငံအတွင်း ကမောက်ကမဖြစ်စေသည့် အခြေအနေဖြစ်ကြောင်း၊ မည်သူကမျှ မိမိတို့ကို ကယ်တင်မည့်သူ မရှိကြောင်း အစိုးရအလုပ်သမား အမ်းကာရန်က ကြောက်လန့်တကြီး ပြောကြားသည်။

ရဲစခန်းများ မီးရှို့ခံရပြီး ရာနှင့်ချီသော ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် လက်နက်များကို အဝေးတစ်နေရာ၌ ပစ်ထားခဲ့ပြီး အဝတ်အစားများလဲကာ စွန့်ပစ်ထားသောကားများဖြင့် ထွက်ပြေးသွားကြကြောင်း မိုဆူးလ်ဒေသခံ မာမွတ်နူရီက ပြောသည်။ **(ဘီဘီစီ)**

နီပေါ၌ ယူရေနီယံ သတ္တုသိုက်တွေ့ရှိ

ခတ္တမန္ဒူ ဇွန် ၁၁

နီပေါနိုင်ငံ မူစတန်ဒေသအထက်ပိုင်း တရုတ်နယ်စပ်အနီး၌ ကြီးမားကျယ်ပြန့်သော ယူရေနီယံသတ္တုသိုက်ကြီးတွေ့ရှိထားရာ နီပေါနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပြောင်းလဲစေလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ ဓာတ်သတ္တုနှင့် ဘူမိဗေဒ ဦးစီးဌာနမှအဖွဲ့သည် ယင်းယူရေနီယံသတ္တုသိုက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် ဟိမဝန္တာဒေသအတွင်း စတုရန်းကီလိုမီတာ ၁၀၀ အကျယ်မှ ကျောက်တုံးနမူနာများကောက်ယူပြီး စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ယင်းဒေသ၌ ယူရေနီယံရှိကြောင်းကို မိမိအနေဖြင့် အတည်ပြုနိုင်ကြောင်း၊ သို့သော် ပမာဏကို မသိရသေးကြောင်း ဘူမိဗေဒဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပရာဆက်မာဟာတိုကပြောသည်။ **(ဆင်ဟွာ)**

ကမ္ဘာ့ဖလားကျင်းပရန် ဘရာဇီးအသင့်ဖြစ် ထောင်ပေါင်းများစွာသောလုံခြုံရေးတပ်ဖွဲ့ဝင်များဖြန့်ကြက်

ဆော်ပေါလို ဇွန် ၁၁

ဇွန် ၁၂ ရက်တွင် စတင်မည့် ကမ္ဘာ့ဖလား ဘောလုံးပွဲအတွက် ဘရာဇီးနိုင်ငံက ဖွင့်ပွဲပိတ်ပွဲကျင်းပရန်အသင့်ဖြစ်နေကြောင်း သမ္မတဒီလ်မာရိုဆက်က ပြောကြားလိုက်သည်။

ဘရာဇီး ပြည်သူတစ်ရပ်လုံး ၎င်းက ရုပ်မြင်သံကြားမှတစ်ဆင့် အနေဖြင့် ဝိုင်းဝန်းကူညီကြရန်လည်း ပြောကြားလိုက်သည်။

သို့ရာတွင် ကမ္ဘာ့ဖလားအတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံသုံးစွဲနေသည်ဆိုသော ဝေဖန်မှုများကို သူမကပယ်ချလိုက်သည်။

ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဖလားအတွက် ငွေကြေးအလွန်အကျွံသုံးစွဲနေသည်ဆိုကာ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ တစ်နှစ်ကြာဖြစ်ပွားလျက်ရှိသည်။

မြေအောက်မီးရထား အလုပ်သမားများ၏ ဆန္ဒပြမှုက ဖွင့်ပွဲကျင်းပမည့် ဆော်ပေါလိုမြို့နှင့်ပိတ်ပွဲကျင်းပမည့် ရီယိုဒီဂျနေးရိုးမြို့သွားရာလမ်းများကို အနှောင့်အယှက်ဖြစ်စေရန်ခြိမ်းခြောက်လျက်ရှိသည်။

ဘရာဇီးသမ္မတက အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ငွေလုံးငွေရင်း အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံသုံးစွဲခဲ့ရကြောင်း ကာကွယ်ပြောဆိုခဲ့သည်။

ယင်းငွေများကို ကျန်းမာရေးနှင့်ပညာရေးရင်းနှီးမြှုပ်နှံမှုအတွက် သုံးစွဲသင့်ကြောင်း ပြည်သူများက စွပ်စွဲပြောကြားလျက်ရှိသည်။ အဆိုပါ ဘတ်ဂျတ်ငွေများကို ၂၀၁၀ နှင့် ၂၀၁၃ ခုနှစ်ကာလအတွင်း ဘောလုံးကွင်းများ တည်ဆောက်ရာတွင် အများဆုံးသုံးစွဲခဲ့သည်ဟု ဆိုသည်။

ဖြန့်ကြက်ချထား

ပြိုင်ပွဲကို အနှောင့်အယှက်ဖြစ်စေမည့် ဆန္ဒပြမှုများကိုလုံးဝခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း သမ္မတရိုဆက်ကပြောသည်။ ထောင်ပေါင်းများစွာသော ရဲနှင့်စစ်သားများလုံခြုံရေးဖြန့်ကြက်ချထားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

စစ်သွေးကြွများမြို့များဆက်သိမ်း

ဘဂ္ဂဒက် ဇွန် ၁၁

လက်နက်ကိုင်စစ်သွေးကြွအုပ်စုများသည် နိုင်းဗက်ချ်ပြည်နယ်မြို့တော် ဒုတိယအကြီးဆုံးမြို့ မိုဆူးလ်ကို သိမ်းယူပြီးနောက် ရေနံကြွယ်ဝသည့် ကယ်ကွတ်ပြည်နယ်ရှိ မြို့များစွာကို ဆက်လက်သိမ်းပိုက်ခဲ့ကြောင်း ပြည်နယ်ရဲဌာန သတင်းအရ သိရသည်။

ရာပေါင်းများစွာသော သေနတ်သမားများသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာ ကယ်ကွတ်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ဟာဝစ်ဂျ်၊ ဇက်ဘ်၊ ရစ်ဒ်၊ အဘာစီနှင့်ရာရှက်မြို့များကို အဓိကဝင်ရောက်သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွအုပ်စုများ ရောက်မလာမီကတည်းက ၎င်းမြို့များကို စွန့်ခွာသွားကြသဖြင့် ခုခံတိုက်ခိုက်မှုများမရှိဘဲ အလွယ်တကူ သိမ်းပိုက်ရရှိခဲ့သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

✻ ရှေ့ဖုံးမှ

လူသားများပင်ဖြစ်တယ်ဆိုတဲ့အချက်ပဲဖြစ်ပြီး ဒီလိုစဉ်းစားတွေးခေါ်မှုမျိုးနဲ့ အတူ လူ့အဖွဲ့အစည်းအတွင်း အသက်ရှင်ရပ်တည် နေထိုင်နေကြသူများ အားလုံး လူသားတစ်ဦး ရသင့်ရထိုက်တဲ့အခွင့်အရေးကို တန်းတူရည်မျှ ရရှိကြဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြမှုဟာလည်း အထူးအရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းမှာ တစ်ချိန်က မသန်မစွမ်းသူများရှိနေခြင်းဟာ မိသားစုအတွက် ကံဆိုးခြင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းနဲ့ တိုင်းပြည်အတွက် အင်အားယုတ်လျော့ခြင်းစသဖြင့် လွဲမှားတဲ့၊ အရှက်အကြောက်လွန်ကဲတဲ့ အဆိုးမြင်မှုများရှိခဲ့တာကို ဝမ်းနည်းစွာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း လူ့အခွင့်အရေးရှုထောင့်အရ လူသားတစ်ဦးချင်းစီ ရသင့်ရထိုက်တဲ့ အခွင့်အရေးအခြေခံနဲ့ကြည့်မယ်ဆိုရင် အားလုံးဟာ ကိုယ်အင်္ဂါမပြည့်စုံသည့်တိုင် သာမန်လူသားတစ်ဦးကဲ့သို့ စွမ်းဆောင်နိုင်ရုံသာမကဘဲ ကျန်းမာကြံ့ခိုင်တဲ့ လူသားများထက်ပင် ပိုမိုစွမ်းဆောင်နိုင်တဲ့ မသန်သော်လည်း စွမ်းနိုင်တဲ့ မသန်စွမ်းပုဂ္ဂိုလ်များကိုလည်း ပိုမိုမြင်တွေ့လာရပြီး သူတို့ဟာ လူ့အဖွဲ့အစည်းအတွင်းမှာ တလေးတစားနဲ့ နေရာပေးခံလာကြရတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ လူသားချင်းအတူတူပဲဖြစ်တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီကနေ့မှာ ပွင့်လင်းလာတဲ့ အခြေအနေတွေကြောင့်၊ ကမ္ဘာကြီးနဲ့ နီးကပ်စွာဆက်ဆံလာနိုင်တာတွေကြောင့်၊ နည်းပညာတွေရဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကြောင့် မသန်စွမ်းသူများအနေနဲ့ သာမန်လူတစ်ဦးလို ရှင်သန်နေထိုင်ဖို့အတွက် အခက်အခဲကွာဟချက်များစွာ ကျဉ်းမြောင်းသွားပြီလို့ ဆိုရမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရသစ် တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ မသန်စွမ်းသူများအတွက် စီမံဆောင်ရွက်ခဲ့တဲ့ အစီအမံများကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၀၆ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကနေ အတည်ပြုပြဋ္ဌာန်းပေးခဲ့သော မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးပေးခဲ့ပြီး မသန်စွမ်းပုဂ္ဂိုလ်များ လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်နိုင်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တဲ့ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှာ မသန်စွမ်းအားကစားသမားများရဲ့ စွမ်းဆောင်ရည်များကို မြင်တွေ့ခဲ့ကြရမှာဖြစ်ပြီး ဒီအချက်က သူတို့ရဲ့စွမ်းဆောင်နိုင်မှုတွေနဲ့ လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်ပတ်သက်ခွင့်တွေကို နိုင်ငံသားအားလုံးက အသိအမှတ်ပြုဖို့ ထိုက်တန်တယ်ဆိုတာကို ပြသခဲ့ခြင်းလည်းဖြစ်ပါတယ်။

လက်ရှိမှာ မသန်စွမ်းပုဂ္ဂိုလ်များကိုလည်း တန်းတူညီစွာ ဥပဒေအရ အကာအကွယ်ရနိုင်မှုနဲ့ နိုင်ငံသားတိုင်းရဲ့ မွေးရာပါအခွင့်အရေး သေချာစွာ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများ အခွင့်အရေးဥပဒေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီးရေးဆွဲလျက်ရှိပါတယ်။ ဒီဥပဒေမှာ ကာယကံရှင် မသန်စွမ်းသူများရဲ့ သဘောထားဆန္ဒလိုလားချက်များနဲ့ အမှန်တကယ်လိုအပ်ချက်များ အကျုံးဝင်နိုင်ဖို့ စုစည်းဆောင်ရွက်လျက်ရှိပြီး မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဦးစားပေးလုပ်ဆောင်သွားမှာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ အာဆီယံဥက္ကဋ္ဌရာထူး ရယူဆောင်ရွက်နေတဲ့ အချိန်ကာလမှာ အာဆီယံဒေသအတွင်း ထင်ပေါ်ကျော်ကြား အနုပညာရှင်များကို ဖိတ်ခေါ်ပြီး ကျွန်တော်တို့နိုင်ငံက မသန်စွမ်းသူ အနုပညာရှင်များရဲ့ အနုပညာစွမ်းပကားနဲ့ ပူးပေါင်းပြီး အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်ကျင်းပနိုင်ဖို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ အနုပညာစွမ်းပကားနဲ့ အမိနိုင်ငံတော်ကိုအကျိုးပြုတဲ့ ကောင်းမွန်တဲ့လုပ်ရပ်ကောင်းအဖြစ် ကြိုဆိုကြရမှာလည်းဖြစ်ပါတယ်။

မသန်စွမ်းသူများရဲ့ အရေးကိစ္စဟာ လူ့အခွင့်အရေးတစ်ရပ်လို့ပြောရင် မမှားတဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာမှာ၊ ဥပဒေများပြဋ္ဌာန်းရာမှာ မသန်စွမ်းသူများပါ ပါဝင်အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် အစီအမံများ ပါဝင်စေဖို့လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံသားအားလုံးပါဝင်တဲ့ နေချင်စဖွယ်ကောင်းတဲ့ နိုင်ငံတော်ကြီးဖြစ်လာမှာလည်း ဖြစ်ပါတယ်။

ဒီကနေ့ မသန်စွမ်းသူများရဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး ပြောဆို၊ လှုပ်ရှားခွင့်တွေ ရရှိလာတာဟာ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ ကြိုးပမ်းမှုကလည်း အထူးအရေးပါခဲ့တယ်ဆိုတာ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာကိစ္စတွေအတွက် ဆောင်ရွက်ပေးမယ့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ မသန်စွမ်းသူများကို ကိုယ်စားပြုတဲ့ အသင်းအဖွဲ့များ များစွာပေါ်ပေါက်လာဖို့ အားပေးကြရမှာလည်းဖြစ်ပါတယ်။

မသန်စွမ်းသူများရဲ့ အရေးကိစ္စဟာ ကျွန်တော်အထက်မှာ ပြောကြားခဲ့တဲ့အတိုင်း လူ့အခွင့်အရေးကိစ္စဖြစ်တာနဲ့အညီ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ စဉ်းစားကြရမှာဖြစ်ပြီး ဒီအထဲမှာ မသန်စွမ်းအမျိုးသမီးများနဲ့ ကလေးများကိစ္စတွေ၊ သဘာဝဘေးအန္တရာယ်လို အရာတွေ ကြုံတွေ့တဲ့အခါမှာ မသန်စွမ်းသူများပါ အကျုံးဝင်နိုင်မယ့် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ စသည်ဖြင့် ကျယ်ပြန့်စွာပါဝင်ရမှာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့သမိုင်းတစ်လျှောက်မှာရော ဒီကနေ့ကာလမှာပါ မသန်စွမ်း သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊ အားကစားသမားများ၊ နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ စသည်ဖြင့် သာမန်လူများနဲ့တန်းတူသာမက ပိုမိုတဲ့ စွမ်းဆောင်ရည်များကို ပြသနေကြတဲ့ မသန်စွမ်းပုဂ္ဂိုလ်များရှိနေခြင်းဟာလည်း လူသားချင်းအတူတူပင်ဖြစ်တယ်ဆိုတဲ့ကိစ္စကို သက်သေထူရာရောက်ပါတယ်။ ဒါကိုကြည့်ရင် ကိုယ်အင်္ဂါတစ်ခုခု ဆုံးရှုံးရသည့်တိုင် စိတ်ဓာတ်ခွန်အားက အရေးကြီးပြီး အဆုံးအဖြတ်ပေးတယ်ဆိုတာကို တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။

မွေးရာပါကြောင့်ဖြစ်စေ၊ အန္တရာယ်တစ်စုံတစ်ရာကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါ တစ်ခုခု ဆုံးရှုံးခဲ့ကြရသူများဟာ စင်စစ်တော့ အသက်ရှင်ရပ်တည်နိုင်သေးခြင်းဆိုတဲ့ ကြီးမြတ်တဲ့ အခွင့်ထူးတစ်ရပ်ကို ပိုင်ဆိုင်နိုင်နေသေးတာကို အားတက်ဖွယ်တွေ့ရမှာဖြစ်ပါတယ်။ အသက်ရှင်နေသမျှကာလပတ်လုံးဟာ လူသားတစ်ဦးအတွက် မျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေနဲ့ ဖန်တီးနိုင်စွမ်းတွေ အများအပြားကို ပိုင်ဆိုင်နိုင်သေးတာဖြစ်တဲ့အတွက် ဒီအရာတွေကို အင်အားအဖြစ်အသုံးချပြီး မိမိတို့တိုင်းပြည်အတွက် အခြားနိုင်ငံသားများနဲ့တန်းတူ မိမိတို့ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မသန်စွမ်းပုဂ္ဂိုလ်များရဲ့ အခွင့်အရေး၊ သူတို့ရဲ့စွမ်းဆောင်ရည်နဲ့ တိုင်းပြည်အတွက် အကျိုးပြုနိုင်စွမ်းကို ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွင်းမှာ ပိုမိုအသိအမှတ်ပြု ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာဖို့ နိုင်ငံတော်အနေနဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနဲ့သာမက လူ့အသိုင်းအဝိုင်းတစ်ခုလုံးအနေနဲ့ပါ ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပိုမိုကောင်းမွန်တဲ့ အနာဂါတ် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးကို ကျွန်တော်တို့အားလုံး အတူတူဝိုင်းဝန်းဆောင်ရွက်ပေးကြပါစို့လို့ဆန္ဒပြုလိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

✻ ရှေ့ဖုံးမှ

ဧရာဝတီ တိုင်းဒေသကြီးအတွင်း အဆိုပါဒေသများသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကြောင့် အမေရိကန်ဒေါ်လာ ၆၂၀၆၄၄ ဒေါ်လာခန့်ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည် လာရောက်မှုမှာ ပုသိမ်မြို့သို့ ၃၆၅၇ဦး၊ ချောင်းသာကမ်းခြေသို့ ၁၀၈၀၀ ၊ ငွေဆောင်ကမ်းခြေသို့ ၃၂၄၂၀ တို့လာရောက်ခဲ့ရာ စုစုပေါင်း ၄၆၈၇၇ ဦးရှိခဲ့ကြောင်း သိရသည်။

လောလောဆယ်တွင် ပုသိမ်၌ ဟိုတယ်နှင့် တည်းခိုခန်း ၁၀ လုံး၊ ငွေဆောင်တွင်အလုံး ၂၀ နှင့် ချောင်းသာတွင် ၂၁ လုံးရှိနေသည်။ ရန်ကုန်မြို့တွင် ဟိုတယ်ပေါင်း ၂၅၁ လုံး၊ဟိုတယ်အခန်းပေါင်း ၁၂၀၀၀ ခန့်ရှိနေပြီး မန္တလေးတွင် ဟိုတယ်ပေါင်း ၁၁၀ ခန့်ရှိနေကာဟိုတယ်အခန်းပေါင်း ၄၆၃၀ ခန့်ရှိနေကြောင်း သိရသည်။

(မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ အေ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အခန်းပေါင်း ၈၀၀ ကျော်ပါဝင်မည့် ဝန်ထမ်းအိမ်ရာများ မန္တလေးတိုင်းဒေသကြီးအတွင်း ကျပ်ကိုးဘီလီယံ အကုန်အကျခံတည်ဆောက်မည်

မန္တလေး ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဆောက်လုပ်အကောင်အထည်ဖော်မည့် စီမံကိန်းတွင် အခန်းပေါင်း ၈၀၀ ကျော်ပါဝင်မည်ဖြစ်ပြီး ခရိုင်အဆင့်ရှိမြို့များတွင် အခန်း ၅၀ စီခန့်နှင့် မြို့နယ်အဆင့်ရှိမြို့များတွင် အခန်းပေါင်း ၂၅ ခန်းစီခန့် ဆောက်လုပ်မည်ဖြစ်သည်။ ယခုဝန်ထမ်းအိမ်ရာစီမံကိန်းအတွက် မန္တလေးတိုင်းဒေသကြီးမှ ခွင့်ပြုရန်ပုံငွေ ကိုးဘီလီယံခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးသော အိမ်ရာများတွင်သက်ဆိုင်ရာမြို့နယ်များ၌ ရပ်ဝေးမှလာရောက် တာဝန်ထမ်းဆောင်ပြီး နေထိုင်ရေးအတွက် အမှန်တကယ်အခက်အခဲရှိသူများကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့်ပူးပေါင်းပြီး စိစစ်ရွေးချယ် နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် သင်တန်းပေး

တောင်ကြီး ဇွန် ၁၁

ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့သည် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် အရေးပေါ်အခြေအနေများတွင် လုပ်ဆောင်ရမည့်အချက်များကို သင်တန်းပေးပြီး အရန်ယာဉ်မောင်း၊ မီးသတ်ဆေးဘူး၊ မှန်ခွဲရန်တူ၊ ခါးပတ်၊ ရောင်ပြန်ပါရှိမှုကို နေ့စဉ်စစ်ဆေးသည့်အပြင် အဝေးပြေးခရီးသည်တင် ယာဉ်မောင်းများကို အမြင်အာရုံစစ်ဆေးခြင်း၊ ယာဉ်မောင်းဖြေဆိုသူ၏ အရက်သေစာသောက်စားမှုစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေ၊ ဖြေဆိုခြင်း၊ လက်တွေ့ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းများပြုလုပ်ပြီး အောင်မြင်မှသာ ပူးပေါင်းအဖွဲ့က ယာဉ်မောင်းနှင်ခွင့်ပြုမည်ဖြစ်သည်။ ဦးဝေလင်းအောင် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး(ကညန) ဦးဇေယျာအေး ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး၊ ပို့/ဆက်၊ ဦးအုန်းမောင် ဦးစီးအရာရှိ ပို့/ဆက်၊ ဦးဇော်ကိုကိုဖေ စစ်ဆေးရေးမှူး (ကညန)နှင့် ဦးခင်မောင်ဝင်း ရှမ်းပြည်နယ် အဝေးပြေး ယာဉ်လိုင်းကြီးများကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် ပူးပေါင်းအဖွဲ့တို့က လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

တောင်ကြီး(ကညန)

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၉-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာကဏ္ဍ စာမျက်နှာ ၁၂ နှင့် ကြေးမုံသတင်း၊ ကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၁၂)ပါ ၂၇-၅-၂၀၁၂ ရက်တွင်ထုတ်ဝေခဲ့သော မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၃)နှင့် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃)တို့တွင် ပါရှိသည့် မြရိပ်ညိုရိုင်ရယ်ဟိုတယ်ဝင်း အတွင်းရှိ GOSSIP BAR (ယခင် STREET BAR) စားသောက်ဆိုင်နှင့်ပတ်သက်၍ ဦးဖြိုးသူ(ခ)ချိုဖြိုး ပါ(၄)ဦးတို့အပေါ် ကြေညာထားချက်များအား ပြန်လည်ဖြေရှင်းအသိပေးကြေညာခြင်းခေါင်းစီးပါ ကြော်ငြာတွင် ဖော်ပြထားသော ၂၇-၅-၂၀၁၂ရက်စွဲအား ၂၇-၅-၂၀၁၄ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဆောင်းပါး

မယွင်းမချွတ် ကျင့်ဝတ်ညီစွာ သတင်းမီဒီယာ

ဝေယံမောင်

စာနယ်ဇင်း၏အခန်းကဏ္ဍ

ဒီမိုကရေစီအစိုးရသစ်ပေါ်ပေါက်လာပြီးနောက် ပြုပြင်ပြောင်းလဲမှုအရပ်ရပ်တွင် မီဒီယာနှင့် ပတ်သက်၍ ဆင်ဆာစနစ်ကို အပြီးပိုင်ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာများထွက်ပေါ်လာခြင်း၊ စာနယ်ဇင်းလောက အကျိုးကိုသယ်ပိုးမည့် စာပေဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းတို့သည်လည်း အပါအဝင်ဖြစ်ပါသည်။

စာနယ်ဇင်းကို စတုတ္ထမဏ္ဍိုင်ဟု တင်စားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင်(၃)ရပ်ကို ထိန်းကျောင်းတည့်မတ်ရန်နှင့် ပဥ္စမမဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်သည့် နိုင်ငံသားတို့အကြား ပေါင်းကူးပေးရန်တာဝန်ရှိသည်ဟု ခံယူကြပါသည်။

အထူးသဖြင့် မီဒီယာတို့၏ အခန်းကဏ္ဍမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူဗဟိုပြုမူဝါဒအကောင်အထည်ဖော်ရာတွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအရပ်ရပ်ကို နိုင်ငံသားများသိရှိစေရေး ဆောင်ရွက်ရာ၌ အထူးအရေးပါအရာရောက်လာပြီဖြစ်ပါသည်။

ပြောင်းလဲလာပြီ ဖြစ်သည့် မီဒီယာအခင်းအကျင်း

ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းရေးတွင် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုတာဝန်သိသောမီဒီယာကို ရည်မှန်းချက်ထား လုပ်ဆောင်လာသည်ကို မြင်တွေ့လာရပါသည်။

ယခင်အစိုးရလက်ထက်ကျင့်သုံးခဲ့သည့် စနစ်ဟောင်းသည် မီဒီယာ ထိန်းချုပ်မှုမြင့်မားသည့် အခြေအနေ၊ အထက်အမိန့်အတိုင်းသာ လုပ်ဆောင်ရသောအနေအထား၊ အစိုးရအပေါ် ဝေဖန်မှုများအတွက် အပြစ်ဒဏ်ခံရသည့်စနစ်၊ လိုင်စင်စနစ်/ဆင်ဆာစနစ်တို့ဖြင့် ထိန်းချုပ်ထားသည့်ပုံစံဖြစ်ပါ၏။

လူမှုတာဝန်သိသော မီဒီယာရည်မှန်းချက်အရ စာနယ်ဇင်းသည် အစိုးရကိုဝေဖန်ထောက်ပြရန် အခွင့်အရေးရှိလာသည်။ အစိုးရသည် အများပြည်သူအကျိုးစီးပွားအလို့ငှာ စာနယ်ဇင်းဆိုင်ရာ စည်းမျဉ်းဥပဒေများရေးဆွဲနိုင်သည်။ ထို့ပြင် **စာနယ်ဇင်းသည် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ရန်** အတွက် အများပြည်သူကို မှန်မှန်ကန်ကန်တင်ပြခြင်းနှင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့်အကျိုးစီးပွားကို မဆိုင်းမတွ တုံ့ပြန်တင်ပြခြင်းတို့အတွက် တာဝန်ရှိလာသည်။ တစ်နည်းအားဖြင့် Self Regulation ခေါ် ကိုယ်တိုင်ပြဋ္ဌာန်းသည့် ကျင့်ဝတ်စည်းမျဉ်းများနှင့်အညီ ကိုယ်တိုင်ထိန်းကျောင်းသွားသည့်အဆင့်ကို ဦးတည်လာပြီဖြစ်ပါသည်။

သတင်းထောက်သာ မရှိခဲ့လျှင်

ဤနေရာတွင် ယနေ့တိုင် သက်ရှိထင်ရှားရှိနေပြီး အသက် ၉၀ အရွယ်ရောက်ရှိနေပြီဖြစ်သည့်မြန်မာ့အလင်း သတင်းထောက်ဟောင်းတစ်ဦးဖြစ်သော အဘဦးစံအောင်၏စကားတစ်ခွန်းကို ကြားယောင်မိပါသည်။ **"ကမ္ဘာပေါ်တွင် သတင်းထောက်သာမရှိခဲ့လျှင် ကမ္ဘာကြီး၏ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို မည်သူမျှမသိနိုင်"** ဟူ၏။ သတင်းမီဒီယာ၏အခန်းကဏ္ဍကြီးမားလှပေစွ။

ထိုသို့အရေးပါအရာရောက်သည့် သတင်းမီဒီယာ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားရေးကိုရှေးရှု၍ စာနယ်ဇင်းသတင်းမီဒီယာသမား အများစုပါဝင်နေသည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

စာနယ်ဇင်းကောင်စီ၏ သတင်းမီဒီယာအဆင့် မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

ယခုအခါ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် အောက်ပါလုပ်ငန်းရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး သတင်းမီဒီယာသမားတို့၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် စာနယ်ဇင်းသင်တန်းကျောင်းဖွင့်လှစ်ရန် အပါအဝင်ဆောင်ရွက်နေပြီဖြစ်ပါသည်-

(က) စာနယ်ဇင်းကောင်စီမှစတင်၍ မူကြမ်းရေးဆွဲသော သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းနိုင်ခဲ့ခြင်း။
(ခ) စာနယ်ဇင်းလောကသားများအတွက် စာနယ်ဇင်းကျင့်ဝတ် (Ethics) ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ခြင်း။
(ဂ) သတင်းမီဒီယာအဖွဲ့အစည်းများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်သတင်းမီဒီယာကျင့်ဝတ်(Code of Conduct) ကို ၂၀၁၄ ခုနှစ် မေလ ၃ ရက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်း။

သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာလုပ်ငန်းကို စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန် ရည်ရွယ်ကြောင်းပါရှိပြီး သတင်းမီဒီယာသမားတို့၏ ရပိုင်ခွင့်များနှင့်သတင်းသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များ စသည်ဖြင့် ဖော်ပြထားပါသည်။

တိကျမှု၊ တိကျမှု၊ တိကျမှု

သတင်းမီဒီယာသမားများ သတင်းရရှိနိုင်သည့်နေရာ သုံးမျိုးရှိသည်ဟု ဆိုပါသည်-

(က) သဘာဝကပ်ဘေးအဖြစ်အပျက်များ
(ခ) အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲများ
(ဂ) သတင်းစာတိုက်ကိုယ်တိုင် စီစဉ်မထားသော အဖြစ်အပျက်များ (ဥပမာ-သင်္ဘောနစ်မြုပ်မှု၊ လေယာဉ်ပျက်မှုစသည်)

နေ့စဉ်နှင့်အမျှ ရရှိနေသောသတင်းများကို အချက်အလက်ပြည့်စုံမှန်ကန်အောင် သတင်းမီဒီယာသမား(ဝါ) သတင်းထောက်များကစစ်ဆေးဖို့လိုကြောင်း၊ စစ်ဆေးပြီးနောက်မှသာ ဖော်ပြရန် သင့်၊မသင့်ကို ထပ်မံစဉ်းစားဆုံးဖြတ်ရကြောင်း၊ သတင်းများပုံနှိပ်သည့်အဆင့်မတိုင်မီအထိ ရရှိသည့် သတင်းသည် တိကျမှု၊ ပြည့်စုံမှု၊ တရားမျှတမှု ရှိ၊ မရှိအပြင် အရေးအသားနှင့် အတင်အပြကောင်းမွန်မှုကို သက်ဆိုင်ရာ အယ်ဒီတာများက ဂရုစိုက်ကြရကြောင်းစသည်ဖြင့် သတင်းတစ်ပုဒ်ထည့်သွင်းနိုင်ရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရကြောင်း ဆိုပါသည်။

ဤနေရာတွင် ကွယ်လွန်သူ အမေရိကန်သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပူလစ်ဇာ (Joseph Pulitzer) ၏ စကားကို ပြန်လည်တင်ပြလိုပါသည်။ ၎င်းက စာနယ်ဇင်းတို့ လိုက်နာသင့်သော စည်းမျဉ်း သုံးခုရှိပြီး ယင်းတို့မှာ "တိကျမှု၊ တိကျမှု၊ တိကျမှု" ဟု ဆိုပါသည်။

အမှားနှင့်မကင်း စာနယ်ဇင်း

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိလာသည့် လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်၊ သတင်းမီဒီယာဥပဒေနှင့်အညီ ရရှိလာမည်ဖြစ်သည့် သတင်းမီဒီယာသမားတို့အခွင့်အရေးတို့နှင့်အတူ မြန်မာပုံနှိပ်မီဒီယာလောက၏ ပုံရိပ်သည် နိုင်ငံတကာက အထူးအသိအမှတ်ပြုရသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပါသည်။

အချိန်နှင့်အမျှ နေရာအနှံ့မှ နည်းလမ်းမျိုးစုံဖြင့် ရရှိနေသော သတင်းများကို နေ့စဉ်နှင့်အမျှ အချိန်နှင့်တစ်ပြေးညီ ဖော်ပြနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရာတွင် သတင်းမီဒီယာသမားသည် ပုထုဇဉ်သာဖြစ်၍ အမှားမကင်းနိုင်ပါ။ တမင်မရည်ရွယ်သောအမှား၊ တမင်ရည်ရွယ်သောအမှား အပါအဝင် ကျင့်ဝတ်ဆိုင်ရာ မေးခွန်းထုတ်စရာရှိလာနိုင်သည့် ကိစ္စရပ်များကိုလည်း ကြုံတွေ့လာရပါသည်။ အထူးသဖြင့် မိမိရေးသားပြုစုလိုက်သော စာ၊ သတင်းတစ်ပုဒ်သည် အချက်အလက် မမှန်မကန်မှားယွင်းမှုကြောင့် သက်ဆိုင်သူတစ်ဦးဦးအပေါ် အထင်အမြင်လွဲမှားသွားစေခြင်း၊ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ထိခိုက်နစ်နာစေခြင်းတို့သည် သတင်းမီဒီယာကျင့်ဝတ်အတိုင်းသာ လိုက်နာဆောင်ရွက်မည်ဆိုပါက ပြဿနာမဖြစ်ပွားနိုင်ဟု ထင်မြင်မိပါသည်။

ဤဆောင်းပါးရေးသားရခြင်း၏ အဓိကရည်ရွယ်ရင်းမှာ သတင်းတစ်ခုကို တိကျ မှန်ကန်မှုရှိရန် Varification မပြုလုပ်ဘဲ ထည့်သွင်းခြင်းနှင့် သတင်းအမှားကို ပြင်ဆင်ချက်ပြုလုပ်ရန် နှောင့်နှေးခြင်းကိစ္စရပ်များအား သတင်းမီဒီယာသမားတို့၏ ကျင့်ဝတ်ရှုထောင့်မှ တင်ပြလိုခြင်းဖြစ်ပါသည်။

ကျင့်ဝတ်ဆိုင်ရာ အခြေခံမူ

ဟီရိုရှီးမားအဏုမြူဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ သတင်းရေးသားခဲ့သော သတင်းထောက်လည်းဖြစ် ဝတ္ထုရေးဆရာလည်းဖြစ်သူ ဂျွန်ဟာဆေး (John Hersey)က "မြင့်မြတ်တဲ့နေရာမှာပေးပြီး လေးစားလိုက်နာရတဲ့ စည်းမျဉ်းတစ်ခုရှိပါတယ်၊ အဲဒါကတော့ **"သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေ မလုပ်ရဘူး**ဆိုတာပါ၊ 'အကြံအဖန်တစ်ခုမှမပါ' လို့ သတင်းထောက်တွေက ရဲရဲတင်းတင်းကြေညာပြောဆိုနိုင်ရပါမယ်"ဟု ဆိုပါသည်။ လွန်စွာမှပင် မှတ်သားဖွယ် အဆိုအမိန့်ဖြစ်ပါ၏။

ကျင့်ဝတ်ဆိုသည်မှာ

မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် စာနယ်ဇင်းကို "သတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်းတို့ကို ခြုံခေါ်ထားသောအမည်" ဟုလည်းကောင်း၊ ကျင့်ဝတ်ကို "လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား"ဟုလည်းကောင်းဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် စာနယ်ဇင်းကျင့်ဝတ်ဆိုသည်မှာ သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့ ဆောင်ရွက်သည့် စာနယ်ဇင်းသမားများ လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရားဟု ဆိုရပါမည်။

ခေတ်အဆက်ဆက်၌ ပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းကျင့်ဝတ်များ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းကျင့်ဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၁၉၆၂ ခုနှစ်တွင် ဗမာ့စာနယ်ဇင်းကောင်စီမှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် (၁၁)ချက်
(ခ) ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် ၁၄ ချက်
(ဂ) ၁၇-၉-၂၀၁၂ ရက်နေ့တွင် အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် (၁၆) ချက်
(ဃ) ၁၃-၁၀-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် (၁၅)ချက်

အဆိုပါ ကျင့်ဝတ်များကို လေ့လာကြည့်မည်ဆိုပါက သတင်းမှန်ဖော်ပြရန်နှင့် ပတ်သက်၍လည်းကောင်း၊ သတင်းမှားယွင်းပါက ပြန်လည်ပြင်ဆင်နိုင်ရန်နှင့်ပတ်သက်၍လည်းကောင်း အတိအလင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ်တွင် သတင်းဖော်ပြမှုများနှင့် ပတ်သက်၍ အောက်ပါအတိုင်းရေးသားထားပါသည်-

(က) သတင်းမီဒီယာတစ်ခုက ဖော်ပြသောသတင်းတိုင်း အချက်အလက် တိကျမှန်ကန်ရန်နှင့်တတ်နိုင်သမျှ ပြည့်စုံရန်စိစစ်ရမည်၊ သို့မဟုတ် လိုရင်းအချက်အလက်များကို တမင်သက်သက်ထိမ်ချန်ခြင်းမပြုရ။
(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာမီဒီယာသည် အမြန်ဆုံးပြန်လည်ပြင်ဆင်ဖော်ပြပေးရမည်။ သတင်းမှန် ဖြေရှင်းချက်ကိုလည်း ၎င်းသတင်းထည့်သွင်းသည့်နေရာနှင့် အနီးစပ်ဆုံး စာမျက်နှာတွင် ထင်ရှားစွာ ဖော်ပြပေးရမည်။

ယင်းအပြင် သတင်းစာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ **(SPJ- Society of Professional Journalists) မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်** ကမ္ဘာတစ်ဝန်းရှိ သတင်းသမားအများစု လက်ခံကျင့်သုံးလျက်ရှိသည့် **စာနယ်ဇင်းကျင့်ဝတ်**တွင်လည်း သတင်းမှန်ရရှိရေးနှင့်ပတ်သက်၍ "ရရှိနိုင်သည့် သတင်းအရင်းအမြစ်များ အားလုံးမှ သတင်းမှန်ကန်မှုကို စစ်ဆေးရမည်ဖြစ်ပြီး အမှုမဲ့အမှတ်မဲ့ အမှားများကို ရှောင်ရှားသင့်သည်။ ရည်ရွယ်ချက်ဖြင့် မိမိလိုရာ ဆွဲရေးခြင်းကို မည်သည့်အခါမျှ ခွင့်မပြု" ဟူ၍လည်းကောင်း၊ သတင်းမှားယွင်းမှုများကို ပြင်ဆင်ရေးတို့နှင့်ပတ်သက်၍ **"သတင်းမှားများ ဖော်ပြမိလျှင် ရိုးသားပွင့်လင်းစွာ ဝန်ခံပြီး သတင်းအမှန်အား ချက်ချင်းပြင်ဆင်ပေးသင့်သည်"** ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) မှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာကျင့်ဝတ်တွင်လည်း မီဒီယာဌာနများ၏ တာဝန်ဝတ္တရားတွင် "ပုံနှိပ်ဖော်ပြသော သို့မဟုတ် ထုတ်လွှင့်သော အချက်အလက်များအားလုံးသည် ကျင့်ဝတ်လမ်းညွှန်နှင့်ကိုက်ညီမှုရှိရမည်" ဟု ဖော်ပြထားပြီး မီဒီယာအစီအစဉ်များဆိုင်ရာ ကျင့်ဝတ်များတွင် "တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု၌ ဆောင်ရွက်ရန်အချက်များ" ၌ သတင်းမှန်ရရှိရေးနှင့် သတင်းမှားယွင်းမှုတို့ကို ပြင်ဆင်ရေးနှင့် ပတ်သက်၍ အထက်ပါအချက်များ ပါဝင်ပါသည်။

သတင်းမီဒီယာသမားတွေ ဘာ့ကြောင့် ကျင့်ဝတ်ကို လိုက်နာကြသလဲ

စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းသမားများမှာ သြဇာထူထောင်ကြသူများသာ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အာဏာပိုင်ပုဂ္ဂိုလ်များ မဟုတ်ကြ။ လုပ်ပိုင်ခွင့်အာဏာ သူတို့တွင်မရှိ။ သို့ဖြစ်၍ လုပ်နိုင်ခွင့် အာဏာနှင့်တည်ဆောက်၍ မရနိုင်ဘဲ စာနယ်ဇင်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာလုပ်ဆောင်ခြင်းဖြင့်သာလျှင် နိုင်ငံသားများ(ဝါ) စာဖတ်သူများ၏ ယုံကြည်လေးစားအားထားမှုတည်းဟူသော သြဇာကို တည်ဆောက်နိုင်မည်ဟု ဆိုပါသည်။

ကျင့်ဝတ်ဆိုသည်မှာ အပြုအမူများကို လမ်းညွှန်တည့်မတ်ပေးသည့် အခြေခံမူများဖြစ်ပြီး ဘာလုပ်သင့်သည်၊ ဘာမလုပ်သင့်ပါ ဆိုသည်ကို ဖော်ပြထားသည့်အတွက် ကျင့်ဝတ်ကို လိုက်နာခြင်းဖြင့် အောက်ပါအကျိုးတရားများ ရရှိစေနိုင်သည်ဟု ဆိုပါသည်-

(က) ကျင့်ဝတ်က မိမိ၏ပရော်ဖက်ရှင်နယ်အဆင့်အတန်းကို ပြဆိုသည်။
(ခ) ကျင့်ဝတ်က မိမိ၏ဂုဏ်သိက္ခာကို ဆက်စပ်သည်။
(ဂ) ကျင့်ဝတ်သည် မိမိ၏အသိတရားရှင်သန်မှုကို ပြဆိုသည်။
(ဃ) ကျင့်ဝတ်သည် မိမိ၏စိတ်သဘောထားခံယူချက်တစ်မျိုးလည်း ဖြစ်သည်။
(င) ကျင့်ဝတ်သည် မိမိ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏အခြေခံ စည်းမျဉ်းဖြစ်သည်။
(စ) ကျင့်ဝတ်သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆက်ဆံရေးကို တိုးမြှင့်နိုင်စွမ်းသည်။
(ဆ) ကျင့်ဝတ်သည် ရောဂါကာကွယ်ဆေးတစ်မျိုးဖြစ်သည်။
(ဇ) ကျင့်ဝတ်သည် လမ်းလွဲချော်မကျစေရန် ထိန်းပေးသည့် အရံအတားဖြစ်သည်။
(ဈ) ကျင့်ဝတ်သည် မိမိ၏တန်ဖိုးဖြစ်သည်။

ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာ

မကြာခင်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားတစ်ဦးသည် ကျင့်ဝတ်နှင့်တာဝန်များလိုက်နာရန်တာဝန်ရှိပြီး ထိုသို့လိုက်နာရန်အချက်များတွင် အောက်ပါအချက်များ ပါဝင်ကြောင်း တွေ့ရှိရပါသည်-

(က) သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း၊
(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံး အချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊
(ဂ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့်ကျင့်ဝတ်နှင့် စည်းကမ်းများကိုလိုက်နာခြင်း။

ဥပဒေဆိုသည်မှာ

ဥပဒေပြဋ္ဌာန်းချက်ဟူသည် ဥပဒေဘောင်အတွင်း နေထိုင်သူအားလုံး သိရှိလိုက်နာကြရမည့်အရာဖြစ်ပါသည်။ ပြစ်မှုတစ်စုံတစ်ရာ ကြုံတွေ့ကြရသည့်အခါမှ ဥပဒေကိုမသိ၍ ကျူးလွန်မိပါသည်ဟု အကြောင်းပြထုချေ၍ မရပါ။ Ignorance of Law is no excuse. ဖြစ်ပါ၏။

သို့ဖြစ်ရာ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းမီဒီယာကျင့်ဝတ်များတွင်လည်းပါဝင်၊ သတင်းမီဒီယာဥပဒေတွင်လည်း ပြဋ္ဌာန်းထားသည့် စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်နှင့်စည်းကမ်းများကို အလေးအနက် လိုက်နာစောင့်ထိန်းရန် လိုအပ်လာပြီဖြစ်ပါသည်။

သြဇာကြီးမားသော သတင်းစာ

လွတ်လပ်သော တိုင်းပြည်များတွင် စာနယ်ဇင်းကဏ္ဍ၌ သတင်းစာသည် အရေးအကြီးဆုံးဟု ဆိုပါသည်။ အချို့နိုင်ငံများတွင် သတင်းစာကိုစတုတ္ထမဏ္ဍိုင်ဟုပင် မှတ်ယူကြ၏။

တိုင်းပြည်နှင့်လူထုအတွက်ရေးသားနေကြသော သတင်းစာများအနေဖြင့် သတင်းမီဒီယာကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်ကြမှသာလျှင် စတုတ္ထမဏ္ဍိုင်တည်းဟူသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံမည်ဖြစ်ပါသည်။

မယွင်းမချွတ် ကျင့်ဝတ်ညီစွာ

မြန်မာ့သတင်းမီဒီယာလောကသည် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် လူမှုတာဝန်သိသော အယူအဆနှင့်အတူ တိုးတက်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပေပြီ။

ဒီမိုကရေစီစနစ်ဖော်ဆောင်မှု၌ စာနယ်ဇင်းတို့၏ အခန်းကဏ္ဍကို စတုတ္ထမဏ္ဍိုင်ဖြစ်စေရန်ဟုပင် သတင်းမီဒီယာဥပဒေ၌ အတိအလင်းပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်။

သတင်းမီဒီယာသမားတို့အနေဖြင့် အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်၏ လေးစားယုံကြည်မှု၊ နိုင်ငံသားတို့၏ အားကိုးယုံကြည်မှု၊ နိုင်ငံတကာသတင်းမီဒီယာလောက၏ အသိအမှတ်ပြုယုံကြည်မှုတို့ကို အစဉ်အမြဲရရှိနိုင်စေရန်နှင့် သတင်းလွတ်လပ်ခွင့်ကို တိုးမြှင့်သည်ထက် တိုးမြှင့်ရရှိစေနိုင်ရန်မှာမူ ယခုအခြေခံမှုပင်စတင်၍ သတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လုပ်ဆောင်ခြင်းသည်သာလျှင် သတင်းမီဒီယာလောကအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အထိရောက်ဆုံး အဓိကနည်းလမ်းဖြစ်ပါကြောင်း တိုက်တွန်းဖော်ပြအပ်ပါသည်။

သတင်းမီဒီယာကျင့်ဝတ်နှင့်အညီရပ်တည်သည့် စတုတ္ထမဏ္ဍိုင်တည်းဟူသော စွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာခရီးကြမ်းကို ပန်းခင်းသောလမ်းအဖြစ် ဖော်ဆောင်နိုင်ကြပါစေသတည်း။ ။

မှီငြမ်း။ (၁) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ထုတ်ပြန်ချက်များ
(၂) ကြည်သာထွန်းရေးသားသည့်"သတင်းစာပညာ"မိတ်ဆက်

လွှတ်တော်ရေးရာကဏ္ဍ

❒ ပြည်သူ့လွှတ်တော်မှ

အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းများ၏ တည်ဆောက်ရေးကာလအပေါ် မူတည်ပြီး ယခုကပင် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မှသာ ၂၀၁၅-၂၀၃၀ ခုနှစ်တွင် တာဝန်ယူဆောင်ရွက်မည့် အစိုးရများအနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

လက်ရှိတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် စက်ရုံများမှာလည်း ယခင် တာဝန်ယူခဲ့ကြသည့် အစိုးရအဆက်ဆက် တည်ဆောက်ခဲ့ကြ၍ ယခုအခါတွင် မိမိတို့ အသုံးပြုနိုင်ခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား မရရှိကြသည့် ပြည်သူသန်း ၄၀ ကျော်အတွက် သက်သာသော ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်လည်းကောင်း၊ ကမ္ဘာနှင့်ယှဉ်၍ ကြွယ်ဝသော သယံဇာတဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး ရေအခြေခံစီးပွားရေး (Water-based Economy) ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စနစ်တကျပြုလုပ်၍ ဓာတ်အားခ ဈေးအသက်သာဆုံးဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နောက်ကျကျန်ရစ်နေသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများဆောင်ရွက်ရန် ဘက်ပေါင်းစုံမှ လေ့လာ၍ မဂ္ဂါဝပ် ၇၀၀၀ ထုတ်ယူနိုင်မည့် မိုင်းတုံစီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀၀ ထုတ်ယူနိုင်မည့် ရွာသစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၄၀၀ ထုတ်ယူနိုင်မည့် ကွမ်းလုံစီမံကိန်း၊ မဂ္ဂါဝပ် ၁၃၆၀ ထုတ်ယူနိုင်မည့် ဟတ်ကြီးစီမံကိန်း

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြေကြားစဉ်။ (သတင်းစဉ်)

နှင့် မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မည့် နောင်ဖစီမံကိန်းတို့ကို သံလွင်မြစ်၏ နှစ်စဉ်စီးဆင်းရေများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ရန် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ ကိုရီးယားနိုင်ငံ ဂျေဂျူမြို့တွင် မြန်မာအလုပ်သမားတစ်ဦး သေဆုံးခြင်းကိစ္စအား မြန်မာနိုင်ငံဘက်မှ ရှေ့နေငှား၍ အမှုဆောင်ရွက်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်**က မြန်မာအလုပ်သမားသံအရာရှိအနေဖြင့် ရဲစခန်းမှ အမှုတွဲအသေးစိတ်ကို တောင်းခံရရှိပြီး ကိုရီးယားသမ္မတနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများအကျိုးကို ဆောင်ရွက်ပေးနေသည့် ဥပဒေအကျိုးဆောင်အဖွဲ့အစည်းများ၊ အလုပ်သမားများ၏အကျိုးကို ဆောင်ရွက်ပေးလျက်ရှိသည့် မြန်မာလူ့အဖွဲ့အစည်းများ၊ ဥပဒေနားလည်သူများနှင့် အမှုတွဲကို အသေးစိတ် အချက်အလက်များကို ဆွေးနွေး၍ အမှုကို ပြန်လည်စစ်ဆေးပေးနိုင်လောက်သည့် အထောက်အထားများရှိခဲ့ပါက အမှုကိုပြန်လည်ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်ရှေ့နေငှားရမ်းထားခြင်း မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက် လမ်းမကြီးများ၊ မြို့နယ်ချင်းဆက်လမ်းမကြီးများအား နိုင်ငံတကာလမ်းများကဲ့သို့ စံချိန်စံညွှန်းပြည့်ဝသောလမ်းများဖြစ်ရေး နိုင်ငံတော်မှ မည်သို့သောအစီအမံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့်နောင်တွင် မည်သည့်အစီအမံများဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ **ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်**က တစ်နိုင်ငံလုံးတွင် လမ်းမိုင်ပေါင်း ၉၃၉၉၇ မိုင်ရှိပြီး ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းမိုင် စုစုပေါင်း ၂၄၉၁၅ မိုင်ရှိသည့်အတွက် လမ်းမိုင်ပေါင်း၏ ၂၆ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ခွင့်ပြုသည့်ရန်ပုံငွေအတွင်း ဒေသအားလုံးအချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်အတွက် နိုင်ငံအတွင်းရှိလမ်းများကို ကျောက်ခင်းသော ကတ္တရာလမ်းအဖြစ် တည်

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောက်နိုင်ပါကြောင်း၊ ကျောက်ခင်းသည့် ကတ္တရာလမ်းသစ် တစ်မိုင်အတွက် ၂၄ ပေအကျယ် တည်ဆောက်ရာတွင် ခန့်မှန်းခြေအားဖြင့် တန်ဖိုးငွေကျပ်သန်း ၆၀၀ ကုန်ကျနိုင်ပါကြောင်း၊ နိုင်ငံတကာလမ်းများတွင် ကတ္တရာကွန်ကရစ်လမ်းကို အသုံးပြုလျက်ရှိပြီး လမ်းတစ်မိုင်လျှင် အမေရိကန်ဒေါ်လာငါးသန်း (မြန်မာငွေကျပ်သန်း ၄၈၀၀) ကုန်ကျပါကြောင်း၊ နိုင်ငံတကာလမ်းများ၏ စံနှုန်းများအရ နိုင်ငံအတွင်းလမ်းများကို နှိုင်းယှဉ်ကြည့်ပါက လမ်းတစ်မိုင်ကို ငွေကြေးအားဖြင့် ရှစ်ပုံတစ်ပုံသာ သုံးစွဲနိုင်ပါကြောင်း၊ ဥပမာ ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်တစ်နှစ်လျှင် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းရန်ပုံငွေကျပ်ဘီလီယံ ၁၀၀ တွင် နိုင်ငံတကာစံချိန်မီလမ်းများအဖြစ် တည်ဆောက်မည်ဆိုပါက နှစ်လမ်းသွား ကတ္တရာကွန်ကရစ် လမ်းခင်းပါက တစ်နှစ်လျှင်မိုင်(၂၀)ခန့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူထားသည့် လမ်းမိုင်ပေါင်း ၂၄၉၁၅ ခန့်ရှိသည့်အနက် ၅၁ ရာခိုင်နှုန်းကို ကတ္တရာလမ်းအဆင့် ရောက်ရှိပြီး ကျန် ၄၉ ရာခိုင်နှုန်းခန့်မှာ မြေလမ်း၊ ကျောက်လမ်းအဆင့်တွင် ရှိသေးသည့်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ လမ်းများအားလုံးကို ကတ္တရာလမ်းအဆင့်ရရှိရန်နှင့် တံတားများအားလုံးကို သံကူကွန်ကရစ်တံတားဖြစ်ရန် ဦးစားပေး (၁)အဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး(၁၅)လမ်းကို နှစ်လမ်းသွားကတ္တရာလမ်းအဆင့်ရောက်ရှိရန် ဦးစားပေး(၂)အဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်း တည်ဆောက်ရာတွင် ယခင်ကာလက သတ်မှတ်ထားသည့် စံချိန်စံညွှန်းလမ်းဒီဇိုင်း ပြည့်မီရန် ဆောင်ရွက်ရာ၌ ခွင့်ပြုရန်ပုံငွေအရ တစ်လမ်းလုံးသင့်တင့်ရုံမျှ ကောင်းမွန်အောင် ဆောင်ရွက်ရသည့်အတွက် တစ်နှစ်၊ နှစ်နှစ်ခန့် အသုံးပြုနိုင်ပါကြောင်း၊ ယခုအခါ လမ်းတစ်မိုင်ခင်းပြီးပါက အပြည့်အဝအသုံးပြုနိုင်ရန်အတွက် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် အရည်အသွေးပြည့်ဝမှု အာမခံချက်ပြုလုပ်ခြင်းတို့ကို စံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရသုံးမှန်းခြေ ရန်ပုံငွေအခြေအနေအရ ဝန်ကြီးဌာနက ထိန်းသိမ်းနေရသည့် လမ်းမိုင် ၂၄၉၁၅ ခန့်ကို အဆင့်မြှင့်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်(၁၄)ခုကို တစ်ပြေးညီ ကတ္တရာလမ်းဖြစ်စေရန်အတွက် ကျောက်ခင်းသောကတ္တရာလမ်းကို ဆောင်ရွက်နိုင်ခြင်းဖြစ်ပြီး နောင်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမြင့်လာ၍ လမ်း၊ တံတားကဏ္ဍတွင် နိုင်ငံတော်၏ ရန်ပုံငွေ ပိုမိုတိုးမြှင့်ခွင့်ပြုပါကလည်းကောင်း နိုင်ငံတကာအထောက်အပံ့၊ အကူအညီ၊ ချေးငွေထပ်မံရရှိပါကလည်းကောင်း နိုင်ငံတကာတွင် တည်ဆောက်သည့် လမ်းနည်းစနစ်များကို ပြောင်းလဲပြီး အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေး၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တင်သွင်းသော **“The Whipping Act (၁၉၀၉) (ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”**နှင့် ပညာရေးမြှင့်တင်မှုကော်မတီကတင်သွင်းခဲ့သည့် **“၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေး ဥပဒေကြမ်း”** တို့ကို ရုပ်သိမ်းရန် လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✳ အမျိုးသားလွှတ်တော်မှ

ခက်ခဲသောဒေသ၊ နယ်မြေအေးချမ်းမှုမရှိသောဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသောဒေသများအတွက် အထူးပညာရေးအစီအစဉ်နှင့် ပညာရေး အထူးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ နည်းပညာ၊ စက်မှုလက်မှုနှင့် အသက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် လက်တွေ့ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးနိုင်မည့် နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာကျောင်းများ ထူထောင်နိုင်ရေး၊ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ ထူထောင်ဖွင့်လှစ်နိုင်မည့် အဆင့်မြင့်ပညာရေးကိုဖော်ဆောင်နိုင်ရေး၊ တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို မြှင့်တင်နိုင်စွမ်းရှိပြီး နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသလိုအပ်ချက်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်လာစေရေးနှင့် အားကစားကဏ္ဍကို အားပေးမြှင့်တင်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး စသည့်အချက်များကိုအခြေခံ၍ ပြင်ဆင်ဖြည့်စွက်ထားကြောင်း ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ သိရသည်။

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ လုပ်ငန်းဌာနအားလုံး၊ လုပ်ငန်းအမျိုးအစားအားလုံးတွင် လုပ်ကိုင်နေကြသော အလုပ်သမားများအားလုံး ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ အကျိုးဝင်ခံစားခွင့်များရရှိလာစေရန်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများအတွက် မီးဖွားခွင့်ရက်ကို အခကြေးငွေဖြင့် ရရှိခံစားနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် **ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုပြီး ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် တရားမ မူလအမှုတန်ဖိုး အကန့်အသတ်မရှိ စီရင်ပိုင်ခွင့်ရှိသည့်အပြင် ပင်လယ်ရေကြောင်းအမှုစီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာသင်္ဘောများ ဝင်ထွက်သွားလာကြသည့် ဆိပ်ကမ်းများရှိသော တိုင်းဒေသကြီး/ပြည်နယ်များ အပါအဝင် ပင်လယ်ရေကြောင်းအမှုလွှဲပြောင်းပေးပါက စစ်ဆေးစီရင်နိုင်ရန် ပင်လယ်ဆိပ်ကမ်းမရှိသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း အပ်နှင်းရန် လိုအပ်သည့်အတွက် ယင်းဥပဒေကို တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း သိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားသည့် **“လာမည့် ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်က မိမိတို့နိုင်ငံသည် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးမည်ဆိုပါက မိမိတို့နိုင်ငံ၏အခြေအနေနှင့် သဟဇာတဖြစ်သည့် ရွေးကောက်ပွဲစနစ်များရွေးချယ်နိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ ရွေးချယ်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု၊ လူ့အဖွဲ့အစည်း၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်သည့်ဘာသာများနှင့် ဆီလျော်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လက်တွေ့ဖော်ဆောင်နိုင်မှု၊ လူနည်းစုတိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေး၊ အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးရသည့် နစ်နာခြင်းများဖြစ်ပေါ်မှု၊ နိုင်ငံသားများ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်များ ထိခိုက်မှု၊ အမျိုးသားနိုင်ငံရေး ဦးဆောင်လုပ်ကိုင်မှုတွင် လူနည်းစု တိုင်းရင်းသားများ ပါဝင်ထမ်းဆောင်နိုင်ခြင်း ပိုမိုဖြစ်ထွန်းမှုနှင့် ရွေးကောက်ခံတစ်ပါတီအာဏာရှင်စနစ် ပေါ်ထွန်းလာနိုင်မှု ရှိ /မရှိ တို့အပေါ် လေ့လာသုံးသပ်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင်က မဲဆန္ဒရှင်များ အများစုဆန္ဒရှိသည့်ပုဂ္ဂိုလ်များ ပါဝင်နိုင်ပါက ဒီမိုကရေစီနည်းလမ်းကျသည့် စနစ်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပါတီများသည့် မဲဆန္ဒနယ်များနှင့် တိုင်းဒေသကြီးများတွင် အချိုးကျကိုယ်စားပြု PR စနစ်ကို ကျင့်သုံးသင့်ပါကြောင်း၊ ယင်းစနစ်ကို ကျင့်သုံးပါက ပါတီများတွင် အရည်အချင်းရှိသည့်ပုဂ္ဂိုလ်ကြီးများ၊ ခေါင်းဆောင်ကြီးများ လွှတ်တော်အတွင်းသို့ ရောက်ရှိလာနိုင်ပါကြောင်း၊ ရွေးကောက်ပွဲများတွင် အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် (၁၂)ဦးနှုန်း ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည့်အတွက် မည်သည့်စနစ်ဖြင့် ရွေးချယ်သည်ဖြစ်စေ ရွေးချယ်တင်မြှောက်နိုင်ပါကြောင်း၊ အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်ရွေးချယ်ရာတွင် အချိုးကျစနစ်ကျင့်သုံးရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်အနေဖြင့် တင်ပြရန်မရှိပါကြောင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အဆိုရှင်က ၎င်း၏ သဘောထားကိုတင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ကိုခံယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယခုကိစ္စသည် စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းခြင်းဖြစ်သည့်အတွက် အလွန်အရေးကြီးပြီး အထူးဂရုစိုက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးချက်များကို ကြည့်ပါက နိုင်သူအကုန်ယူ သို့မဟုတ် အချိုးကျရွေးကောက်ပွဲစနစ်နှစ်ခု၏ ကောင်းကျိုးနှင့်ဆိုးကျိုးများသာ ဝေဖန်သွားသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ပွဲစည်းမျဉ်းများ ရေးဆွဲခြင်းရောက်အောင် အားသာချက်အားလုံးကို မည်သို့ဖော်ဆောင်မည်၊ အားနည်းချက်များကို မည်သို့ထိန်းချုပ်မည်ဆိုသည့်ကိစ္စအား စနစ်တကျချဉ်းကပ်ရန် လိုအပ်သည့်အတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကော်မရှင် ဖွဲ့စည်းခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့၊ Working Group များနှင့် Development Partner များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၁

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့၊ Working Group များနှင့် Development Partner များ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ TVET နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ Task Force ကော်မတီဝင်များ၊ Development Partner အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် Development Partner အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေးမြှင့်တင်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (Education Promotion and Inplementation Committee-EPIC) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Development Partner များနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးမြှင့်တင်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီကို ၂၀၁၃ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပညာရေးမြှင့်တင်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် အမျိုးသားပညာရေးစီမံကိန်းနှင့် TVET လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ TVET Task Force ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက Chair Person အဖြစ်ပါဝင်ပြီး အခြားဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ Policy Law နှင့် Planning များကို သုံးလအတွင်းရည်မှန်း၍ ရေးဆွဲထားရှိပါကြောင်း၊ Policy Law နှင့် Planning များ ရေးဆွဲရာတွင် Development Partner များနှင့် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အသက်မွေးဝမ်းကျောင်းပညာနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှု ရှိပါကြောင်း၊ Vocational Training ကျောင်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်လိုပါကြောင်း၊ နည်းပညာတက္ကသိုလ်များကို Autonomous Universities များအဖြစ် ဖွဲ့စည်းရန်ရှိပါကြောင်း၊ အချို့သောဝန်ကြီးဌာနများအနေဖြင့် Mobile Technical Training Team များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသောကြောင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှုရှိပြီး လိုအပ်သောကူညီဆောင်ရွက်ပေးမှုများ ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် Testing Centre ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ TVET Sector ကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံခြားကူညီထောက်ပံ့မှုမှာ ကြန့်ကြာနိုင်သည့်အတွက် မိမိတို့လုပ်ဆောင်မှုများအတိုင်း ဆောင်ရွက်သွားရန် လိုပါကြောင်း၊ ထို့နောက် နိုင်ငံခြားကူညီထောက်ပံ့မှုများဖြင့် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ပေးသွားရမည်ဖြစ်ပါကြောင်း၊ Vocational Training များ ဆောင်ရွက်ရာတွင်လည်း အများပြည်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများအလိုက် သတင်းစာများတွင် ထပ်မံကြော်ငြာသွားရန် လိုအပ်ပါကြောင်း၊ Drop Out ဖြစ်လာနိုင်သော ကျောင်းသားများအတွက် ကျောင်းဖွင့်ချိန်နှင့် Vocational Training ကို ချိန်ညှိလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ Vocational Training ဆောင်ရွက်ရာတွင်လည်း သင်ကြားမည့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားစေရန် လိုအပ်ပါကြောင်း၊ Training of Trainers များ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

Teaching Aids ကိစ္စကိုလည်း ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ Testing Centre အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ Vocational Training အတွက် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများမှ ဆရာ ဆရာမများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားသို့စေလွှတ်ရာတွင် ဝန်ကြီးဌာနများအား မှာကြားလိုသည်မှာ ကွန်ပျူတာတတ်ကျွမ်းပြီး ပညာသင်ကြားလိုသော ဆရာ ဆရာမများအား စေလွှတ်ပေးစေလိုပါကြောင်း၊ တတ်မြောက်အောင်လည်း မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တွင် Upgrading Plan များ ရှိရန်လည်း လိုအပ်ပါကြောင်း၊ Plan များကို စနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ Task Force ဖွဲ့စည်းမှုတွင် Focal ဖြစ်ပြီး Organizer ဖြစ်သည့်အတွက် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ Skill Standard Authority နှင့် နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးပညာရေးကောင်စီနှစ်ခု၏ လုပ်ဆောင်ချက်မှာ ဟန်ချက်ညီပြီး တိကျစွာ စီမံခန့်ခွဲသွားရန် လိုအပ်ပါကြောင်း၊ TVET Task Force တွင် ပါဝင်ကြသော ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပေါင်းစပ်ညှိနှိုင်းသွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုကော်မတီကိုဖွဲ့စည်းခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးမူဝါဒများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် အမျိုးသားပညာရေးစီမံကိန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက် နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍကို တိုးချဲ့မြှင့်တင်ဆောင်ရွက်ရန်အတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေး မြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ကို နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များဖြင့် ၂၀၁၄ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အနေဖြင့် Focal Ministry အဖြစ် ဆောင်ရွက်၍ အစည်းအဝေးများအား ကျင်းပပေးခဲ့ပါကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်သက်မွေးဝမ်းကျောင်းပညာရေး၏ စွမ်းရည်များအား နားလည်မှုရှိစွာဖြင့် မြန်မာနိုင်ငံရှိ TVET အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ထိရောက်မှုရှိသော ပူးပေါင်းဆောင်ရွက်ရေးအား တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ဥပဒေရေးဆွဲခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ အရည်အသွေး အကဲဖြတ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် TVET Institutions များအတွက် အခြေခံအဆောက်အအုံများ ထောက်ပံ့ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များကို ရှာဖွေသတ်မှတ်ရန်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးမှ မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အကြားပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆက်လက်ဆောင်ရွက်နိုင်စွမ်းရှိမည်ဟုယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော Task Force အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး Working Group ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသောလုပ်ငန်းများ Development Partners များနှင့် ပူးပေါင်းဆောင်ရွက်လိုသော လုပ်ငန်းများကို ဆွေးနွေးတင်ပြချက်များအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသော Development Parthers အဖွဲ့အစည်းမှ ကိုယ်စားလှယ်က အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး Future Generation အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် TVET Law နှင့် Policy များဖြစ်စေရေးအတွက် သေချာစွာ ဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။ (ယာပုံ)

စာနယ်ဇင်း ရှင်းလင်းပွဲတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၊ သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်တို့က မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ၁၉၉၆ ခုနှစ် မတ် ၁ ရက်တွင် သရေစည်သူဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)က နိုင်ငံတော်အကြီးအကဲထံ ပုဂ္ဂိုလ်ရေး ရင်းနှီးမှုဖြင့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးအား နိုင်ငံတော်အစိုးရက ဦးဆောင်တည်ဆောက်ပေးရန် တင်ပြခဲ့ရာ နိုင်ငံတော်အကြီးအကဲကလက်ခံ၍ ကျောင်းတော်ကြီးအား ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ခွင့်ပြုချက်အရ ၁၉၉၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် နာယကအဖွဲ့ ငါးဦး၊ တည်ဆောက်ရေးဦးစီးကော်မတီဝင် ၁၅ ဦး၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊ ပစ္စည်းရှာဖွေရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ကြောင်း။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆရာတော် ဦးပညာဝံသနှင့်အလှူရှင်များက ငွေကျပ် သိန်း ၁၀၀၀ စီ၊ အေးရှားဝေါကုမ္ပဏီက ငွေကျပ်သိန်း ၁၄၀၀၊ အများပြည်သူလှူဒါန်းငွေကျပ်သိန်း ၂၁၀၀ နှင့် စည်ပင်ဘဏ်ချေးငွေ ကျပ်သိန်း ၂၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၈၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း၊ ယင်းနောက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကိုကျင်းပပြီး မဟာသန္တိသုခ ကျောင်းတော်ကြီးကို **“သံဃိက”** သံဃာအား ရည်မှန်း၍ ဗုဒ္ဓသာသနာတော်အား လှူဒါန်းခဲ့ကြောင်း။

၂၀၀၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဩဝါဒါစရိယဆရာတော်ကြီးအပါး ၂၀၊ နာယကအဖွဲ့ခြောက်ဦး၊ ဂေါပကအလုပ်အမှုဆောင်အဖွဲ့ ၂၂ ဦး၊ ပညာရေးနှင့် သင်ကြားပို့ချရေးကော်မတီရှစ်ဦးတို့အား ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လွှဲပြောင်းလှူဒါန်းပြီးနောက်ပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်များအား ရွေးချယ်ခန့်အပ်ခဲ့ကြောင်း၊ ပီနန်ဆရာတော်ကြီးသည် ဆယ်စုနှစ်တစ်ခုခန့် ပြည်ပသို့ ကြွရောက်သီတင်းသုံးရာမှ မဟာသန္တိသုခကျောင်းတော်ကြီးသို့ တည်းခိုသီတင်းသုံးမည့်ကိစ္စနှင့်ပတ်သက်၍ သင်တန်းမှူးဆရာတော်မှတစ်ဆင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အာဂန္တု(ဧည့်သည်)အဖြစ် တစ်ပါးတည်း နေထိုင်ခွင့်ပြုရန် ၂-၁-၂၀၁၃ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း။

ပီနန်ဆရာတော်ကြီးအား တစ်ပါးတည်းသာ သီတင်းသုံးနေထိုင်ခွင့် ပြုခဲ့သော်လည်း ဆရာတော်ကြီးက နောက်လိုက်သံဃာများ၊ လူပုဂ္ဂိုလ်များအား ကျောင်းတော်ကြီးပေါ်အင်အားသုံး နေထိုင်စေခဲ့ကြောင်း၊ ထိုအခြေအနေများကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ပီနန်ဆရာတော်အပေါ် အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်များစွာ ချမှတ်ခဲ့ရပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးက ပီနန်ဆရာတော်နှင့်အဖွဲ့အား ၂၀၁၄ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ ကျောင်းတော်ကြီးမှ အပြီးအပိုင် ထွက်ခွာသွားရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာထုတစ်ရပ်လုံး ကိုယ်စား အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်လာသဖြင့် ထိုသို့လိုအပ်ချက်နှင့်အညီ တိုင်းသံဃနာယကအဖွဲ့နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဦးပညာဝံသနှင့်အဖွဲ့အား အပြီးအပိုင်ဖယ်ရှားရေး အမြန်ဆောင်ရွက်ရန် ဇွန် ၄ ရက်တွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် လည်းကောင်း ညွှန်ကြားချက်များထုတ်ပြန်၍ ဇွန် ၁၁ ရက် နံနက် ၁ နာရီခန့်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ခွင့်ပြုချက်မရရှိဘဲ သီတင်းသုံးနေထိုင်သော သံဃာများအား ဖယ်ရှားရှင်းလင်း၍ ချုပ်ပိတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တက်ရောက်လာကြသောစာနယ်ဇင်းများ၏ မေးမြန်းချက်များကို နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှား အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင် လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ်ဒဲလ် ရိုဆာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ဂျပန်နှင့်တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်တို့တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ဂျပန်နိုင်ငံ Ministry of Interal Affairs and Communications မှ ညွှန်ကြားရေးမှူးချုပ် Mr. Soichiro SEKI တို့သည် ယနေ့နံနက် ၈ နာရီတွင်လည်းကောင်း (ဓာတ်ပုံ)၊ တရုတ်နိုင်ငံ State Council Information Office မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Xu Ying နှင့် နံနက် ၈ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးဝင်းနိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၂

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းနိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာမမ်နွန်ဟူစိန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဦးစိုးတင့် ရေဝဏ်နှင့်ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇွန် ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရေဝဏ်နှင့် ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးရေး မဟာဗျူဟာစီမံချက်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှု ကွပ်ကဲရေးဗဟိုဌာနဖွင့်လှစ်၍လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများသို့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် အထူးရောဂါ နှိမ်နင်းရေးအဖွဲ့များ စေလွှတ်၍လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် အထူးရောဂါနှိမ်နင်းရေးအဖွဲ့များသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့်ရသေ့တောင်မြို့နယ်တို့တွင် ၂၀၁၄ ခုနှစ် မေလအတွင်းကိုယ်ဝန်ဆောင် ၁၉၆၀ ကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် လူနာစုစုပေါင်း ၂၆၂၃၁ ဦးကို ဆေးကုသမှုပေးနိုင်ခဲ့ပြီး အရေးပေါ်လူနာ ၃၈ ဦးကို စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ဆေးကုသရေးအဖွဲ့များသည် စစ်တွေမြို့နယ်အတွင်းရှိ ကြားညှပ် ရခိုင်ကျေးရွာများဖြစ်သည့် သဲချောင်း(ရခိုင်)၊ သာယာကုန်း၊ ဇော်ပူဂျာ၊ ပလ္လင်ပြင်၊ ဒေါင်းပြောက်ကော၊ အောင်တိုင်ကျေးရွာများသို့လည်းကောင်း၊ သွားလာရန်ခက်ခဲသော ရခိုင်ကျေးရွာများဖြစ်သည့် အုန်းရေဖော်၊ ငတောက်တက်၊ တောကန်၊ သုံးဆောင်၊ ဇော်မတက်၊ ကန်ပြင်၊ ချီလည်ပင်း၊ ညိုရောင်ချောင်း၊ မြစ်နားကျေးရွာများသို့လည်းကောင်း သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များသည် ကယ်ဆယ်ရေးစခန်းများနှင့်ကျေးရွာများတွင် နေ့စဉ်ကူးစက်ရောဂါနှင့် ထူးခြားဖြစ်စဉ်များ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ယနေ့အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိဟု သိရသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေး အအေးလမ်းကြောင်းစနစ်တိုးတက်ကောင်းမွန်ရေး ကိစ္စများ၊ နေရောင်ခြည်သုံးရေခဲသေတ္တာ ၂၆ လုံး တပ်ဆင်မည့်လုပ်ငန်းများ၊ ရခိုင်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့်ကိစ္စများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ(Emergency Coordination Centre) တို့နှင့် ညှိနှိုင်း၍ ကုလသမဂ္ဂအဖွဲ့များ၊ ပြည်တွင်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ကိုမိုး၏

ပြည်သူ့ဗဟိုပြုသည့် မီဒီယာများဖြစ်ပေါ်လာစေရေးအတွက် အာရှမီဒီယာသမားအချို့အကြံပြုပြောကြား

သတင်း - ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး

ကူမင်း ဇွန် ၁၁

ပြည်သူများအတွက် သတင်းအချက်အလက်များကို ကိုယ်ကျိုးမဖက်ဆောင်ရွက်သည့် ပြည်သူဗဟိုပြု မီဒီယာများရှင်သန်လာမှသာ ပြည်တွင်း တိုင်းရင်းသားလူမျိုးများ ဗဟုသုတနှင့်အတွေးအခေါ်များ ပိုမိုမြင့်မားလာနိုင်ကြောင်း စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှနှင့်တောင်အာရှနိုင်ငံပေါင်း ၁၀ နိုင်ငံရှိ ရုပ်သံ၊ ပုံနှိပ်မီဒီယာများ ယူနန်ပြည်နယ်သို့ လေ့လာရေးခရီးစဉ်အတွင်း ပြည်ပမီဒီယာသမားအချို့က အကြံပြုပြောကြားသည်။

ယူနန်ပြည်နယ်ပါတီ ပြန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ထျိန်ဟိုချင်။

PTV သတင်းရုပ်သံလိုင်းမှ သတင်းထောက် မစ္စတာ Iraj Haider Rizvi ။

"ပြည်သူတွေကို အကျိုးပြုစေတဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ သမာသမတ်ကျကျဖော်ပြပေးနိုင်မှသာအကျိုးရှိမှာပါ။ ဖြစ်နိုင်မယ်ဆိုရင် မီဒီယာတွေအားလုံးက ကိုယ်ကျိုးမဖက်ဘဲ ပြည်သူနဲ့စာဖတ်သူကို ဗဟိုပြုနိုင်ဖို့များစွာလိုအပ်ပါတယ်"ဟု အဆိုပါခရီးစဉ်အတွင်း နီပေါနိုင်ငံ United National Daily သတင်းစာ၏ စာတည်းမှူးချုပ်၊ နီပေါစာနယ်ဇင်းအဖွဲ့အစည်း၏အကြီးအကဲမစ္စတာ Raj Gurung ကပြောကြားသည်။

နိုင်ငံတကာရှိ မီဒီယာများအတွင်း အစိုးရနှင့်ပြည်သူအကြား ဘက်မလိုက် မျှတစွာရေးသားဖော်ပြနိုင်မည့်မီဒီယာ များစွာလိုအပ်လျက်ရှိပြီး အာရှနိုင်ငံများအတွင်း ဒေသဖွံ့ဖြိုးရေး အနေအထားများအရ ပုံနှိပ်မီဒီယာနှင့်ရုပ်သံမီဒီယာများ အားကောင်းလျက်ရှိနေသည့်အပြင် အင်တာနက်အသုံးပြုရသည့် အွန်လိုင်း မီဒီယာစနစ်ကိုလည်း ကျင့်သုံးလျက်ရှိသည်။ မည်သည့်မီဒီယာပင်ဖြစ်စေ သတင်းစာတိုက်ရှင်သန်ရေးအတွက် ခိုင်မာသည့်ကြော်ငြာမူဝါဒများနှင့် စာဖတ်ပရိသတ်လူတန်းစား သတ်မှတ်မှုကိုထည့်သွင်း စဉ်းစားရသော်လည်း ပြည်တွင်းရှိ နယ်ပယ်စုံမှ လူတန်းစားမရွေး ကိုယ်စားပြုသည့် သတင်းစာကောင်းများ ဖြစ်ပေါ်လာရေးအတွက်လည်း အရှေ့တောင်အာရှနှင့် တောင်အာရှမီဒီယာသမားများ ထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းက ထောက်ပြသည်။

အာရှနိုင်ငံများ၏ မီဒီယာများအချင်းချင်း ပူးပေါင်းအမြင်ချင်းဖလှယ်စေခြင်းနှင့် ယူနန်ပြည်နယ်လေ့လာရေးခရီးစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့မှ စတင်ခဲ့ရာ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံပေါင်း ၁၀ နိုင်ငံမှ မီဒီယာသမား ၈၇ ဦးခန့် တက်ရောက်ခဲ့ကြပြီး သတင်းအချက်အလက် ထုတ်ပြန်ခြင်းဆိုင်ရာ အသိအမြင်များနှင့် ခရီးစဉ်အတွင်း ပိုမိုရင်းနှီးချစ်ခင်မှုများရရှိလာစေခဲ့သည်။

"ပိုမိုပွင့်လင်းလာတဲ့ သတင်းအချက်အလက် ခေတ်ကြီးထဲမှာ မျှတမှု၊ မှန်ကန်မှု၊ ပြည်သူလက်ဝယ်ရောက်ရှိမှုတွေက အခြေခံအချက်အလက်တွေဖြစ်ပါတယ်။ ယခုလိုမီဒီယာသမားတွေ စုံစုံညီညီတွေ့ဆုံရပြီးအသိအမြင်တွေ ဖလှယ်ကြရတဲ့အတွက် သိပ်ကိုဝမ်းသာပါတယ်။ အခုထက်ပိုပြီး အာရှမီဒီယာတွေအနေနဲ့ ပြည်သူကိုကိုယ်စားပြုတဲ့မီဒီယာတွေဖြစ်လာဖို့ မျှော်လင့်ပါတယ်" ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီ ပြန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ထျိန်ဟိုချင်ကလည်း ပြောကြားသည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံရှိ PTV သတင်းရုပ်သံလိုင်းမှ သတင်းထောက် မစ္စတာ Iraj Haider Rizvi ကလည်း "ကျွန်တော်တို့ရဲ့ ဖော်ပြချက်တွေအားလုံးက ကျွန်တော်တို့ ပြည်သူတွေအတွက် သတင်းအချက်အလက်အမှန်တွေ ဖြစ်လာဖို့ကို ဆန္ဒရှိပါတယ်။ အစိုးရ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုရဲ့ လွှမ်းမိုးစေခိုင်းမှုတွေကြောင့် မဟုတ်ဘဲ ပြည်သူကို ဗဟိုပြုတဲ့မီဒီယာတွေ ဖြစ်လာစေဖို့လိုအပ်ပါတယ်။ အခုနောက်ပိုင်းမှာ ပါကစ္စတန်မီဒီယာတွေအနေနဲ့လည်း ပြည်သူတွေရဲ့ ခံစားချက်၊ ပြည်သူတွေရဲ့ဆန္ဒနဲ့ ပြည်သူ့အကြောင်းတွေကို ထင်ဟပ်လာဖို့ အများကြီးကြိုးစားနေပါတယ်" ဟု သူ့အမြင်ကို ပြောပြသည်။

အဆိုပါ မီဒီယာများ စတုတ္ထအကြိမ်တွေ့ဆုံပွဲသို့ နီပေါ၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဘူတန်၊ လာအိုနှင့်တရုတ်နိုင်ငံမှ မီဒီယာသမားများကို ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ယူနန်ခရီးစဉ်အဖြစ် ထင်ရှားသည့်နေရာများသို့ လေ့လာရေးဖိတ်ကြားခဲ့သည်။

"အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်ပေါ်နေပါတယ်။ အစိုးရရဲ့အမြင်၊ ပြည်သူရဲ့သဘောထားကို အချိန်နဲ့ တစ်ပြေးညီ ထင်ဟပ်ဖော်ပြပေးနေဖို့က ကျွန်တော်တို့ တာဝန်ဖြစ်ပါတယ်။ မီဒီယာတွေအကြားမှာလည်း မျှတမှုရှိပြီး ပြည်သူကိုကိုယ်စားပြုခြင်းရှိတဲ့ မီဒီယာကိုသာ စာဖတ်သူပြည်သူက ပိုပြီး ယုံကြည်မှုရှိတဲ့အတွက် ကျွန်တော်ကတော့ မီဒီယာတွေအားလုံး ပြည်သူကိုဗဟိုပြုတဲ့မီဒီယာတွေအဖြစ် ထိုင်းနိုင်ငံမှာရော ခင်ဗျားတို့ မြန်မာနိုင်ငံမှာပါ ဖြစ်ပေါ်လာစေဖို့ မျှော်လင့်ပါတယ်" ဟု ထိုင်းနိုင်ငံအခြေစိုက် The Nation in Weekend သတင်းစာမှ သတင်းထောက် Tanachai Sangjan က ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

MFF Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုများမဲခွဲ

သတင်း-ညီမြတ်သော်တာ

MFF Ooredoo Cup 2014 ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုများ မဲခွဲပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် စီမံဒါရိုက်တာ ဦးစိုးမိုးကျော်တို့က အမှာစကားပြောကြားပြီး ဖူဆယ်ကော်မတီတာဝန်ခံ ဦးကြည်မင်းသိန်းက လက်ရွေးစင်ရွေးချယ်ရေးနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ MFF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် စီမံဒါရိုက်တာ ဦးစိုးမိုးကျော်တို့က အုပ်စုများကို မဲနှိုက်ရေးဆွဲပေးသည်။

အုပ်စုခွဲဝေထားမှုအရအုပ်စု(က)တွင် UPT၊ ရွှေပေါက်ကံ၊ New Lion၊ Joker၊ အုပ်စု(ခ)တွင် MIC၊ SUMI၊ Infinity၊ ဇွဲကပင်၊ အုပ်စု(ဂ)တွင် VUC၊ မျိုးချစ်လူငယ်၊ YZN၊ တောင်ဒဂုံ၊ အုပ်စု(ဃ)တွင် နေပြည်တော်၊ လင်းစဒေါင်း၊ မြို့မနှင့် All Star အသင်းတို့ ပါဝင်ကြသည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇွန် ၁၂ ရက်မှ ဇွန် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကွာတားပွဲစဉ်များကို ဇွန် ၁၉ ရက်၊ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဇွန် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ကုန်တင်မော်တော်ယာဉ် ကုန်းအဆင်းဖရိန်ကျိုး

ဇွန် ၁၁ ရက် ညနေ ၄ နာရီခွဲခန့်က ကြည့်မြင်တိုင် ကုန်တင်ယာဉ်များမောင်းနှင်သည့် ကွန်ကရစ်လမ်းမှ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ချက်ပလက် ကွန်တိန်နာတင်ယာဉ် ၁က/---သည် ပန်းလှိုင်လမ်းထိပ်အရောက်၌ ကမ်းနားလမ်း ခင်းလက်စ ကွန်ကရစ်လမ်းသစ်ပေါ်မှ ကတ္တရာလမ်းဟောင်းပေါ်သို့ ယာယီဖြတ်လမ်းမှဆင်းလာစဉ် ရှေ့သံဖရိန်ကျိုးပြီး ကားရှေ့ခေါင်းခန်းတစ်ခုလုံး လမ်းပေါ်သို့ပျက်ကျခဲ့သည်။ **(အပေါ်ပုံ)**

"ကုန်ဝိတ်လည်းပါတယ်၊ ကားကလဲကားဟောင်း ချက်ပလက် ယာယီဖြတ်ကူးလမ်းကလည်းမြင့်၊ မိုးရေနဲ့ဆိုတော့ စလစ်ဖြစ်တာကြောင့် ဖြစ်သွားတာ၊ ယာဉ်မောင်းကိုတော့ ကားခေါင်းထဲက ကယ်ထုတ်ပြီး လူနာတင်ကားနဲ့ ဆေးရုံကြီးကို ပို့လိုက်ပြီ" ဟု ထီးတန်းစက်မြေမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက ပြောသည်။

အခင်း ဖြစ်ပွားနေချိန်အတွင်း အခြားသောယာဉ်များ သွားလာမှုအဆင်ပြေစေရန်အတွက် မြို့တော်စည်ပင်မှ လမ်းခင်းလုပ်သားများက မြင့်နေသောကုန်းကို ဖြေလျှော့ပေးခဲ့ကြသည်။ **ဘော်ဂါသွေး**

ဗန္ဓုလတံတားအတက်တွင် ကွန်တိန်နာယာဉ်တိမ်းမှောက်

ရန်ကုန် ဇွန် ၁၁

ဒေါပုံမြို့နယ်အတွင်း ဗန္ဓုလတံတားအတက်တွင် ယနေ့နံနက်အစောပိုင်းက ကွန်တိန်နာယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီက ဒေါပုံမြို့နယ် ယမုံနာလမ်းအတိုင်း အရှေ့မှ အနောက်သို့ စမ်းချောင်းမြို့နယ်နေ ယာဉ်မောင်း အောင်ဘာလေ(၂၁နှစ်) မောင်းနှင်လာသော ၇က/--- နီဆန်း ကွန်တိန်နာအနီရောင် အငှားယာဉ်သည် ဗန္ဓုလတံတားအတက် မီးပွိုင့်အရောက်၌ ဝဲဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဘက်သို့ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ဖြစ်သူတို့တွင် ဒဏ်ရာရရှိခဲ့သဖြင့် သင်္ဃန်းကျွန်းစံပြဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသခဲ့ရသောကြောင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအောင်ဘာလေကို ဒေါပုံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

■ *ကျောဖုံးမှ*

အထိ အကုန်ကျခံလှူဒါန်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အသစ်ထပ်မံတည်ဆောက်လှူဒါန်းပေးမည့် ငါးထပ်ဆောင်ဆေးရုံသစ်ကြီးတွင် ခုတင် ၃၀၀ ဆံ့ဖြစ်ပြီး အနံပေ ၇၀ နှင့် အလျားပေ ၁၈၀ ရှိမည်ဖြစ်သည်။ ယင်းဆေးရုံသစ်ကြီးတွင် ပြင်ပလူနာဌာန၊ အသည်းနှင့် ရင်ခေါင်းပိုင်းဆိုင်ရာဌာန၊ နှလုံးရောဂါကုဌာန၊ နှလုံးခွဲစိတ်ဌာနနှင့် သွေးရောဂါနှင့် ရိုးတွင်းချဉ်ဆီအစားထိုးဌာနစသည်ဖြင့် ဌာနကြီးငါးခုပါဝင်မည်ဖြစ်ပြီး ဆေးရုံသုံး ဓာတ်လှေကား နှစ်စင်းနှင့် လူစီးဓာတ်လှေကား တစ်စင်းတို့ ပါဝင်မည်ဖြစ်သည်။

"ကျွန်တော်တို့ တော်ဝင်မိသားစုအနေနဲ့ ဒီမြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံဝင်းကြီးအတွင်းမှာ သီတာဆောင်နဲ့ ဝန်ထမ်းအိမ်ရာကြားမှာရှိတဲ့ အနံပေ ၁၂၀ နဲ့ အလျားပေ ၂၅၀ လောက်ရှိတဲ့ ကွက်လပ်ကြီးမှာ ခုတင် ၃၀၀ ဆံ့တဲ့ ငါးထပ်ဆောင်ဆေးရုံသစ်ကြီး ဆောက်လုပ်လှူဒါန်းသွားမှာပါ။ လှူဒါန်းဖို့လည်း ကျန်းမာရေးဝန်ကြီးကို ပြောပြီးသွားပါပြီ။ လက်ခံပါတယ်။ ဒါပေမယ့် ရုံးပိုင်းဆိုင်ရာအချက်အလက်တွေ တင်နေရလို့ အခုထိအကောင်အထည် စမဖော်ဖြစ်သေးတာပါ။ သူတို့ဘက်ကပြီးတာနဲ့ ကျွန်တော်တို့ဘက်က စတင်ဆောက်ဖို့ အဆင်သင့်ပဲ။ ဘာကြောင့်လဲဆိုတော့ ဆေးရုံပုံစံဒီဇိုင်းဆွဲတာကအစ အခန်းဖွဲ့စည်းပုံတွေအားလုံး ကျွန်တော်တို့ဘက်ကပြီးပါပြီ။ စဆောက်ဖို့ ကမ်းလှမ်းတာနဲ့ ကျွန်တော်တို့ဘက်က စတင် အကောင်အထည်ဖော်မှာပါ။ ပြည်သူတွေရဲ့ ကျန်းမာရေးကို ရှေးရှုပြီး လှူဒါန်းပေးတာဖြစ်ပါတယ်"ဟု ဆောက်လုပ်လှူဒါန်းပေးမည့် တော်ဝင်ကုမ္ပဏီမှ အလှူရှင် ဦးကိုကိုထွေးက ပြောကြားသည်။

မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသည် ၁၉၇၀ ပြည့်နှစ်က ခုတင် ၂၀၀ ဆံ့အဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် သင်ကြားရေးဆေးရုံအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် ခုတင် ၃၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စတင်ပြီး ခုတင် ၈၀၀ ဆံ့အဖြစ် ယခုအချိန်ထိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုတစ်ဆင့်ချင်း အဆင့်မြှင့် တိုးချဲ့ကုသပေးလျက်ရှိသည်။ အဆိုပါ ဆေးရုံကြီးတွင် လက်ရှိဌာနပေါင်း ၂၉ ခုရှိပြီး ဝန်ထမ်းပေါင်း ၇၀၂ ဦးဖြင့် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုကို နေ့စဉ်ရက်ဆက် စောင့်ရှောက် ကုသပေးလျက်ရှိသည်။

"ဒီမြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးကို အခုလို စေတနာရှင်ပြည်သူတွေအနေနဲ့ လှူဒါန်းဆောက်လုပ်ပေးတာကို ကျွန်တော့်အနေနဲ့တော့ ကြိုဆိုတယ်။ ဝမ်းလည်းဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဆေးရုံကြီးက လူနာတွေ အလွန်ကျပ်တယ်။ အခု တော်ဝင်မိသားစုလှူဒါန်းတည်ဆောက်ပေးမယ့် ငါးထပ်ဆေးရုံကြီးက ခေတ်မီတဲ့ ပိုးသတ်ခန်းတွေလည်းပါမယ်။ ဓာတ်ရောင်ခြည်ကုသခန်း၊ အထူးကြပ်မတ်ဆောင်၊ အရေးပေါ်လူနာသုံး ဆေးပစ္စည်းသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းစတဲ့ ခေတ်မီတဲ့ ပုဂ္ဂလိကဆေးရုံလိုမျိုး ဆောက်လုပ်ပြီး လိုအပ်တဲ့ခုတင်ကအစ ဆေးပစ္စည်းတွေလည်းပါမယ်ဆိုတော့ ကျန်းမာရေးဝန်ကြီးဌာနရော ပြည်သူတွေအတွက်ပါ ဝမ်းသာစရာပဲ။ အလှူရှင်အနေနဲ့တော့ အဆင်သင့်ဖြစ်နေပြီလို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီကတော့ အထက်ဝန်ကြီးဌာနကို တင်ထားတုန်းပဲ" ဟု အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်တစ်ဦးက ပြောကြားသည်။

မြောက်ဥက္ကလာပအထွေအထွေရောဂါကုဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူသည့်ပြည်သူအများစုမှာ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အနီးဝန်းကျင်ရှိ မြို့နယ်များအပြင် အချို့နယ်ဒေသများမှလည်း လာရောက်ကုသလျက်ရှိပြီး တစ်နေ့ ကုသခံယူသည့်လူနာ ၆၀၀ ကျော် ၇၀၀ ဝန်းကျင်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

✲ *ကျောဖုံးမှ*

ပြောတယ်။ တစ်ယောက်ကတော့ လေထီးစီးပြီးဆင်းတဲ့အချိန်မှာ ဒူးထောက်ကျလို့ဒူးနာသွားတယ်။ ကျန်တစ်ယောက်က နောက်ကျောနဲ့ကျတာဆိုတော့ခါးနာသွားတယ် ပြောတယ်။ အဲဒီနှစ်ယောက်စလုံးကို ကျွန်တော်တို့ ဒေသခံတွေကပဲ ဝိုင်းဝန်းပြုစုပေးခဲ့ရပါသေးတယ်။ နှစ်ယောက်စလုံး အသက်အန္တရာယ် မစိုးရိမ်ရပါဘူး" ဟု မျက်မြင်တစ်ယောက်က ပြောကြားသည်။

ဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတပ်နယ်မှ တပ်မတော်သားများ၊ ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ပေးခဲ့ပြီး အခြားလူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည်

သုဝဏ္ဏ၊ VIP၊ တောင်ထိပ်ပန်းလမ်းမပေါ်၊ မြေအကျယ်ပေ(၉၀×၈၀)၊ နှစ်ထပ်RC၊ အိပ်ခန်းလေးခန်း၊ ဖုန်းပါ၊ ရေ၊ မီးအစုံ၊ ရုံးခန်းဖွင့်လိုသူများ၊ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်လိုသူများအတွက် အထူးသင့်လျော်သည်။

ငွေကျပ် ၁၅ သိန်း

ဖုန်း-၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကောင်းမြတ်လင်း၏ပတ်စ်ပို့နံပါတ် M-883481 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။) **ဖုန်း-၀၉-၅၁၃၂၃၉၂**

ကျေးဇူးဆပ်ပါမည်

ဒေါ်ခင်စန်းတင့်၁၄/ပသန(ဧည့်)၀၀၀၇၁၃၏ ပတ်စ်ပို့နံပါတ် M-884355 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်။)** **ဖုန်း-၀၉-၅၁၃၂၃၉၂**

အများသိစေရန် အသိပေးကြေညာခြင်း

LL.B, LL.M

L.L.B, LL.M, D.B.L, WIPO (Switzerland)

LL.B, WIPO (Switzerland)

LL.B, WIPO (Switzerland)

LL.B, D.B.L

LL.B, WIPO (Switzerland)

LL.B, WIPO (Switzerland)

DEMO LAW FIRM

Ph : 09421188857, 09421158989

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်း(မြောက်)၊ ကွင်းအမှတ် ၅၂၁၊ ဦးပိုင်အမှတ် က/၄၃/၄၊ ဧရိယာ ၀ဒသမ၀၂၅ ဧကရှိ ၃(ခ) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာအုပ်စု၊ သနွေပင်ကျေးရွာ၊ ပြည်လမ်း၊ အမှတ် ၅၂၁/အေ ဟု ခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဝင်းမေ ၉/ပမန(နိုင်)၀၁၈၉၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပါသဖြင့် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်နိုင် LL.B, Dip. in French **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၈၃)**

Herzfeld Rubin Meyer & Rose Law Firm Ltd.

၉၉/ခ၊ အလွှာ ၆-D၊ လမိုင်းကွန်ဒို၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၄၁၀၄၆၇

ပရိယတ္တိသဒ္ဓမ္မပါလအသင်း(မြင်းခြံမြို့)

၁၀-၆-၂၀၁၄ ရက် အသင်းအစည်းအဝေးဆုံးဖြတ်ချက်အရ (၆၃)ကြိမ်မြောက် စာပြန်ပွဲ မေးခန်းစာမေးပွဲတွင် သီးခြားစာချတန်းနှင့် သီးခြားစာသင်တန်းနှစ်တန်းသာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပရိယတ္တိသဒ္ဓမ္မပါလအသင်း
အလုပ်အမှုဆောင်အဖွဲ့
မြင်းခြံမြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းခိုင် ၁၄/ဝခမ(နိုင်)၂၁၆၃၅၈၏ ပတ်စ်ပို့ (No) A 118303 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၃၉၂၈၃**

စုစုအေးအောင် လေးဖက်နာ ပျောက်ဆေး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မင်းအောင် ၁၂/တမန(နိုင်)၁၀၀၉၄၂၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မုံရွာမြို့တွင် အဝေးပြေးမော်တော်ယာဉ်ကားများအား ခရီးသွားလာရာတွင် အန္တရာယ်မဖြစ်စေရန် ယာဉ်ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

မုံရွာ ဇွန် ၁၁

ခရီးသွားပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေးအတွက် မုံရွာမြို့မှ နေ့စဉ်ပြေးဆွဲလျက်ရှိသော နေပြည်တော်-ရန်ကုန်-တောင်ကြီး-မကွေး-ကလေး-တမူးမြို့ ခရီးစဉ်များ၏ ခရီးစဉ်ပို့ဆောင်ရေး မော်တော်ယာဉ်များကို ဇွန်၁၁ ရက် ညနေ ၅ နာရီက မုံရွာမြို့ ကားလေးကွင်းခရီးသည်တင် ယာဉ်ရပ်နားစခန်း၌ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး ဦးဆောင်၍ စစ်ဆေးဆောင်ရွက်မှုအဖွဲ့သည် သက်တမ်းရှိ သက်သေခံလက်မှတ်ပါရှိရေး၊ မီးကြိုး၊ အချက်ပြမီးများကောင်းမွန်စွာ အလုပ်လုပ်နိုင်မှု ရှိ မရှိ၊ ယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုနှင့် ရှေ့နောက် တာယာများ ကောင်းမွန်မှု ရှိ မရှိ၊ ခရီးသည်နှင့် ထိုင်ခုံအရေအတွက်ကိုက်ညီမှု ရှိ မရှိ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားမှုနှင့် အရေးပေါ်ထွက်ပေါက်ပါရှိပြီး အသုံးပြုနိုင်ရေး၊ ရေသုတ်တံများကောင်းမွန်မှု ရှိ မရှိ၊ သတ်မှတ်ရောင်ပြန်များတပ်ဆင်ထားမှု ရှိမရှိ၊ အရေးပေါ်မှန်ခွဲသည့်တူ(ပုဆိန်) ပါရှိမှုနှင့် ယာဉ်မောင်းများနှင့် ပတ်သက်၍ သက်တမ်းရှိ "င" ယာဉ်မောင်းလိုင်စင်ရှိမှသာ မောင်းနှင်ရန်၊ ယာဉ်နောက်လိုက်ယာဉ်အကူများ သတ်မှတ်လိုင်စင်ပါရှိရန်၊ အရန်ယာဉ်မောင်းများလိုင်စင်ပါရှိရန်၊ ယာဉ်မောင်းများ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရန် စသည့်အချက်များအား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အထက်ပါ စစ်ဆေးချက်များ ပြည့်စုံကောင်းမွန်မှသာ ခရီးထွက်ခွာခွင့်ပြုခဲ့ပြီး လိုအပ်ချက်များရှိပါက ချက်ချင်းဖြည့်ဆည်းဆောင်ရွက်စေခဲ့ပြီး ပြည့်စုံကောင်းမွန်မှုရှိမှသာ ထွက်ခွာစေခဲ့သည်။

ယင်းသို့စစ်ဆေးဆောင်ရွက်ခဲ့မှုကြောင့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် ခရီးစဉ်ပြေးဆွဲရာတွင် ဂရုစိုက်မှုပိုမိုအားကောင်းလာခဲ့ပြီး ခရီးသွားပြည်သူများ အသက်အန္တရာယ်လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ပြီဖြစ်သည်။ ၎င်းကဲ့သို့ စစ်ဆေးဆောင်ရွက်ခြင်းကို မေ ၂၃ ရက်မှ စတင်၍ အပတ်စဉ်စစ်ဆေးကြပ်မတ်ခဲ့ရာ ယနေ့အချိန်အထိ ခြောက်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မုံရွာ ပြန်/ဆက်)

ကျိုက်ပေါလောဘုရားဝင်း သစ်ပင်စိုက်

ကျိုက်ထို ဇွန် ၁၁

"သစ်တောတွေစိမ်း၊ ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာ လွန်ရှည်ကြာ၊ သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့၊ မြေဆီစိုခိုက်၊ သစ်ပင်စိုက်" ဆောင်ပုဒ်နှင့်အညီ ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ပေါလောမဲ့ရှင်တော်ဘုရားပတ်လမ်းတွင် ဘုရားဂေါပကဥက္ကဋ္ဌ ဦးမြင့်လွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖိုးလတ်နှင့် ဝန်ထမ်းများပူးပေါင်း၍ ဘုရားပတ်ဝန်းကျင်သာယာလှပရေးအတွက် သစ်ပင်များစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးခဲ့သည့် သစ်ပင်များမှာ နှစ်နှစ်သားအရွယ်ရှိ ကျွန်းပင် ၂၀၊ ခရေ ၄၀၊ မဟော်ဂနီ ၄၀၊ ပိတောက် ၂၀၊ ကံ့ကော် ၂၀၊ ပျဉ်းမ ၁၀၊ ငုရွှေ ငါးပင်နှင့် စိန်ပန်းကြီး ငါးပင်ဖြစ်ပြီး စုစုပေါင်း အပင် ၁၆၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီလှူဒါန်းသော လယ်ယားရှည်ကြိုးတံတား အထက်မင်းလှမြို့နယ်၌ဖွင့်

အထက်မင်းလှ ဇွန် ၁၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာ အုပ်စု လက်ပံတံခါးရွာနှင့် လယ်ယားရှည်ရွာတို့ကို ဆက်သွယ်သည့် ပနီချောင်းကူး ကြိုးတံတားဖွင့်ပွဲ အခမ်းအနားကို အဆိုပါတံတားထိပ်၌ ဇွန် ၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါတံတားကို မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါတံတားမှာ မူလက သစ်သားတံတားဖြစ်ပြီး ပနီချောင်းရေကြီး၍ မျောပါသွားသဖြင့် ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီက နည်းပညာနှင့် သံမဏိကြိုးတံတားဆိုင်ရာ ပစ္စည်းများလှူဒါန်းပံ့ပိုးပြီး ၎င်းကိုယ်တိုင် ဒေသခံများနှင့် ပူးပေါင်းတည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအတွက် ချဉ်းကပ်တံတားအရှည် တစ်ဖက်လျှင် ပေ ၁၀၀ စီရှိပြီး ကုန်ကျစရိတ်အနေဖြင့် နှစ်ဖက်တွင် ငွေကျပ်သိန်း ၆၀ စီ ဒေသခံများက လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပင်မကြိုးတံတားမှာ အရှည် ၂၄၇ ပေ၊ အကျယ် ငါးပေနှင့် အမြင့် ၂၂ ပေဖြစ်ကြောင်း၊ ပင်မကြိုးတံတား ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၃၅၀ ခန့်ရှိကြောင်း၊ တံတားပြီးစီးသွားသဖြင့် ဒေသခံများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုပါကြောင်း မြို့နယ်စည်ပင်သာယာအင်ဂျင်နီယာ ဦးညီညီထွန်းက ပြောသည်။ **ကိုကြီးစန်း**

တပ်ကုန်းမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ကျောက်စီရေမြောင်း ပေ ၃၀၂၀၀၊ မြေသားမြောင်း ပေ ၇၆၈၆၀ နှင့် **Box Culvert** ၁၄၈ စင်းကို တည်ဆောက်ပေးမည်ဖြစ်ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီကလည်း ရပ်ကွက်များအတွင်းရှိ ရေမြောင်းပေ ၁၁၅၀၀ ကို ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၀ ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်းနှင့် မြို့နယ်တာဝန်ခံများက လိုအပ်သည်များ ဆောင်ရွက်ပေးစဉ်။ (၀၂၁)

မြိုင်ကလေး-ရန်ကုန် (၂၀) လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပြုပြင်မည်

နေပြည်တော် ဇွန် ၁၁

သထုံမြို့နယ် တောကြီးကျေးရွာအနီးတွင် မြိုင်ကလေး-ရန်ကုန်(၂၀) လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့သဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၃ရက် ညနေ ၆ နာရီမှ ၁၆ ရက် ညနေ ၆ နာရီအထိ စုစုပေါင်း ၇၂ နာရီကြာ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်မှုလုပ်ငန်းများသို့ သဘာဝဓာတ်ငွေ့ ပုံမှန်ဖြန့်ဖြူးပေးထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန
ရုံးအမှတ် ၄၈၊ နေပြည်တော်

လျှောက်လွှာများခေါ်ယူခြင်း

၁။ ပြည်သူ့အင်အားဦးစီးဌာနတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းဆောင်ရွက်ရန် အငယ်တန်းစာရေး(ယာယီနေ့စားလရှင်း) (တစ်ရက်လျှင်၃၀၀၀ိ/-နှုန်း) ရာထူး ၇၀ နေရာအတွက် ငါးလသာခန့်ထားမည်ဖြစ်ပြီး အောက်ပါ အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဘွဲ့ရရှိပြီး ၁-၆-၂၀၁၄ ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းသူဖြစ်ရမည်။
(ဃ) ၂၄-၆-၂၀၁၄ ရက်နှင့် ၂၅-၆-၂၀၁၄ ရက်များတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။
(င) ဤဦးစီးဌာနတွင် ငါးလတာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး တစ်ရက်လျှင် အလုပ်ချိန် ၈ နာရီတာဝန်ထမ်းဆောင်ရပါမည်။
(စ) ၁-၇-၂၀၁၄ ရက်တွင် လုပ်ငန်းစတင်မည်ဖြစ်၍ နေ့ဆိုင်း/ညဆိုင်းဖြင့် စနေနေ့အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လိုအပ်ပါက တနင်္ဂနွေနေ့ပါ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းတာဝန်ကျေပွန်မှုမရှိလျှင် တာဝန်ထမ်းဆောင်ခြင်းမှ ချက်ချင်းရပ်ဆိုင်းမည်ဖြစ်သည်။
(ဆ) နေပြည်တော်ရုံးစိုက်ရာဒေသတွင် နေထိုင်သူကို ဦးစားပေးမည်ဖြစ်ပြီး ကျန်ဒေသမှ လာရောက်သူအား ယာယီတည်းခိုနေထိုင်ရေး ယာဉ်ကြို/ပို့ စီစဉ်ပေးပါမည်။

၂။ လျှောက်လွှာနှင့်အတူ-
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) လွန်ခဲ့သောခြောက်လအတွင်းရိုက်ထားသောပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းတို့ပူးတွဲပါရှိရမည်။

၃။ လျှောက်ထားသူသည် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၈၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း လျှောက်လွှာများကို ၂၃-၆-၂၀၁၄ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၄၊ မြေကွက်အမှတ် ၇၅ အမည်ပေါက်ဦးဇော်ဝင်း ၁၂/လမန(နိုင်) ၀၂၁၅၄၇၏ မြေပါမစ်အားရုံးခွဲ၌ စာရင်းသွင်းရန် ဦးဇော်ဝင်း(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ရီရီမြင့်က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း မြေယာရုံးခွဲ(၁၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၁၂)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်-မူဆယ်ကားခပြန်လည်ကျဆင်း မြစ်ဝကျွန်းပေါ်မှကားခ အနိမ့်သို့ရောက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မှမူဆယ်ကားခဈေးနှုန်းများ မေလနောက်ဆုံးပတ်အကုန်တွင် ဈေးမြင့်နေရာမှ ဇွန်လ ပထမပတ်တွင် ကားခဈေးနှုန်းပြန်လည်ကျဆင်းလာပြီး မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ကုန်ပို့ကားခများလည်း အနိမ့်ဆုံးနီးပါးကျဆင်းနေသည်ဟု ဘုရင့်နောင်ပွဲရုံအတွင်းရှိ ကုန်ပို့ကားဂိတ်များမှ သိရသည်။

မေလ ဒုတိယပတ်အတွင်း ရန်ကုန်မှ မူဆယ်သို့ ဆန်တစ်တန်ကားခ ငွေကျပ် ၇၅၀၀၀ ဝန်းကျင်ရှိရာမှ မေလနောက်ဆုံးပတ်အစပိုင်းတွင် ငွေ ကျပ် ၉၀၀၀၀ ဝန်းကျင်၊ မေလကုန်တွင် ငွေကျပ် ၉၅၀၀၀ နှုန်းထိမြင့်တက်လာပြီးနောက် ကားခနှုန်းများပြန်လည်ကျဆင်းလာရာ ဇွန်လ ပထမပတ်အတွင်း ငွေကျပ် ၈၅၀၀၀-၈၆၀၀၀ ဝန်းကျင်သာရှိသည်ဟု မူဆယ်သို့ ဆန်တင်ပို့နေသူတစ်ဦးက ဆိုသည်။

ရန်ကုန်မှမန္တလေးခရီးစဉ်တွင် အောက်ခံကုန်တစ်တန်လျှင် ငွေကျပ် ၄၅၀၀၀ ရှိရာမှ ငွေကျပ် ၅၀၀၀၀ နှုန်းသို့ ကားခဈေးနှုန်းမြင့်တက်လာကြောင်း၊ ရန်ကုန်ရှိ မန္တလေးကုန်ပို့ကားဂိတ်များတွင်နေ့စဉ်လိုအပ်သော ကုန်ကားအရေအတွက် ပြည့်မီစွာမရသဖြင့် ရန်ကုန်-မန္တလေး ကုန်ကားခဈေးမကျနိုင်သေးကြောင်း၊ ယခင်နှစ်များ မိုးရာသီရောက်တိုင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကျဆင်းတတ်သော်လည်း ယခုနှစ်မိုးဦးရာသီတွင် ရန်ကုန်မှ မန္တလေး-မူဆယ်ခရီးစဉ်တွင် လုပ်ငန်းများ ကောင်းနေဆဲဖြစ်ကြောင်း ၁၂ ဘီးယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ကုန်ကားပိုင်ရှင်များအနေဖြင့် နယ်ပေါင်းစုံတွင် အဆက်အသွယ်ကုန်သည်များ၏ အကူအညီဖြင့် ပို့ကုန်ရရှိရေး မိုးဦးရာသီတွင် လုပ်ဆောင်ခြင်းဖြင့် ကုန်ကားများလုပ်ငန်းဆောင်ရွက်မှုအဆင်ပြေလာကြောင်း၊ မန္တလေးမှ မူဆယ်သို့ကားခ အောက်ခံကုန်တစ်ပိဿာ ၇၅-၇၇ ကျပ်နှုန်းရှိနေကြောင်း၊ မူဆယ်မှမန္တလေးသို့ မြေဆီတစ်အိတ်လျှင် ကုန်ကားခ ငွေကျပ် ၁၂၀၀ သာ ရရှိ၍ အဆင်းကားခရရှိမှု နည်းနေသည်ဟု သိရသည်။

လားရှိုးသို့မန္တလေးမှ ၁၂ ဘီးကုန်ကားတစ်စီးကားခ ငွေကျပ် သုံးသိန်းဖြင့် ကုန်တင်ဆောင်သွားရောက်ပြီး တန့်ယန်းမှ ရန်ကုန်သို့ဖရဲသီးပြန်လည် တင်ဆောင်ရာ ကားခ ငွေကျပ် ၁၀ သိန်းရရှိ၍အကျိုးအမြတ်ရှိသော်လည်း ယခုရက်ပိုင်း ဖရဲသီးမရသဖြင့် ကျောက်မဲမှ ရန်ကုန်သို့ လက်ဖက်စိုကားခ တစ်ပိဿာငွေကျပ် ၈၀၊ သီဟိုဠ်စေ့တစ်ပိဿာ ၈၅ ကျပ်နှုန်းဖြင့် ပြောင်းလဲတင်ဆောင်နေရသည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ ရန်ကုန်မှမန္တလေးသို့ ၁၂ ဘီးတစ်စီးလျှင် ကားခငွေကျပ် ရှစ်သိန်းခန့်ရရှိပြီး ရန်ကုန်မှလားရှိုးသို့ စားအုန်းဆီစီးလုံးကားခ ငွေကျပ် ၁၂ သိန်းရရှိသည်ဟု သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ပုသိမ်၊ ဟင်္သာတတို့မှ ရန်ကုန်သို့ ဆန်၊ ပဲတင်ပို့မှုနည်းလာ၍ ယခင်မေလဆန်းဝန်းကျင်တွင် တစ်ပိဿာ ၃၀ ဝင်တစ်အိတ် ကားခငွေကျပ် ၇၅၀-၈၀၀ ရှိခဲ့သော်လည်း ဇွန်လဆန်းတွင် ငွေကျပ် ၅၅၀-၆၀၀ နှုန်းသို့ဈေးကျဆင်းလာကြောင်း မြစ်ဝကျွန်းပေါ်သွား ကုန်တင်ယာဉ်လုပ်သားများကဆိုသည်။ ၂၀၁၃ ခုနှစ်အတွင်း ပုသိမ်-ဟင်္သာတမှ ရန်ကုန်သို့ ကားခတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိခဲ့ဖူးသော်လည်း ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၈၀၀-၈၅၀ နှုန်းထိသာ မြင့်တက်ခဲ့သည်ဟု သိရသည်။

ခင်ဆိုင်

ခရိုင်အဆင့် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) ကွင်းလက်တွေ့သရုပ်ပြပွဲနှင့် ပုလဲသွယ်စပ်စပါးမျိုးစေ့ချပွဲကို အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ အဆင့်မြင့်စက်မှုစံပြလယ်ယာစိုက်ကွင်း၌ ဇွန် ၈ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ ခရိုင်ဦးစီးမှူးနှင့် ခြောက်မြို့နယ်မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ခန့် လက်တွေ့သရုပ်ပြစဉ်။ ကျော်လှ(တောင်ငူ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၂၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၁၄၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၂-၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ်၉၅-၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၆၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၈၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်း(ဧည်သာအသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၄၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၄၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၇၅-၁၅၇၅
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၆၄၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၂၀၀-၂၃၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၂၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဘူတာလမ်းဆုံ မီးပွိုင့်ဖွင့်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ပဲခူး ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီးအတွင်း (၁၈)ခုမြောက်ဖြစ်သော ညောင်လေးပင်မြို့ ဘူတာလမ်းဆုံ(နီ၊ဝါ၊စိမ်း) မီးပွိုင့်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘူတာလမ်းဆုံရှိ အဆိုပါ မီးပွိုင့်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အောင်က မီးပွိုင့်တပ်ဆင်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးပွိုင့်တပ်ဆင်ရာ၌ အသုံးပြုရန် မီတာတစ်လုံးနှင့် လျှပ်စစ်မီတာခများ လစဉ်လှူဒါန်းသူ ညောင်လေးပင်မြို့ မြို့မ (၂) ရပ်ကွက် လမ်းသစ်လမ်းနေ ဦးဇေယျာထွန်းမိသားစုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် (နီ၊ဝါ၊စိမ်း) မီးပွိုင့်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်အောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါမီးပွိုင့်ကို မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီမှ ငွေကျပ် ၇၉၄၉၀၀၀ ကုန်ကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဥတုရာသီ တောကိုမှီ

ပြင်ဆင်ဖတ်ရှုပေးပါရန်

၈-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဥယျာဉ်မှူးဝင်ခွင့်ကြော်ငြာတွင် မှားယွင်းထည့်သွင်းထားသော ဒုအရခဗမြင့်ဇော်ဦး (အစား) ဒုအရခဗမြင့်ဇော်(ငြိမ်း)ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်နှင့် ဖုန်းနံပါတ်နေရာတွင် ၄၂၀၀၄၈၀၀(အစား)၄၂၀၀၄၂၈၀၀ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် အနူးအညွတ်တောင်းပန်ဖော်ပြအပ်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/6829 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကညန(သန်လျင်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/3336 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရေတာရှည်၌ နာရီဝက်ခန့်အတွင်း ယာဉ်တိုက်မှုနှစ်ခုဖြစ်

ရေတာရှည် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက်အထွက်တွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီခန့်က မိုးရွာပြီးချိန်တွင် ယာဉ်မတော်တဆမှုနှစ်ခု အချိန်ပိုင်းသာခြား၍ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရေတာရှည် မြို့မရဲစခန်းတွင် ရဲအုပ်ကျော်စိုးမိုးတာဝန်မှူးအဖြစ်ရှိနေစဉ် ရေတာရှည်မြို့ တောင်ဘက်အထွက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း မျိုးသိန်းထွန်း (၂၆ နှစ်) စိုင်ဂေါင်း (၂)ရပ်ကွက် မြို့လှကျေးရွာအုပ်စု ရေတာရှည်မြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းကိုကို (၂၇ နှစ်) ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေသူ လိုက်ပါလာသော ယာဉ်အမှတ် ၆ဂ/--- ၂၂ ဘီးယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၉၀/၅ နှင့် ၆) ကြားတွင် အရှိန်မထိန်းနိုင်ဘဲ စလစ်ဖြစ်ရာမှ မျက်နှာချင်းဆိုင်ဘက်မှ ဉူးကဝိန္ဒ၊ မြပုဏ္ဏမာကျောင်း တပ်ကုန်းမြို့နယ်နေသူမောင်းနှင်ပြီး ဦးတိက္ခသာရ အင်းသာကျောင်း တပ်ကုန်းမြို့နယ်နေသူ စီးနင်းလိုက်ပါလာသော ၁ဂ/--- ကရင်နာ အနက်ရောင်ယာဉ်ကို တိုက်မိခဲ့၍ ဦးတိက္ခသာရနှင့် ဉူးကဝိန္ဒတို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုကို ရေတာရှည်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးစိုးဦး၊ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူးရဲအုပ် ကျော်စိုးမိုးဦးစီး ရဲတပ်ဖွဲ့ဝင်များက ယာဉ်ပိတ်ဆို့မှုမရှိစေရေးအတွက် ရှင်းလင်းဆောင်ရွက်နေစဉ် နာရီဝက်ခန့်အကြာတွင် အခင်းဖြစ်သည့်နေရာ၏ တောင်ဘက် တစ်ဖာလုံခန့်အကွာတွင် မြောက်မှတောင်သို့ ခင်ဇော်ဝင်း (၄၅ နှစ်) ရေတာရှည်အမှတ်(၆)သကြားစက်ဝင်းနေသူမောင်းနှင်ပြီး ဇနီးဖြစ်သူ မမျိုးသူခင်(၄၂ နှစ်)လိုက်ပါစီးနင်းလာသော ၃၂ ယ/---ဖီကွန် ၁၁၀ ဆိုင်ကယ်သည် မိုင်တိုင် (၁၉၀/၄ နှင့် ၅) ကြား နွေနွေလွင် စားသောက်ဆိုင် မြောက်ဘက်အရောက်တွင် မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း ကိုမိုးမိုး (၃၂ နှစ်) မာလာလမ်း မြစ်သားမြို့နေသူ မောင်းနှင်သည့် ၂၂ ဘီးယာဉ်မှာ အရှိန်လွန်၍ ကားလမ်းအရှေ့ဘက်ရှိ သစ်ပင်များကို ဝင်တိုက်မိပြီးနောက် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူ ကိုခင်ဇော်ဝင်းနှင့် ဇနီးဖြစ်သူ မမျိုးသူခင်တွင် ဒဏ်ရာများရရှိပြီး ယင်းအမှုကို ရေတာရှည် မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ ရန်ကုန်-မန္တလေး ကားလမ်းသည် နေ့စဉ် ယာဉ်အသွားအလာ အထူးပင်များပြားလျက်ရှိပြီး သွားလာသည့် ယာဉ်နှင့် ယာဉ်လမ်းအကျယ်ကို နှိုင်းယှဉ်ကြည့်ပါက ကျဉ်းမြောင်းလျက်ရှိ၍ ယာဉ်လမ်းအကျယ်ကို ယခုထက်ချဲ့ထွင်နိုင်ပါက ယာဉ်အသွားအလာ အဆင်ပြေသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိသည်။

ကိုလွင်(ဆွာ)

လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်တိုင်ပေါ်တက်၍ ကြွေသီးလဲစဉ် ဓာတ်လိုက်ပြုတ်ကျ သေဆုံး

ရန်ကုန် ဇွန် ၁၁

မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ နို့ချက်စက်ရုံအနီးတွင် အမျိုးသားတစ်ဦး ဓာတ်တိုင်ပေါ်မှ ဓာတ်လိုက်၍ ပြုတ်ကျသေဆုံးကြောင်းသတင်းအရ ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ မင်္ဂလာဒုံမြို့နယ် ပုလဲလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းနေ ကိုမြတ်မင်းဇော်(ခ) ကိုအောင်ဇော်မင်း(၂၆ နှစ်) လျှပ်စစ်ကျွမ်းကျင် အဆင့် (၃)ဖြစ်ကြောင်း သိရပြီး ဒဏ်ရာရရှိထားသည်ကို တွေ့ရကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်ကိုစုံစမ်းရာ ၎င်းသည် အခြားလျှပ်စစ်ဝန်ထမ်းများနှင့်အတူ ပျဉ်းမပင်ကျေးရွာအနောက်လမ်းရှိ နို့ချက်စက်ရုံသို့ ၆၆၀၀ ဗို့အားရှိ ဓာတ်အားပေး သွယ်တန်းထားသော လျှပ်စစ်ဓာတ်တိုင်ပေါ်တက်၍ ကြွေသီးများ လဲလှယ်စဉ် ဓာတ်ကြိုးနှင့်ထိမိသဖြင့် ဓာတ်လိုက်ပြုတ်ကျပြီး ဒဏ်ရာရရှိ သေဆုံးခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဒလမြို့နယ်တွင် မူးယစ်ဆေးဝါး ဆေးခြောက်များဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၁

တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မူခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒလမြို့နယ် ပျော်ဘွယ်ကြီး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့် သက်သေများနှင့်အတူ ဒလမြို့နယ် တံတားချောင်းကျေးရွာရှိ ဂွကြီး(ခ)တင်အေး၏ နေအိမ်သို့ ဇွန် ၈ ရက် ညနေ ၃ နာရီက ဝင်ရောက်ရှာဖွေကြရာ အိမ်ရှင်ဖြစ်သူ ဂွကြီး(ခ)တင်အေးနှင့် နေတိုး(ခ)ဇော်မင်းဦးတို့ နှစ်ဦးအား ဆေးခြောက်ဟုယူဆရသော အရွက်ခြောက်အပုံနှင့်အတူ ထုပ်ပိုးရန်ပြုလုပ်နေစဉ် တွေ့ရှိရပြီး နေအိမ်နောက်ဖေးမှ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့ထံမှ ဆေးခြောက်ဟုယူဆရသော ထုပ်ပိုးပြီးအရွက်ခြောက် အထုပ်များနှင့် အရွက်ခြောက်များ စုစုပေါင်းအလေးချိန် ၉ ဒသမ ၀၄၁၁၉ ကီလိုဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၂၂ သိန်းခန့်၊ ထုပ်ပိုးရာတွင် အသုံးပြုသည့် ကတ်ကြေး၊ မီးခြစ်၊ ဂျာနယ်စက္ကူများ၊ ပလတ်စတစ်အိတ်များနှင့် ငွေကျပ် ၈၇၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဂွကြီး(ခ)တင်အေး (၄၄ နှစ်)၊ နေတိုး(ခ)ဇော်မင်းဦး (၂၃ နှစ်) နှစ်ဦးကို ပျော်ဘွယ်ကြီး နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ထီးလင်း၌ ဆင်စွယ်ဖြင့်ထိုး ဆင်ဦးစီးသေ

ထီးလင်း ဇွန် ၁၁

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ယုန်ဆင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဇွန် ၈ ရက် ညနေ ၆ နာရီက ဆင်စွယ်ဖြင့်ထိုးသတ်သဖြင့် ဦးမြင့်သိန်း (၅၀ နှစ်) ဆင်ဦးစီးသေဆုံးနေကြောင်းသတင်းအရ ထီးလင်းမြို့နယ် ကျင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ထင်ကျော်နှင့်အဖွဲ့ သက်သေများနှင့်အတူ အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ ဦးမြင့်သိန်းသည် ထိုနေ့က ၎င်း၏ဆင်အား ကောက်ယူ၍ ပြန်လာပြီး ဆင်းဝိုင်းအတွင်းထား၍ ဆင်ဝိုင်း၏ တောင်ဘက် ပေ ၁၅၀ ခန့်အကွာရှိ ဆင်ဦးစီးတင်ညိုဝင်း၏ ရှူချိုမောင်အမည်ရှိ ဆင်အနီးမှ ဖြတ်သန်းသွားစဉ် ရှူချိုမောင်ဆင်က အစွယ်ဖြင့်ထိုးသတ်သဖြင့် ဦးမြင့်သိန်းတွင် ပေါက်ပြဲဒဏ်ရာ လေးချက်ဖြင့် ဆေးရုံသို့ပို့ရန် ပြင်ဆင်နေစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ထီးလင်းမြို့နယ် ကျင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးအေးလွင်-ဒေါ်လွင်မာစိုးတို့၏ သမီးထွေးဖြစ်သည့် **မအိန္ဒြေအောင်** (ဆလသ-၃၈၄)သည် ၂၀၁၄ ခုနှစ် မတ်လတွင် စစ်ဆေးသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သောကြောင့် မိဘများနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ပန်းတိုင်လှမြင့်-ဒေါက်တာကြင်ကြင်ရီ
အောင်ဇေယျအိမ်ရာ (၂၆)ရပ်ကွက်
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထောက်ကြန့်တိုးချဲ့ ၂/၂၊ မြေကွက် အမှတ် ၁၂၀၊ မြေကွက်တည်နေရာအမှတ် ၁၂၀၊ ပိတောက်လမ်း၊ ဦးလှမြင့် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးမိုးလွင် ၁၂/မဂဒ (နိုင်) ၀၃၄၄၄၈ က မြေချပါမစ်မီးလောင်ပျက်စီးဆုံးရှုံးကြောင်းကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံ ချက်၊ မြေပေါ်တွင် နေထိုင်ကြောင်း AEO ရုံးနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ခံဝန်ချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Naung Yoe Technologies Co., Ltd.

Technician

Networking Engineer

မျက်နှာဖုံး ဒီဇိုင်း အမှတ်အသား

သတိပေးကြေညာချက်



Myanmar Paper & Stationery Mart Ltd.

သွေးသည်အသက်

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

ဘရာဇီးရဲ့မျှော်လင့်ချက် နေမာစွမ်းနိုင်ပါ့မလား

အာကာကျော်

မကြာမီကျင်းပတော့မယ့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးအတွက် အိမ်ရှင် ဘရာဇီးပရိသတ်တွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ တိုက်စစ်မှူးနေမာ ဖိအားပေးခံနေရပါပြီ။ "နေမာအခုလို ဖိအားပေးခံနေရတဲ့အတွက် ကျွန်တော် အတော်လေး စိုးရိမ်မိပါတယ်" လို့ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီက ပြောဆိုလိုက်ပါတယ်။ အသက် ၂၂ နှစ်သာရှိသေးတဲ့ နေမာအတွက် ဘရာဇီးအသင်းဗိုလ်စွဲရေးဟာ အလွန်ကြီးလေးတဲ့ တာဝန်ပါလို့လည်း သူကဆိုပါတယ်။ နေမာဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ကစားဖူးသူမဟုတ်ပါ။ သို့ပေမယ့် လက်ရှိ ဘရာဇီးအသင်းဟာ ကိုးပွဲဆက်တိုက် အနိုင်ရထားပြီး သူက ခုနစ်ဂိုး တောင်သွင်းပေးထားပါတယ်။

"နေမာဟာ ငယ်ပါသေးတယ်။ ဘရာဇီးအသင်း အောင်နိုင်ရေးဟာ သူ့ပေါ်မှာ အဓိကကျနေပါတယ်"လို့လည်း ပီလီက ပြောပါတယ်။

ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားကိုငါးကြိမ်တိုင်တိုင် စံချိန်တင် ဆွတ်ခူးထားတဲ့ အသင်းဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၀၂ ခုနှစ် နောက်ပိုင်းမှာတော့ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ အိမ်ရှင် ဘရာဇီးအသင်းဟာ ကြာသပတေးနေ့အဖွင့်ပွဲမှာ ဆော်ပေါလိုမြို့မှာ ကျင်းပမှာဖြစ်ပြီး ခရိုအေးရှားအသင်းနဲ့ စတင်ကစားရမှာဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ကမ္ဘာ့ချန်ပီယံ စပိန်ကို သုံးဂိုးပြတ်နဲ့နိုင်ပြီး ဖလားရခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းမှာ ကစားနေရတဲ့ နေမာဟာ အဲဒီပွဲမှာ ဦးဆောင်ကစားခဲ့ပြီး ဒုတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သူပဲ ဖြစ်ပါတယ်။ လူးဝစ်ဖီးလ်လစ် စကိုလာရီရဲ့ ဘရာဇီးအသင်းဟာ ဩဂုတ်လက ဆွစ်ဇာလန်ကို နိုင်ပြီး ကတည်းက ချစ်ကြည်ရေးပွဲ ကိုးပွဲဆက်တိုက် အနိုင်ရထားပြီး ဂိုးပေါင်း ၃၀ သွင်းယူထားတဲ့ အသင်းဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ တိုက်စစ်ထက် ခံစစ်ပိုကောင်းတာကတော့ ဘရာဇီးဘောလုံးသမိုင်းမှာ ပထမဆုံးပါပဲလို့ နိုင်ငံအတွက် ဂိုးပေါင်း ၇၇ ဂိုးသွင်းယူပေးခဲ့တဲ့ အသက် ၇၃ နှစ်ရှိတဲ့ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီက ဆိုပါတယ်။

ကမ္ဘာ့ဖလားအတွက် စီရိုနယ်ဒို ပြန်လာပြီ

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုသည် အိုင်ယာလန်နှင့်ပွဲတွင် ပါဝင်ကစားခဲ့ပြီး ဒဏ်ရာရနေရာမှ အောင်မြင်စွာ ပြန်လာပြီဖြစ်သည်။ ကမ္ဘာ့ဖလားပွဲကြိုအဖြစ် အိုင်ယာလန်အသင်းကို ပေါ်တူဂီက ငါးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်သည်။ အသက် ၂၉ နှစ်ရှိ စီရိုနယ်ဒိုသည် ဒူးနှင့်ပေါင်ဒဏ်ရာများကြောင့် ယခင်ချစ်ကြည်ရေးပွဲနှစ်ပွဲတွင် လွဲချော်ခဲ့သည်။ သို့သော်လည်း နယူးဂျာဆီ၌ ကစားခဲ့သည့် ၄င်းပွဲတွင် စီရိုနယ်ဒိုသည် ၆၆ မိနစ်ကြာ ကစားခဲ့သည်။

"ပေါ်တူဂီအသင်းအတွက် သူပြန်ကစားနိုင်ခြင်းဟာ အလွန်ကောင်းပါတယ်။ သူ့ကို ကျွန်တော်တို့စောင့်ကြည့်နေပါတယ်။ ကမ္ဘာ့ဖလားဟာ သူမပါရင် ကောင်းမှာမဟုတ်ပါဘူး" ဟု နည်းပြ ပေါ်လိုဘင်တိုက ပြောသည်။ အုပ်စု A တွင် ပါဝင်သော ပေါ်တူဂီအသင်းသည် အဖွင့်ပွဲ တနင်္လာနေ့တွင် ဂျာမနီနှင့် ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလား အုပ်စု(ဆ)မှ ကစားသမားစာရင်း

သီဟ

အုပ်စု (ဆ)

၁။ ဂျာမနီ (ကမ္ဘာ့အဆင့်-၂)/၂။ ပေါ်တူဂီ (ကမ္ဘာ့အဆင့်-၃)
၃။ ဂါနာ (ကမ္ဘာ့အဆင့်-၃၈)/၄။ အမေရိကန်(ကမ္ဘာ့အဆင့်-၁၃)

၁။ ဂျာမနီ (ကမ္ဘာ့အဆင့်-၂)

နည်းပြ - ဂျိုအာချင်လို(ဂျာမနီ)

ဂိုး - နူအာ(ဘိုင်ယန်မြူးနစ်)၊ ဝီဒန်ဖယ်လာ(ဒေါ့မွန်)၊ ဇီလာ(ဟန်နိုဗာ)

နောက်တန်း - ဘိုတိန်း(ဘိုင်ယန်မြူးနစ်)၊ ဂရော့စ်ခရက်ဇ်(ဒေါ့မွန်)၊ အီရစ်ဒမ်း(ဒေါ့မွန်)၊ ဟိုဝီဒက်စ်(ရှော်လ်ကေး)၊ ဟမ်မဲလ်(ဒေါ့မွန်)၊ မာတီဆက်ကာ(အာဆင်နယ်)၊ ဖီးလစ်လမ်း(ဘိုင်ယန်မြူးနစ်)၊ မူစတာဖီ(ဆမ်ဒိုးရီးယား)၊

အလယ်တန်း - ဒရက်စ်လာ(ရှော်လ်ကေး)၊ ဂျင်တာ(ဖရိုင်းဘတ်)၊ ဂေါ့တ်ဇီ(ဘိုင်ယန်မြူးနစ်)၊ ခရာမာ(ဂလက်ဘတ်)၊ ခီဒီယာ(ရီးရဲမက်ဒရစ်)၊ တိုနီကရုစ်(ဘိုင်ယန်မြူးနစ်)၊ အိုဇေးလ်(အာဆင်နယ်)၊ ရှာရယ်လ်(ချယ်လ်ဆီး)၊ ရှဝိန်းစတိုင်ဂါ(ဘိုင်ယန်မြူးနစ်)

ရှေ့တန်း - ကလိုဆေး(လာဇီယို)၊ မူလာ(ဘိုင်ယန်)၊ ပိုဒေါစကီး(အာဆင်နယ်)

ကမ္ဘာ့ဖလား အုပ်စု (က) ပွဲစဉ် ဇွန်၁၃ နံနက် ၂း၃၀

ဘရာဇီး	-	ခရိုအေးရှား
ကမ္ဘာ့အဆင့်-၄ (၄-၄-၂)		ကမ္ဘာ့အဆင့်-၂၀ (၄-၄-၂)
နည်းပြ စကိုလာရီ		နည်းပြ နီကို ကိုဗက်စ်
၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ		၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ
၁၀ပွဲ ကိုးပွဲနိုင် တစ်ပွဲရှုံး		၃ပွဲ နှစ်ပွဲနိုင် တစ်ပွဲသရေ

ဖီဖာဥက္ကဋ္ဌ လာမည့်နှစ်တွင် နုတ်ထွက်သင့်ဟုဆို

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အပေါ် လာဘ်စားသည်ဟူသော စွပ်စွဲချက်များကြောင့် လာမည့်နှစ်တွင် နုတ်ထွက်သင့်ပြီဖြစ်ကြောင်း ဖီဖာ ဥက္ကဋ္ဌ ဆပ်ဘလတ္တာအား ဒတ်ချ်ဘောလုံးအသင်းနည်းပြ မိုက်ကယ်ဗန်ပရက် ပြောကြားလိုက်သည်။ ဘလတ္တာသည် ၂၀၁၅ ခုနှစ်တွင် ဖီဖာဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံရဖွယ်မရှိကြောင်း ၄င်းက ပြောကြားသည်။

၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကာတာနိုင်ငံ ကျင်းပခွင့်ရရှိရေးကြိုးပမ်းရာတွင် အဓိကတာဝန်ရှိသူမှာ ဆပ်ဘလတ္တာဖြစ်ကြောင်း ဗန်ပရက်က ပြောကြားလိုက်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ မိုင် ၄ ဖာလုံတံတားကြီးငယ်များအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း ၂၃ စင်း၊ ကျောက်ချောလမ်းခင်းခြင်း (၁၇ မိုင် ၂ ဖာလုံ)နှင့် မြေသားတာပေါင်ချဲ့ခြင်း/တင်ခြင်း ၁၈ မိုင်တို့ကို တိုးမြှင့်တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရန်ပုံငွေကျပ်သန်း ၂၀၀၁ ဒသမ ၅ ဖြင့် ဆောင်ရွက်ရန်လျာထားပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်းပိုင်းအနေဖြင့် ၃၁-၃-၂၀၁၄ ရက်နေ့အထိ လမ်းအခြေအနေများအားဖြင့် မိုင် ၀/၀မှ ၆/၇အထိ ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ မိုင် ၆/၇မှ ၂၂/၀ ကြိမ်ချောင်း-အောင်သပြေအထိ ကျောက်ချောလမ်းအဖြစ်လည်းကောင်းတည်ရှိပြီး အမြဲတမ်းသံကူကွန်ကရစ် တံတားကြီးငယ်များအဖြစ် ၁၅၃ စင်းအထိ တည်ဆောက်ပြီးစီးပြီဖြစ်ပါ၍ တောင်ပြိုလက်ဝဲမြို့နယ်ခွဲအထိ ရာသီမရွေးသွားလာနိုင်ပြီး ယခုနှစ် မိုးမကျမီကာလအတွင်း မိုင်တိုင် ၃၀/၀ အထိ မြေသားတာပေါင်မြှင့်တင်လျက် ဖြန့်ကျောက်စရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ မိုးရာသီအတွင်း မိုင် ၃၅/၀ ခမောင်းဆိပ်ကျေးရွာအထိ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပွင့်လင်းရာသီတွင် အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ခမောင်းဆိပ်ကျေးရွာမှ ဗန္ဓုလအထိလမ်းအပိုင်းအား လိုအပ်သောနေရာများတွင် ဖြတ်မြေ ဖို့မြေလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး စံချိန်စံညွှန်းများနှင့်အညီ လမ်း/တံတား တိုးတက်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများအား နှစ်စဉ်ရန်ပုံငွေများ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၈။ **ဘူးသီးတောင်-ရသေ့တောင်ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ခုနှစ်တွင် အပြီးဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း၊ ဘူးသီးတောင်-ရသေ့တောင်လမ်းပေါ်ရှိ စိုင်းဒင်ချောင်းအကျယ် ပေ ၄၈၀ အား တံတားတည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူးသီးတောင်-ရသေ့တောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းလမ်းပေါ်ရှိ စိုင်းဒင်ချောင်းအကျယ် ပေ ၄၈၀ အား တံတားတည်ဆောက်ရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဘူးသီးတောင်-ရသေ့တောင်လမ်းအား ဖောက်လုပ်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်စတင်၍ လမ်းအကြောင်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ လမ်းပုံဒီဇိုင်း (Geometric Design)နှင့် လမ်းသားပုံဖော်ပုံ (Road Formating)များကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ဘူးသီးတောင်-ရသေ့တောင်လမ်းသည် ဘူးသီးတောင်-ကျောက်တော်လမ်း မိုင်တိုင် ၇/၃ စိုင်းဒင်ချောင်း အကျော် ဖုံ့ညိုလိပ်ရွာမှ လမ်းခွဲထွက်ပြီး ရသေ့တောင်သို့သွားသော လမ်းဖြစ်ပါသည်။ ဘူးသီးတောင်-ကျောက်တော်လမ်းအပိုင်း မိုင် ၀/၀ မှ ၃/၀ အထိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုင်တိုင် ၅/၀အထိ ကတ္တရာလမ်းအဖြစ် တိုးတက်ဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်တိုင် ၇/၀ နေရာအထိ လမ်းတာပေါင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဘူးသီးတောင် ကျောက်တော်လမ်းပိုင်း မိုင် ၁/၁ တွင်ရှိသော ပုဇင်ချောင်းတံတား ပေ ၉၆၀ အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ သန်း ၁၀၀၀ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စိုင်းဒင်ချောင်းတံတားအပါအဝင် တံတားကြီးငယ်များပါ တည်ဆောက်အကောင်အထည်ဖော်သွားနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၉။ **စစ်တွေမှ ဘူးသီးတောင်သို့ နေ့စဉ်သင်္ဘောရှိပြီး အမြန်ယာဉ် ပြေးဆွဲလျက်ရှိရာ အမြန်ယာဉ်တစ်စင်းသာပြေးဆွဲခြင်းဖြစ်၍ ခရီးသည်များပြားပြီး အန္တရာယ်ရှိနိုင်၍ အမြန်ယာဉ်နောက်တစ်စင်း ပြေးဆွဲပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** အမြန်ယာဉ်ခရီးသည်များပြားခြင်းမှာ သင်္ကြန်ကာလဖြစ်၍ အသွားအလာများခြင်းဖြစ်သည်။ ကြီးကြပ်အဖွဲ့မှ စစ်ဆေးခဲ့ပြီး တစ်နေ့ခရီးသည်ဦးရေကို စာရင်းကောက်ခံပြီး လိုအပ်ပါက လုံခြုံရေးနှင့် ထိန်းသိမ်းရန်စီစဉ်ထားပါသည်။ နောက်တစ်စီးပြေးဆွဲရန်မှာ စီးပွားရေးလုပ်ငန်းရှင်များဘက်က အရင်းအနှီးများပြား၍ နစ်နာမှုမရှိရအောင် နားလည်မှုပေးထားခြင်းဖြစ်ပါသည်။ ပိုလျှံခရီးသည်တင်ဆောင်မှုကို ကာကွယ်ထားပြီး အမြန်ယာဉ် နောက်တစ်စင်းတိုးချဲ့ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

၂၀။ **ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ မိုင်တိုင် ၆/၄-၆/၅ ကြား လိုဏ်ဂူငယ်ကိုအရှည် ၉၈ ပေအား ရှောင်ကွင်းလမ်းဖောက်လုပ်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူးသီးတောင်မြို့နှင့် မောင်တောမြို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ဘူးသီးတောင်-မောင်တောကားလမ်းသည် ၁၆ မိုင်အရှည်ရှိပြီး မေယုတောင်တန်းကိုဖြတ်ကျော် ဖောက်လုပ်ထားသော ကတ္တရာလမ်းအမျိုးအစား၊ မော်တော်ကားလမ်းတစ်ခုဖြစ်ပါသည်။ ၎င်းလမ်းကို ကိုလိုနီခေတ် ၁၉၁၆ ခုနှစ်တွင် မာတင်ကုမ္ပဏီ မှ တည်ဆောက်ခဲ့ရာ မိုင်တိုင် ၆/၆-၆/၇ အကြားတွင် တောင်ကိုဖောက် ၍ ၆၅၈ ပေအရှည်ရှိသော လိုဏ်ဂူကြီးကို တည်ဆောက်ခဲ့ပြီး မိုင်တိုင်၆/၄ နှင့် ၆/၅ ကြားတွင်လည်း တောင်ကိုဖောက်၍ အရှည် ၉၈ ပေရှိ လိုဏ်ဂူလေးကို တည်ဆောက်ခဲ့ရပါသည်။ ၎င်းဘူးသီးတောင်-မောင်တောလမ်းပေါ်တွင် ပိုက်ပြွန်၊ ရေမြောင်း၊ တံတားကြီးငယ်ပေါင်း ၁၀၅ စင်းတည်ရှိပြီး ပေ ၁၀၀ နှင့်အထက် တံတားလေးစင်း၊ ပေ ၁၀၀ အောက် ပေ ၅၀ အထက်တံတားသုံးစင်းပါဝင်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မတိုင်မီက ကြံ့ခိုင်မှုအားနည်းသော သစ်သားကြမ်းခင်း၊ သံပေါင်တံတားအမျိုးအစား ၁၂ စင်းရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘူးသီးတောင်-မောင်တောလမ်းကို တိုးတက်ပြုပြင်ဆောင်ရွက်ခဲ့ရာ မိုင်တိုင် ၆/၆-၆/၇ ရှိ အရှည် ၆၅၈ ပေရှိသော လိုဏ်ဂူကြီး၊ လမ်းအနောက်ဘက်ခြမ်းရှိ မင်္ဂလာကြီးတောင်အား အမြင့်ပေ ၃၀၀ ကျော်နှင့် ဖြတ်မြေကျင်းပေါင်း ၃၁၂၀၀၀ ကျော်တူးထုတ်ဖယ်ရှားပြီး၊ ၂၀၁၃-၂၀၁၄ မတ်လတွင် လမ်းအရှည် ၁၆၅၈ ပေရှိ နှစ်လမ်းသွားကတ္တရာလမ်းသစ် ခင်းနိုင်ခဲ့သောကြောင့် ယာဉ်များဖြတ်သန်းသွားလာမှု အဆင်ပြေချောမွေ့နေပြီဖြစ်ပါသည်။ လိုဏ်ဂူငယ် အမိုးဖြိုချပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၂၁။ **ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ မိုင်တိုင် ၅/၂-၅/၃ ကြား တံတားအမှတ် ၄/၆ အရှည်ပေ ၈၀ သစ်သားတံတား သံကူကွန်ကရစ်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူးသီးတောင်-မောင်တောလမ်း မိုင် ၅/၂-၅/၃ ကြားရှိ တံတားအမှတ် ၄/၆ ဂျာမန်သံပေါင် သစ်သားကြမ်းခင်း တံတားသည် ကိုလိုနီခေတ်ကတည်းက ဆောက်လုပ်ခဲ့သည့် တံတားတစ်စင်းဖြစ်ပါသည်။ အဆိုပါတံတားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၄ ဒသမ ၅ သန်းဖြင့် ကြံ့ခိုင်မှုအားနည်းသောသစ်သား ကြမ်းခင်းဘီးနင်းများအား လဲလှယ်အစားထိုး ဆောင်ရွက်သွားမည်ဖြစ်ပြီး RC တံတားအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေသန်း ၁၈၀ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၂။ **ဘူးသီးတောင်မြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူးသီးတောင်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် မြေနေရာရရှိပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ခြောက်ခန်းတွဲ နှစ်ထပ် နှစ်လုံး ဆောက်လုပ်ရန် တင်ပြခဲ့ပြီး တစ်လုံးက ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်ပါသည်။ နှစ်စဉ် ရန်ပုံငွေ တင်ပြတောင်းခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မိုးခေါင်သောကြောင့် ငါးရံ့မင်းပင့်ဆောင်ပူဇော်

ပုသိမ်ကြီး ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ပေါ်မှ ဘုရားအလောင်းငါးရံ့မင်းအား တတိယအကြိမ် ပင့်ဆောင်ပူဇော်ပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကင်းတောင်ခြေ စစ်ကိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ဘုရားအလောင်းငါးရံ့မင်း ပင့်ဆောင်ပူဇော်ရေးအဖွဲ့ဝင်များ၊ ချမ်းသာလှစေတီဝတ်အသင်းများ၊ မြို့ပေါ်ရပ်ကွက်မှ ဝတ်အသင်းများ၊ လူမှုရေးအသင်းဖွဲ့များက ငါးရံ့မင်းများကို မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ မန္တလေးမြို့ပေါ်နှင့် ပုသိမ်ကြီးမြို့ပေါ်သို့ လှည့်လည်၍ ငါးရံ့မင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကြသည်။

မန္တလေးမြို့ပေါ်နှင့် ပုသိမ်ကြီးမြို့အပါအဝင် တခြားသော မြို့ရွာများတွင် ယခုနှစ်၌ မိုးအလွန်ခေါင်သောကြောင့် အပူလွန်ကဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့တွင် ယခုနှစ်ဆိုလျှင် တတိယအကြိမ် ငါးရံ့မင်း ပင့်ဆောင်ခြင်းဖြစ်ကြောင်း လာမည့် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ လွန်ဆွဲပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ငါးရံ့မင်းအား ပုသိမ်ကြီးမြို့ ချမ်းသာလှစေတီရင်ပြင်၌ ငါးရက်တိုင်တိုင် အပူဇော်ခံ၍ ညစဉ် မိုးပရိတ်တော်များ ရွတ်ဖတ်သွားမည်ဖြစ်ကြောင်း မြို့မိ မြို့ဖ ဦးထွန်းခင်က ပြောသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၁၁

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့နှင့် မြစ်ကြီးနား လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံက သင်တန်းဆင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အိမ်တွင်းမှုလုပ်ငန်း အသက်မွေးပညာ သင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းက သင်တန်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ အဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ၊ သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာမသုံးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

မိုးယံကျ(မြစ်ကြီးနား)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဝေါမြို့နယ်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၄၆

မမြစုအောင် **နှင့်** မောင်ဇေယျာလွင်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် မောင်ဇေယျာလွင် သိစေရမည်။

သင့်အပေါ်၌ တရားလို မမြစုအောင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၀ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏စွဲချက်တို့ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။

ထို့အပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ခင်မျိုးသင်း)

ဒုတိယမြို့နယ်တရားသူကြီး

ဝေါမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ရွှေလှိုင်လမ်း၊ အမှတ်(၃၃)၊ လေးလွှာ(ခေါင်းရင်းခန်း)တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးလှဝင်း ၁၂/ကမရ(နိုင်)၀၁၅၁၅၈ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာမမ (စဉ်-၇၂၂၆) ဒေါ်သွယ်သွယ်စိုး (စဉ်-၃၁၁၆၁)

တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်လင်း (စဉ်-၄၁၀၇၀)

အထက်တန်းရှေ့နေများ

အမှတ်(၄၄)၊ ပထမထပ်၊ အခန်း ၁၀၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၇၃၁၂၁၅၇၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၁၈၈/၂၊ မြေကွက်တည်နေရာအမှတ် ၁၈၈/၂၊ ယင်းမာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးငွေမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးငွေမောင်၊ (ဇနီး) ဒေါ်အုန်းတင်၊ (သား) ဦးထွန်းထွန်းငြိမ်းတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေးအေးနိုင် ၁၂/ဥကတ(နိုင်)၁၀၅၃၃၀၊ ဦးသိန်းသန်း ၁၂/ဥကတ(နိုင်)၁၀၄၃၈၀၊ ဦးတိုးတိုးနိုင် ၁၂/ဥကတ(နိုင်)၁၀၆၄၈၅၊ ဒေါ်မိုးသူဇာဝင်း ၁၀/သထန(နိုင်)၀၆၁၄၃၅ တို့က သားသမီးနှင့်ချွေးမတို့တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၂၂၇၊ မြေကွက်တည်နေရာအမှတ် ၄၉၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်ထွန်း ၁၂/ဒပန(နိုင်)၀၂၆၅၃၅၊ ဦးစံရွှေ ၁၂/ဒပန(နိုင်)၀၂၉၀၉၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ထွန်း ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသော ဇနီး ဒေါ်ငွေထိန် ၁၂/ဒပန(နိုင်)၀၂၆၅၃၆နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးစံရွှေကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန်းရီ ၁၂/ဒပန(နိုင်)၀၂၉၀၉၇တို့က ကျမ်းကျိန်လွှာနှင့်သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် ၆၁၅/က၊ မြေကွက်တည်နေရာအမှတ်-၆၁၅/က၊ ဇာနည် ၁၂ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်နှင်းမြ၊ ဦးတင်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးတင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်နှင်းမြ ၁၂/ဥကတ(နိုင်)၀၂၈၈၉၁က တစ်ဦးတည်းသော တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(အေ)၊ အခန်း ၀၀၄ ကို အေးရှားဝေါလ်ကုမ္ပဏီမှ ဒေါ်ခင်နန်းကြူအမည်ဖြင့် ဝယ်ယူခဲ့ပြီး ဖခင် ဦးခင်မောင်မြင့်နှင့် မိခင် ဒေါ်ခင်နန်းကြူတို့သည် ၂၉-၃-၂၀၀၈ရက်တွင် တစ်နေ့တည်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသဖြင့် သားသမီးအရင်း လေးဦးအနက်မှ သုံးဦးဖြစ်သော ဦးမျိုးခိုင်ဝင်း၊ ဒေါ်နှင်းနှင်းလတ်၊ ဒေါ်မြင့်မြင့်ဝင်းတို့က ညီမ/အစ်မအရင်းဖြစ်သူ ဒေါ်ခင်မိုးမြင့် တစ်ဦးတည်းသို့ အထက်ပါတိုက်ခန်းအား မေတ္တာဖြင့် အပြီးအပိုင်စွန့်လွှတ်ပေးကမ်းပြီးဖြစ်ကြောင်း စာချုပ်စာတမ်းများတင်ပြ၍ ဒေါ်ခင်မိုးမြင့် ၉/မနမ(နိုင်)၀၉၈၄၉၆ အမည်ဖြင့် ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁	ဒေါ်သန်းသန်း	၁၂/လသယ(နိုင်)၀၀၉၆၀၁	အမှတ် (၁၈၅)၊ မင်းရဲကျော်စွာ ၆ လမ်း၊ ရပ်ကွက်ကြီး(၃)	လှိုင်သာယာ	၂	၁၈၅	ဦးတင်မောင်နိုင်	အမည်ပြောင်း

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အစွန်းရောက်သော စည်းကမ်းမဲ့မှုများကို ဆန်းစစ်ခြင်း

သောင်းလွင်ဦး

ပစ္စည်းများကို စည်းကမ်းမဲ့တင်ဆောင်ထားသည့်ယာဉ်တစ်စီး။

အိုးနှင့်ဆန်၊ ဝန်နှင့်အား မျှတမှုမရှိသော မြင်ကွင်းတစ်ခုကို မှတ်မှတ်ရရ အသင့်ပါသော ကင်မရာဖြင့် ကျွန်တော်မှတ်တမ်းတင်လိုက်မိသည်။ မြင်ကွင်းကတော့ တခြားမဟုတ်ပါ။ အငှားကား ဟိုင်းလတ်ယာဉ်တစ်စီး ကုန်များအဆမတန်တင်ပြီး ရန်ကုန်မြို့ထဲသို့ ဝင်ရောက်ရန် လမ်းကြောင်းရှင်း/မရှင်း စောင့်ဆိုင်းအခြေအနေ ကြည့်နေပုံကို တွေ့မြင်ရခြင်းပင်ဖြစ်ပါသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်နေစဉ်။

တကယ်ဆိုလျှင် ဟိုင်းလတ်ယာဉ်သည် ခရီးသည်တင် “ခ” လုပ်ငန်းလိုင်စင်ဖြစ်ပြီး တင်အားအဖြစ် တရားဝင် သတ်မှတ်ချက်မှာ ၁၃ ဦးသာဖြစ်သည်။ သို့သော် လက်တွေ့တွင် ခရီးသည်များကို ခေါင်မိုးပေါ်အထိ တင်ဆောင်မောင်းနှင်ပြီး နောက်တွင် အတွယ်များက ခြေတစ်ဖက်သာတင်မိသည့် အခြေအနေမျိုးအထိ မြင်တွေ့နေရပါသည်။ ထို့ပြင် အရှိန်ပြင်းစွာဖြင့် ခရီးသည်လုယူမောင်းနှင်မှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု များပြားလွန်းသဖြင့် စည်းကမ်းဖောက်ဖျက်မှုများပြားသော ယာဉ်လိုင်းစာရင်းဝင်နေခြင်းပင်ဖြစ်ပါသည်။ ယာဉ်မောင်းများ၏ စရိုက်မှာလည်း ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း၊ အတင်းဝင်၊ အတင်းထွက် ဟွန်းကို အဆက်မပြတ်တီးကာ မောင်းနှင်တတ်ခြင်းတို့ကြောင့် ဟိုင်းလတ်ခရီးသည်တင် ယာဉ်အများစုသည် အမောင်းကြမ်းသည်ဟု သတ်မှတ်ခံရပြီး မကြာခဏ တိမ်းမှောက်ခြင်း၊ မီးရထားခုံးတံတားအောက် ထိုးကျခြင်း၊ ယာဉ်အချင်းချင်း တိုက်မိခြင်း၊ ခရီးသည် ပြုတ်ကျခြင်း စသည့်ပြဿနာမျိုးစုံကို တွေ့မြင်နေရပါသည်။

ထိုပြဿနာများကို ဖြေရှင်းသည့်အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ဟိုင်းလတ်အငှားယာဉ်ဝင်ရောက်မှုကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ စတင်ကန့်သတ်ခဲ့၍ လအလိုက် သက်တမ်းတိုးပေးကာ ပညာပေးခဲ့ပြီး မေ ၁ ရက်မှစတင်ကာ ဌာနဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ခရီးသည်များ သယ်ယူပို့ဆောင် ဝင်ရောက်လာပါက စစ်ဆေးဖမ်းဆီးမှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအနေဖြင့် စားဝတ်နေရေးထိခိုက်မှုများ ရှိလာခြင်းကြောင့် ဆန္ဒပြမှုများ ပြုလုပ်ကြကြောင်းလည်း တွေ့ရှိရသည်။ ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာ၌ အဓိကကျဆုံးမှာ စည်းကမ်းလိုက်နာမှု အားနည်းခြင်းပင်ဖြစ်ပါသည်။ ဟိုင်းလတ်ယာဉ်များအနေဖြင့် ရလျှင်ရသလို လက်တစ်ဆုံးနှိုက်၍ စည်းကမ်းဖောက်ဖျက်တတ်သော အကျင့်ဆိုးများအပြင် ဆောင်ရွက်၍မရလျှင် ပြဿနာပြန်ရှာတတ်သော အကျင့်ဆိုးများကြောင့် ယခုကဲ့သို့ စည်းကမ်းဥပဒေဖြင့် တင်းကျပ်စွာပြန်လည်ထိန်းချုပ်ခံရခြင်းဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ဆိုင်သူများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မိသားစုများ၏ ဒုက္ခကိုလည်း တွေး၍ ကိုယ်ချင်းစာနာမိပါသည်။ ဟိုင်းလတ်ယာဉ်များ မဝင်ရန် စောင့်ဆိုင်းတားဆီးနေသည့် တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများမှာလည်း သူတစ်ပါးအပေါ် တားဆီးရသည့်အတွက် ဒုက္ခတစ်မျိုးကို ပူးတွဲခံစားရသလိုဖြစ်နေပေမည်။ သို့ဖြစ်ရာ တာဝန်ရှိသူများက ၂၄ နာရီပတ်လုံး မစောင့်ကြပ်နိုင်သည့် ညအချိန်၊ မနက်စစ်ဆေးရေးအဖွဲ့များ မလာမီအထိ ခိုး၍တင်ဆောင်မောင်းနှင်ကြခြင်းကိုက ယာဉ်အန္တရာယ်များ ထပ်မံဖြစ်ပွားစေဖို့ ဖိတ်ခေါ်သလိုဖြစ်နေပါတော့သည်။

ကျွန်တော်၏ အတွေးအမြင်အရဆိုပါလျှင် မှော်ဘီ၊ တိုက်ကြီး၊ ပဲခူးဒေသမှ ဒေသထွက်ကုန်များ အထူးသဖြင့် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ရန်ကုန်မြို့တော်သို့ သယ်ယူပို့ဆောင်မှုအတွက် ဟိုင်းလတ်အငှားယာဉ်များက အဓိကကျပါသည်။ မိသားစုများ၏ စားဝတ်နေရေးအတွက်လည်းကောင်း မြို့တော်နေပြည်သူများ မီးဖိုချောင်သုံးပစ္စည်းများ ဖြည့်တင်းရေးအတွက် ဒေသထွက်ကုန်များကို သယ်ယူပို့ဆောင်ရာတွင် ညပိုင်း ယာဉ်ကြောရှုပ်ထွေးမှုနည်းပါးချိန်များ၌ စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ တရားဝင်ပို့ဆောင်နိုင်ရေး ခွင့်ပြုပေးရန်စဉ်းစားသင့်ပါသည်။ စည်းကမ်းတကျလိုက်နာဆောင်ရွက်ရန် တာဝန်ရှိ မထသ အကြီးအကဲများကလည်း စစ်ဆေးကြပ်မတ်သင့်ပါသည်။

ဟိုင်းလတ်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များက ယခုဖြစ်ရပ်များကို သင်ခန်းစာယူ၍ မိမိတို့မော်တော်ယာဉ်အသင်း အဆင့်အတန်းမြင့်အောင် နိုင်ငံတော်အတွက် ပို့ဆောင်ရေးစွမ်းအားရှင်များဖြစ်အောင် ထိန်းသိမ်းလုပ်ဆောင်သွားသင့်ပါသည်။ အထူးသဖြင့် ယာဉ်အန္တရာယ်ကင်းဝေးအောင် မောင်းနှင်နိုင်သော ယာဉ်မောင်းကောင်းများအဖြစ် ကြိုးစားသွားသင့်ပါသည်။ အခွင့်အရေးရရှိသည့် အပေါ်တွင် လစ်လျှင်လစ်သလို၊ ရလျှင်ရသလို စည်းကမ်းဖောက်ဖျက်ခြင်း မရှိအောင် အချင်းချင်း ထိန်းသိမ်းဆောင်ရွက်သွားကြရပါမည်။ ဥပဒေကို မလိုက်နာပါကလည်း ထိရောက်သောပြစ်ဒဏ်ကိုပေးဖို့ ဝန်မလေးသင့်ပါ။

ကျွန်တော်တို့ ချီတက်နေသော ဒီမိုကရေစီ နိုင်ငံတော်ဆိုသည်မှာ တစ်ဦးချင်း ကိုယ်စီတာဝန်ယူမှုဖြင့် တစ်ပါးသူအား ထိခိုက်မှုမရှိစေသော စည်းကမ်းဖြင့် နေထိုင်မှုစနစ်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဟိုင်းလတ်ယာဉ်များ စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြေးဆွဲမှုကိစ္စသည် တာဝန်ရှိ စည်းကမ်းထိန်းသူများအနေဖြင့် တာဝန်ပေးချိန်အုပ်စုဖွဲ့၍ ဆောင်ရွက်ကြသော်လည်း ရေရှည်တွင် ဤသို့ဆောင်ရွက်သွားနိုင်ရန် ခက်ခဲလိမ့်မည်ဟု ထင်မြင်မိပါသည်။

အဆိုပါပြဿနာအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဥပဒေကဲ့သို့ အာဏာကိုခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သလို ဆောင်ရွက်လုပ်ကိုင်ရာတွင်လည်း အစွန်းတရားများကို ရှောင်ရှား၍ ပြဿနာ၏ အရင်းမြစ်များကို သေချာစွာ လေ့လာဖော်ထုတ်ပြီး အကောင်းဆုံးဖြစ်အောင် စဉ်းစားဆောင်ရွက်သွားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အတွက် နေကာမျက်မှန်များ ပေးအပ်လှူဒါန်း

မန္တလေး ဇွန် ၁၁

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်ရာတွင် ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်နိုင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးချုပ်(နေပြည်တော်)မှ ခွင့်ပြုထားပြီးဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် နေကာမျက်မှန်များတပ်ဆင်၍ တာဝန်ထမ်းဆောင်နိုင်ရန် အလှူရှင်တစ်ဦးတည်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာတွင် ခရမ်းလွန်ရောင်ခြည်ဒဏ် ကာကွယ်နိုင်ရေးအတွက် အလှူရှင် ဦးလှမြင့်(ရွှေနဂါးမင်္ဂလာခန်းမ)က ဇွန် ၅ ရက် နံနက် ၁၁ နာရီ၌ ရဲမှူးသိန်းကိုကိုထံသို့ မျက်မှန်အရေအတွက် ၃၁၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

“ယာဉ်ထိန်းရဲတွေ နေပူထဲမှာ တာဝန်ထမ်းဆောင်နေရတာကို ကိုယ်ချင်းစာလို့ မျက်မှန်တွေ လှူဒါန်းတာပါ” ဟု အလှူရှင်ဦးလှမြင့်က ပြောသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်စဉ် နေကာမျက်မှန်တပ်ဆင်ခွင့်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)မှ ဧပြီ ၂၄ ရက်က စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး မြင်ကွင်းရှင်းလင်းကြည်လင်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးအတွက် အနှောင့်အယှက်မဖြစ်စေသည့် မျက်မှန်အမျိုးအစားဖြစ်ရန်နှင့် အများပြည်သူအမြင်၌ သင့်တော်မှုရှိရန် လိုကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဖခင်အမည်မှန်

ရွှေဘိုမြို့ Dပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းတွင် ပညာသင်ကြားနေသော မောင်ဖြိုးဝေစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်း-၆+၆၆ (သာယာရွှေပြည်အိမ်ရာ)၊ မြေကွက် ၁၂၊ ဇရိယာ ဝ၃သမ ၁၁၀၈က၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးဉာဏ်ရှိန်-ဒေါ်ကေသီမြင့် ဖြစ်ပါသည်။ အဆိုပါ မြေ+ဆ/ဦးအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်(၂၃၃၈/၂၀၁၄)တင်ပြ၍ ဒေါ်ကေသီမြင့် ၁၂/မဂတ(နိုင်)၀၃၄၇၆၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၅၄၅၊ မြေကွက်တည်နေရာအမှတ်-၅၄၅၊ သုမိတ္တာ ၁၅လမ်း၊ ဦးသုတ ၁၂/ဥကမ(နိုင်)၁၄၃၉၉၄၊ ဦးခင်မောင် ၁၂/ဥကမ(နိုင်)၀၃၇၁၆၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသုတ(ခင်ပွန်း) ကွယ်လွန်အစုကို ဒေါ်ချိုချို ၁၂/ဥကမ(နိုင်)၁၂၁၁၂၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်နှင့်ဇနီး ဒေါ်ခင်ရီတို့ကွယ်လွန်၍ ၄င်းအစုကို ဒေါ်နီ ၁၂/ဥကမ(နိုင်)၀၃၇၁၆၂၊ ဒေါ်စန်းဌေး ၁၂/ဥကမ(နိုင်)၀၃၇၁၆၀၊ ဒေါ်လှလှဌေး ၁၂/ဥကမ(နိုင်)၀၃၇၁၆၁တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၄င်းတို့အားလုံးကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၀၉/၂၀၁၄)နှင့် (၂၀၁၀/၂၀၁၄)ဖြင့်ရရှိသူ ဒေါ်မြတ်ဖူးငုံ ၉/ပမန(နိုင်)၂၃၇၄၈၅က ပါဝါပေးသူသက်ရှိထင်ရှားရှိသေးကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/သမိုင်း၊ မြေကွက်အမှတ် ၁၈/ဇ၊ ၁၈/စ၊ ၁၈/ဆ၊ မြေကွက်တည်နေရာအမှတ် ၈၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ခင်စိန်)အမည်ပေါက် မြေပိုင်မြေ၊ B အိမ်ရာဝန်ခံချက်ပေးမြေအား အမည်ပေါက်ဖြစ်သူ မိခင် ဒေါ်ခင်စိန်မှာ ၁၅-၁-၂၀၀၉ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးခင်မောင်မှာ ၃-၉-၈၆ရက်တွင်လည်းကောင်း၊ ၄င်းတို့၏ သားအလတ်ဖြစ်သူ ဦးခင်မောင်ထွန်းမှာ ၅-၁၂-၂၀၀၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးနှင့် ချွေးမဖြစ်သူ ဦးခင်မောင်မြင့်(ခ)တောင်ကီချစ် ၁၂/မရက(နိုင်)၁၀၉၉၄၆၊ ဦးခင်မောင်သန်း ၁၂/မရက(နိုင်)၁၀၉၉၄၇၊ ဒေါ်ဌေးရင် ၁၃/လရန(နိုင်)၀၀၁၅၅၈၊ ဒေါ်တင်တင်လှ ၁၂/မရက(နိုင်)၁၀၉၉၄၉၊ ဦးခင်မောင်သိန်း ၁၂/မရက(နိုင်)၁၀၉၉၅၀၊ ဦးခင်မောင်ဌေး ၁၂/မရက(နိုင်)၁၀၉၉၅၁၊ ဒေါ်စိမ်းစိမ်းလှ ၁၂/မရက(နိုင်)၁၀၉၉၅၂တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့်အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉/သမိုင်း၊ မြေကွက်အမှတ် ၄/ည၇၊ မြေကွက်တည်နေရာအမှတ် ၇၅၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် မောင်သာအေးအမည်ပေါက် (အယ်လ်)သက်ကုန်မြေအား မြေအမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဦးအောင်သူမှ (တရားလို) ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၆/၂၀၁၃ ဖြင့် ပဋိညာဉ်အတိုင်း အရောင်း/အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးသာအေး၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်စောငြိမ်း၊ ဒေါ်စန်းတို့အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၁၁/၂၀၁၄ အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဒေါ်စောယုမွန်(ဒုတိယဦးစီးမှူး) ၁၂/သကတ(နိုင်)၁၄၅၃၁၇မှ တရားရုံးဒီကရီ အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/နွယ်အေး)၊ မြေကွက်အမှတ် ၁၄၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်ဝင်း KTDA-၀၂၂၆၇၅+ဦးစိုးထိုက် TKA-၀၀၄၃၇၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးထိုက်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၄င်း၏အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သိန်းသိန်းဝင်း P/RGN-၀၀၉၃၆၉ နှင့် ကျန်အမည်ပေါက် ဦးမောင်ဝင်း TKA-၀၀၄၃၇၁တို့ပူးတွဲ၍ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၂/ခ၊ မြေကွက်တည်နေရာအမှတ် ၂/ခ၂၊ လယ်ယာ ၁ လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်နွယ်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်နွယ် J/RGN-၀၂၇၀၁၇မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄/စက်မှုဇုန်၊ မြေကွက်အမှတ် ၁၄၈/၁၄၉၊ မြေကွက်တည်နေရာအမှတ် ၁၄၈/၁၄၉၊ ဇော်ဂျီလမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်အေးအေးသန့် ၁၂/တမန(နိုင်)၀၀၄၅၀၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးသန့်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်မိတ္တူ လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆)၊ မြေကွက်အမှတ် ၂၆၊ မြေကွက်တည်နေရာအမှတ် ၂၆၊ နွယ်သာကီလမ်း၊ ရွှေပြည်သာမြို့နယ် မြေအမျိုးအစား ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးအေးကြိုင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း) ၁၀/မဒန(နိုင်)၀၀၅၉၃၉က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၇၄၁၊ မြေကွက်တည်နေရာအမှတ် ၇၄၁၊ နီသြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် (၁)(ဒေါ်အုံးမြ)၊ (၂) (ဦးစိုးတင့်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးတင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၄င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်တင့် ၁၂/သကတ(နိုင်)၀၅၉၁၃၄နှင့် ကျန်အမည်ပေါက် ဒေါ်အုံးမြ ၁၂/သကတ(နိုင်)၀၈၈၀၁၉တို့မှ ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်၊ မြေကွက်အမှတ် ၁၀၂၊ မြေကွက်တည်နေရာအမှတ် ၁၀၂၊ ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်လှစန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှစန်း (ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးတင်ဝေ ၁၂/သကတ(နိုင်)၀၄၁၄၇၆ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၄/၂၀၁၄ ရရှိသူ ဦးအမိရ်ဟင်းဇာ(ခ)ဦးစိန်လှ ၁၂/တမန(နိုင်)၁၂၂၇၄၈မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီလိုပဲကြည့်နေကြတော့မှာလား

ခေတ်လူ(လှိုင်သာယာ)

ယခင်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာတိုးဂိတ်အလွန်တွင် မြို့ထဲဘက်သို့သွားသည့် ယာဉ်ကြောက နှစ်စီးစာခန့်သာရှိသည်။ သို့သော် ယခုအခါ လမ်းယာဘက်ခြမ်းတွင် ယာဉ်နှစ်စီးစာခန့်ထပ်မံတိုးချဲ့ထားသည်။ ထိုအခါ သက်ဆိုင်ရာမှ ယာဉ်အသွားအလာလွယ်ကူဖို့ လမ်းချဲ့ထွင်ထားခဲ့သော်လည်း ကျော်တက်လိုသူတို့မှာ လမ်းလယ်နှင့်လမ်းလယ်မှ ဒုတိယယာဉ်ကြောတွင် အများနည်းတူ တန်းစီရန် စိတ်မဝင်စားကြတော့ဘဲ ချဲ့ထားသောလမ်းမှ လုကာ မောင်းနှင်ပါတော့သည်။ ထို့နောက် ဘုရင့်နောင်တံတားနှင့် မီတာ ၁၀၀ လောက်တွင် ယာဉ်နှစ်စီးသာသွားလို့ရသော လမ်းကျဉ်းရာနေရာတွင် အတင်းဝင်တိုးကြပါတော့သည်။ ထို့ထက်ပိုဆိုးသည်မှာ အလယ်ယာဉ်ကြောနှင့် ဒုတိယမြောက်ယာဉ်ကြောတွင်လည်း တန်းမစီ၊ ချဲ့ထားသော လမ်းဘက်တွင်လည်း မမောင်းဘဲ ဆန့်ကျင်ဘက်ယာဉ်ကြောမှ ကျော်တက်ကာ ယာဉ်နှစ်စီးသာ သွားလို့ရသော လမ်းတွင် အတင်းဝင်ရောက်ခေါင်းထိုးကာ နေရာယူသော ယာဉ်များဖြစ်သည်။ တစ်ဖက်ယာဉ်ကြောကိုလည်း ဆန့်ကျင်မောင်းသည့်အတွက် ယာဉ်တိုက်မှုဖြစ်ရန် အလားအလာများသလို တစ်ဖက်ယာဉ်ကြောပိတ်သည့်အတွက် တစ်လမ်းလုံးပိတ်သွားပါတော့သည်။

ယင်းအခက်အခဲကို စနစ်ကျစွာ ထိန်းသိမ်းပေးခြင်းဖြင့် အထိုက်အလျောက် ဖြေလျှော့နိုင်မည်ဟု စာရေးသူထင်မိပါသည်။ တိုးဂိတ်မှအထွက်ကားများ စည်းကမ်းမဲ့ ကျော်မတက်နိုင်အောင် ယာဉ်ထိန်းများ တာဝန်ချထားပေးခြင်း၊ ကျော်တက်နိုင်သော လမ်းပေါက်များကို ကွန်ကရစ်တုံးများဖြင့် ပိတ်ဆို့ထားခြင်းများဖြင့် စနစ်တကျတန်းစီကာ တဖြည်းဖြည်းအလှည့်ကျသွားနိုင်မည် ဖြစ်သည်။

မြို့ထဲသို့ အသွားခရီးတွင် အထက်ပါကဲ့သို့ အခက်အခဲရှိသည့်နည်းတူ အပြန်တွင် အလာထက်ပိုပြီး ကြောက်စရာကောင်းလှပါသည်။ သမိုင်းခုံးကျော်တံတားတည်ဆောက်ပြီးစက လှိုင်သာယာသို့အပြန်ခရီးသည် အတန်အသင့်ချောမွေ့သည်ဟု ဆိုနိုင်သည်။ တံတားပေါ်မှ ဆင်းလာသော လှိုင်သာယာဘက်သို့ ယာဉ်ကြောတစ်ခု၊ တံတားအောက်မှ လာသောယာဉ်ကြောတစ်ခု၊ ဘုရင့်နောင်ဈေးမှ ထွက်လာသော ယာဉ်ကြောတစ်ခု စုစုပေါင်း ယာဉ်ကြောသုံးခုသည် တံတားအတက်တွင်ရှိသော ကပ်မောင်းနေသည့် ယာဉ်ကြောနှစ်ခုကို တိုးဝင်ရသည့်အတွက် အနည်းငယ်ချောင်သည်ဟုပင် ဆိုနိုင်ခဲ့သည်။ သို့သော် ယခုအခါတွင် ကားတံတားမှအဆင်းတွင် လှိုင်သာယာမြစ်ကူးတံတားချဉ်းကပ်လမ်းကျယ်ကြီးက ရှိနေပါတော့သည်။ ယခင်က ဘုရင့်နောင်ဈေးမှထွက်လာသော ယာဉ်များနှင့်တံတားအောက်မှ ယာဉ်များသည် ဘေးတွင် ယာဉ်မောင်းစရာ နေရာမရှိသည့်အတွက် ရှိသည့်တစ်လမ်းတည်းသာ တန်းစီတိုးလာခဲ့ကြသော်လည်း ယခုအခါတွင် ချဉ်းကပ်တံတားလမ်းမကြီးတွင် ပြိုင်ကားများအလားမောင်းကာ အလုအယက်ရှေ့သို့ ချီတက်လာကြတော့သည်။ ထို့နောက် နှစ်လမ်းသာရှိသော ယာဉ်ကြောထဲသို့ အလျှိုးသင့်သလို အတင်းတိုးဝင်ကြတော့သည်။ တိုးဝင်သည်မှာလည်း တစ်နေရာတည်းတွင်မဟုတ်။ တချို့ဆိုလျှင် တံတားသစ်ကြီးအစပ်အထိပင် မောင်းတက်သွားလိုက်ပြီး အနည်းငယ်မြင့်နေသော လမ်းပလက်ဖောင်းတုံးများကို ကျော်တက်ကာယာဉ်ကြောအတွင်း တိုးဝင်ကြတော့သည်။

ယခင်အခက်အခဲများကိုလည်း အထက်ပါအတိုင်း ယာဉ်များစနစ်တကျတန်းစီလာအောင် အကာအရံ တုံးများချထားခြင်း၊ ယာဉ်ထိန်းရဲများဖြင့် စည်းကမ်းတကျ တန်းစီသွားရန် ကြပ်မတ်ပေးခြင်းများဖြင့် အထိုက်အလျောက်လျှော့ချနိုင်သည်။

သို့သော် ယခုအခါ စည်းကမ်းပျက်ယာဉ်များက အထိန်းအကွပ်မဲ့ရှိနေသကဲ့သို့ ယာဉ်စည်းကမ်းနားမလည်၊ ဂရုမစိုက်သော စက်ဘီးများ၊ ဆိုင်ကယ်များမှာလည်း ကားများကြားတွင် စတန့်ပြသကဲ့သို့ စီးနင်းနေကြသည်။ လမ်းကျယ်ခရီးတွင် ထော်လာဂျီများ၊ ကုန်တင်ဆိုက်ကား၊ဂါလီများက လမ်းလယ်တွင် မောင်းနေ နင်းနေကြသကဲ့သို့ ဆိုင်ကယ်ကယ်ရီများကလည်း သုံးဦးမှ ငါးဦးအထိတင်ကာ ဆပ်ကပ်ပွဲခင်းနေကြသည်။ ညနေစောင်းတွင် ကြားကားဟု လူသိများသော လိုက်ထရပ်ကား၊ ဒိုင်နာများ၊ အလုပ်ပြန် မော်တော်ယာဉ်များ အပြိုင်မောင်းနေကြသည်။ ဘာအတားအဆီးမှမရှိ၊ တားမည့်သူမရှိ ၊ ဖမ်းမည့်သူရှား၊ ဒီလိုပဲကြည့်နေကြတော့မှာလား. . .॥ ॥

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျောင်းဆရာမလက်ကိုင်အိတ်လုယူပြေးသူဖမ်းဆီးအရေးယူ

လေးမျက်နှာ ဇွန် ၁၁

လေးမျက်နှာမြို့နယ် မြင်းကုန်းကျေးရွာနေ မူလတန်းပြဆရာမဖြစ်သူ ဒေါ်နွဲ့ယဉ်ထွန်း (၃၀ နှစ်)သည် ဇွန် ၄ ရက် ညနေ ၄ နာရီက ဆရာမ ဒေါ်ခင်မိုးအေး၊ ဆရာမ ဒေါ်ဝေမာလွင်တို့နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးသို့ သွားရန်အတွက် မြင်းကုန်းကျေးရွာမှ ထွက်လာခဲ့ကြရာ နင်းကြမ်းကျေးရွာအရောက်တွင် ဒေါ်ခင်မိုးအေးနှင့် ဒေါ်ဝေမာလွင်တို့နှစ်ဦး လမ်းခွဲပြီး ဒေါ်နွဲ့ယဉ်ထွန်း တစ်ဦးတည်း တာကြီးဘက်မှ ရွာထဲသို့သွားစဉ် တာကြီးအနီး လှည်းလမ်းအရောက် လူတစ်ဦးအနားရောက်လာပြီး ဆရာမ ဒေါ်နွဲ့ယဉ်ထွန်းလက်ထဲ၌ ကိုင်ထားသောအိတ်ကို လုယူထွက်ပြေးသွားသည်။

ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ ချက်ချင်းတိုင်ကြားပြီး စုံစမ်းရာ လက်ကိုင်အိတ်ကို လုယူထွက်ပြေးသွားသူမှာ အောင်အောင်(၂၁နှစ်) နင်းကြမ်းကျေးရွာ လေးမျက်နှာမြို့နေသူဖြစ်ကြောင်း သိရသဖြင့် ဇွန် ၆ ရက် ည ၇ နာရီက ဒေါ်နွဲ့ယဉ်ထွန်း၏ တိုင်တန်းချက်အရ လေးမျက်နှာမြို့မရဲစခန်းက အောင်အောင်ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ပုသိမ်-လုကြည်

ဆိုင်ကယ်ကိုကားကနောက်မှဝင်တိုက်၍အမျိုးသမီးတစ်ဦးသေဆုံး

ချောင်းဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မုန်ချိုကျေးရွာ၌ ဇွန် ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဦးမြို့နယ် မုန်ချိုကျေးရွာနေ မဖြူဖြူခိုင်သည် ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီက သူငယ်ချင်းဖြစ်သူ မငြိမ်းဇာဝင်းအား DIANG ဆိုင်ကယ်ဖြင့် တင်ဆောင်ပြီး ချောင်းဦးမြို့နယ်မှ မုန်ချိုကျေးရွာသို့အပြန် အရဲကျောင်းထိပ် အလျှုခံမဏ္ဍပ်၌ ခေတ္တရပ်စဉ် အောင်မျိုးဝင်းမောင်းနှင်လာသည့် ၉/----- ဖို့(ခေါင်းတို) ကျောက်များတင်ဆောင်လာသည့်ကားမှ နောက်က ဝင်တိုက်၍မငြိမ်းဇာဝင်းမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ကျောက်တင်ကားနောက်ဘီးနှင့်ကြိတ်မိကာ သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် အောင်မျိုးဝင်းအား အရေးယူထားကြောင်း သိရသည်။

ညွန့်ဝေ(ချောင်းဦး)

ကယ်ရီသမားဆိုင်ကယ်ကို ခရီးသည်နှင့်အဖော်တို့က လုယက်

ရန်ကုန် ဇွန် ၁၁

မြောက်ဥက္ကလာပ မြို့နယ်နေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုအောင်အောင်(၂၉ နှစ်)သည် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် ခေမာသီလမ်းနှင့် နွယ်သာကီလမ်းထိပ်တွင် ဆိုင်ကယ်ကယ်ရီဆွဲရန်အတွက် ၄င်းပိုင် ၂၀ယ/. . . JLM 125 ဆိုင်ကယ်ဖြင့် ဇွန် ၇ ရက် ည ၉ နာရီခွဲက ခရီးသည်စောင့်ဆိုင်းနေစဉ် အမျိုးသားတစ်ဦးရောက်ရှိလာပြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သီဂီလမ်းသို့ပို့ဆောင်ပေးရန် ငှားရမ်းသဖြင့် လိုက်ပို့ပေးခဲ့ရာ သီဂီလမ်းသို့အရောက်တွင် ခရီးသည် အမျိုးသားက ရပ်ခိုင်းပြီး ဓားဖြင့်ရွယ်ကာ ဆိုင်ကယ်ပေါ်မှ ဆင်းခိုင်းစဉ်နောက်ထပ်အမျိုးသားနှစ်ဦး ထပ်မံရောက်ရှိလာပြီး ၄င်းအားဆောင့်တွန်းကာ ဆိုင်ကယ်ကို လုယူမောင်းနှင်ထွက်ပြေးသွားကြကြောင်း သိရသည်။

အရေးယူ

ထိုသို့ဖြစ်ပွားစဉ် မြောက်ဥက္ကလာပမြို့မရဲစခန်းက လှည့်ကင်းရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဖမ်းဆီးနိုင်ခဲ့သဖြင့် အမျိုးသားသုံးဦးအနက် တစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူအား စစ်ဆေးရာ ၄င်းမှာ မြောက်ဥက္ကလာပမြို့နယ်နေ ထုံးဖြူ(ခ)မြင့်ဇော်ဦး(၂၆ နှစ်)ဖြစ်ကြောင်း သိရကာ ဆိုင်ကယ်နှင့်ထွက်ပြေးသွားသူနှစ်ဦးမှာ ကိုနိုင်(ခ)ကိုကိုနိုင် ကျောက်ရေတွင်းရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူနှင့် သီဟမင်းလွင်(စုံစမ်းဆဲ)တို့ဖြစ်ကြောင်း သိရသည်။

ထို့နောက် ၄င်းတို့နှစ်ဦးအား စုံစမ်းဆောင်ရွက်ခဲ့ရာ မောင်နိုင်(ခ) ကိုကိုနိုင်၏နေအိမ်အနီးရှိ လမ်းကြားအတွင်းမှ လုယက်ယူဆောင်သွားသည့် ဆိုင်ကယ်နှင့်အတူ ဓားဦးချွန်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယင်းကဲ့သို့ ကျူးလွန်သူများကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။ ထွက်ပြေးတိမ်းရှောင်နေသူ ကိုနိုင်(ခ)ကိုကိုနိုင်နှင့် သီဟမင်းလွင်တို့နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ယန္တရားများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	Country of Origin	မှတ်ချက်
၁။	Mobile Crane (30~35T)	3Nos	Japan	အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
၂။	Dump Truck (12m³)	15 Nos	Japan	
၃။	Rough Terrain Crane (50T)	1 No	Japan	
၄။	Tyre Roller(16 T)	4 Nos	China	မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
	စုစုပေါင်း	**23 Nos**		

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅

ဖခင်အမည်မှန် ဘားအံမြို့နယ်၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မေဖူးသက်ပိုင်ဇင်၏ဖခင်အမည်မှန်မှာ ဦးတင့်လွင်ဦး ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်းနှင့်ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ မယုမော်ထွေးနှင့် မမော်ထွေးမှာ တစ်ဦးတည်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်အရ ဖခင်အမည်မှန်မှာ ဦးလှကျန်ဖြစ်ပါကြောင်း။

မယုမော်ထွေး(ခ)မမော်ထွေး
၅/ကလထ(နိုင်)၁၆၂၇၇၈
ဦးလှကျန် ၈/မဗန(နိုင်)၀၂၀၄၂၃

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက(၁)၊ အဋ္ဌမတန်း(B)မှ မောင်မင်းထက်ဦး ၅/ကလထ(နိုင်)၂၄၁၂၉၈၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၅/ကလထ(နိုင်)၁၂၉၃၉၉ ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းဦး ၅/ကလထ(နိုင်)၁၂၉၃၉၉

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး
ပုသိမ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွဲဝေချထားမှုအရ အောက်ဖော်ပြပါ ပစ္စည်းအမျိုးအစားများကို အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်-

ပစ္စည်းအမျိုးအစား		တန်ဖိုး
(က) မိတ္တူကူးစက်(၆)လုံး	=	၄၉၈၀၀၀၀ိ/-(ခန့်)
(ခ) ကွန်ပျူတာ(၆)လုံး	=	၃၀၀၀၀၀၀ိ/-(ခန့်)
(ဂ) ပရင်တာ(လေဆာ)(၆)လုံး(A4ဆိုဒ်)	=	၇၈၀၀၀၀ိ/-(ခန့်)
(ဃ) ပရင်တာကာလာ(၁)လုံး(A3ဆိုဒ်)	=	၇၂၀၀၀၀ိ/-(ခန့်)
(င) ပရင်တာကာလာ(၁)လုံး(A4ဆိုဒ်)	=	၃၀၀၀၀၀ိ/-(ခန့်)
(စ) ပရိုဂျက်တာ(၂)စုံ	=	၈၅၀၀၀၀ိ/(ခန့်)
(ဆ) ဖက်စ်(၄)လုံး(သီးသန့်)	=	၅၆၀၀၀၀ိ/(ခန့်)
(ဇ) Laptop (၂)လုံး	=	၁၀၀၀၀၀၀ိ/(ခန့်)
(ဈ) Microphone (၁)စုံ	=	၁၃၁၀၀၀၀ိ/(ခန့်)
(ည) ဗီရို(သံ) ၁၀ လုံး	=	၁၅၀၀၀၀၀ိ/(ခန့်)

၂။ အပိုဒ်(၁)ပါ ပစ္စည်းအမျိုးအစားများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြပါရှိရမည်ဖြစ်ပြီး တင်ဒါ စတင်ခေါ်ယူသည့်ရက်မှာ ၉-၆-၂၀၁၄ရက်ဖြစ်ပြီး ၂၅-၆-၂၀၁၄ရက် နံနက် ၉း၃၀နာရီနောက်ဆုံးထား၍ တိုင်းဒေသကြီးလွှတ်တော်ရုံး တင်ဒါခေါ်ယူသည့်အဖွဲ့ထံ သတင်းပို့ရမည်ဖြစ်ပြီး အဆိုပါရက် နံနက် ၁၀း၀၀နာရီတွင် တင်ဒါခေါ်ယူရေးအဖွဲ့အစည်းအဝေးပြုလုပ်ပြီး တင်ဒါအောင်မြင်သူကို ကြေညာသွားမည်ဖြစ်ပါသည်။ **(တင်ဒါပိတ်ရက်နှင့် သတ်မှတ်ချိန်ထက် နောက်ကျ/ကျော်လွန်ရောက်ရှိလာသော တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။)**

၃။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး၊ တင်ဒါခေါ်ယူရေးအဖွဲ့ထံ ရုံးချိန်အတွင်း ဖုန်း-၀၄၂-၂၃၆၃၈၊ ၀၄၂-၂၃၇၁၅တို့သို့ စုံစမ်းနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်
တင်ဒါခေါ်ယူရေးအဖွဲ့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း(Sludge Oil)များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်ရက်** - ၂၀-၆-၂၀၁၄ ရက် (သောကြာနေ့)
အချိန် - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၃-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၁၉ သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဖခင်အမည်မှန်

တောင်သာမြို့၊ မင်းစု အထကခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မနန္ဒာလွင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြိုင် ၉/တသန(နိုင်) ၁၁၅၀၄၉ ဖြစ်ပါသည်။

ဦးဝင်းမြိုင်

အမည်မှန်

ဦးမောင်မောင်မြင့်သူနှင့် ဒေါ်အိန္ဒြာကျော်တို့မှ ၈-၃-၂၀၁၃ရက်တွင် မွေးဖွားခဲ့သောသားရတနာ၏အမည်မှန်မှာ မောင်သော်တာထိန်လင်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်ရှိ အမက(၂)၊ စတုတ္ထတန်းမှ မောင်နဝဒေးနှင့် တတိယတန်းမှ မရွှေရည်မြင့်မိုရ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ကျော်ဦး ၇/တငန(နိုင်)၁၃၈၀၇၄ ဖြစ်ပါသည်။

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၆ခ/၅၂၉၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သမဝါယမအသင်း အစည်းအဝေးကျင်းပ

ကျောက်မဲ ဇွန် ၁၁

ကျောက်မဲမြို့နယ် အမှတ်(၂) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၈ ရက်က ကျောက်မဲမြို့၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာကိစ္စရပ်များကို အသင်းဝင် ဦးဘသိန်းက လည်းကောင်း၊ အသင်း၏ စာရင်းအင်းဆိုင်ရာကိစ္စရပ်များကို အသင်းဝင်ဦးတင့်ဝေကလည်းကောင်း ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ထို့နောက် အမှုဆောင် အဖွဲ့ဟောင်းကို ဖျက်သိမ်း၍ အမှုဆောင်သစ်အဖွဲ့သစ်ကို ကော်မတီသဘာပတိ ဒေါ်ခင်တင့်က ဦးဆောင်ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးတင့်ဝေ၊ အတွင်းရေးမှူး ဦးဘသိန်းနှင့် အဖွဲ့ဝင် ငါးဦး၊ အသင်းသားစာရင်းစစ် နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့ကို အသင်းသားများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာဆိုခန့်အပ်ခဲ့သည်။

အစည်းအဝေးသို့ အသင်းသားအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး လူမှုရေးအလှူငွေများ ပေးအပ်ခဲ့ကြသည်။

မောင်မောင်

ဆင်းရဲမှုလျှော့ချရေးထောက်ပံ့ငွေဖြင့် ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲ လက်ပန်တောင်းရွာ၌ ကျင်းပ

စစ်ကိုင်း ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေးထောက်ပံ့ငွေဖြင့် ဖွင့်လှစ်သည့် စက်ချုပ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာ ကျေးလက်ဆေးပေးခန်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုတို့က စက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဆက်လက်၍ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် စက်ချုပ်သင်တန်းတွင် သင်တန်းထူးချွန်ဆုရရှိကြသည့် မမိုးမိုးမြင့်ခင်၊ မသင်းနွဲ့ဆွေ၊ မတင်နီလာဝင်း၊ မဝင်းမြင့်ခိုင်၊ မဇင်မာဦးတို့အား သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်း နည်းပြဆရာမ မခင်လေးဝေကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်ဇနီး ဒေါ်မညို၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသူများ၊ ဒေသခံကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။ **ဦးငယ်(ဆားလင်းကြီး)**

အရေးပေါ်သုံး ဆေးသေတ္တာများ ပေးအပ်ပွဲကျင်းပ

ကသာ ဇွန် ၁၁

ပြည်သူများ၏ ကျန်းမာရေးကို အကျိုးပြုစေရန်အတွက် အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က ကသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ သွားလာရေးခက်ခဲသောကျေးရွာများကို ဦးစားပေးရွေးချယ်ကာ ဆေးသေတ္တာ ၉၆ လုံးကို ပေးအပ်ခဲ့သည်။ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်ခင်သဲက ဆေးသေတ္တာအသုံးပြုပုံ အသုံးပြုနည်းများနှင့်ပတ်သက်၍ တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများကို သင်တန်းပို့ချခဲ့ပြီး ဆေးသေတ္တာများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် မြို့မိ မြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များလည်း တက်ရောက်ခဲ့ကြသည်။

မွန်မွန်(iprd)

ဝက်လက်မြို့နယ် မကျီးတုံကျေးရွာ၌ ရွှေဥဒေါင်းစာကြည့်တိုက်ဖွင့်

ဝက်လက် ဇွန် ၁၁

စာရေးဆရာကြီး ရွှေဥဒေါင်း၏ ဇာတိမွေးရပ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မကျီးတုံကျေးရွာ၌ ရွှေဥဒေါင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်ဖွင့်လှစ်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားစေရန် စာပေလေ့လာဖတ်ရှုစေလိုခြင်းဖြစ်သဖြင့် ကျေးရွာပြည်သူများအနေဖြင့် စာအုပ်စာပေများကို ဖတ်ရှုစေလိုကြောင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က ပြောကြားသည်။

ထို့နောက် ရွှေဘိုခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဝင်းက စာကြည့်တိုက်ရှင်သန်ရေး ဟောပြောပြီး စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က စာကြည့်တိုက်အတွက် သုတစာအုပ်များနှင့်စာသင်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်နန်းမြင့်တို့က စာကြည့်တိုက်အတွက် သုတစာအုပ်များ လှူဒါန်းကြသည်။**နန်းမြင့်**

တနင်္သာရီမြို့တွင် ကုန်စုံဈေးသစ် ဆောက်လုပ်ပြီးစီး

တနင်္သာရီ ဇွန် ၁၁

တနင်္သာရီမြို့တွင် ဒေသခံပြည်သူများ အဓိကအားထားနေသော ဈေးတစ်ခုဖြစ်သည့် အောင်မင်္ဂလာ(၂) ကုန်စုံဈေးအား မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ သန့်ရှင်းလှပရေး ရည်ရွယ်လျက် ချောင်းငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ယခင်ဈေးဟောင်းနေရာ၌ ဈေးသစ်အဖြစ် River-9 ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ရာ မေလဆန်းတွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဈေးသစ်မှာ ယခုအခါ အရောင်းအဝယ် စည်ကားလျက်ရှိကြောင်း သိရသည်။

အောင်မင်္ဂလာ(၂)ဈေးတွင် ဆိုင်ခန်းပေါင်း ၁၂၀ ရှိရာ အခန်း ၁၀၀ကို မူလပိုင်ရှင်များအား အခမဲ့ပြန်လည်ပေးအပ်ပြီး ကျန်အခန်း ၂၀ အနက် ငါးခန်းကို River-9 ကုမ္ပဏီထံ အခမဲ့နှင့် ၁၅ခန်းကို တစ်ခန်းလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်း အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ၄င်းရငွေဖြင့် ဈေးအတွင်း၌ ရေလောင်းအိမ်သာဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဈေးသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေကျပ် ၂၁၅ သိန်း ထောက်ပံ့မှုဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကို၏ ညွှန်ကြားချက်အရ အလျား ပေ၉၀၊ အနံ ၄၅ ပေ၊ အမြင့် ၁၃ ပေရှိ အာရ်စီ ကွန်ကရစ်ဈေးအဖြစ် ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်ဝင်း

MINISTRY OF TRANSPORT
MYANMA PORT AUTHORITY
INVITATION TO TENDER

Open tenders are invited by the Myanma Port Authority, for the supply of the following items-

Sr No.	Description	Currency	Closing Date & Time
1.	Spare Parts for Main Engine of M.V Hasdan (Cooler Insert-2 Units)	F.E	30-6-2014 (14:00 hours)
2.	Marine Diesel Engine & Gear Box for Pilot Cutter-(2 Sets)	Kyats	27-6-2014 (13:00 hours)
3.	M.S Welding Electrode (Kobe-30/RB-26)		
4.	Zinc Anode (3 Kg/6Kg)		
5.	Dee Shackle-(3 Items)		

Tender forms and documents are available at the Stores Department, (Near Toll Gate of Concrete Road), Seik Kan Township, Myanma Port Authority, starting from 12-6-2014 during office hours.

For further details, please contact telephone number 01-8610231, 01-8610232 and 01-8610229.

Controller of Stores
Myanma Port Authority

မသက်ဆိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)နယ်မြေ၊ အမှတ်(၆)ရပ်ကွက်၊ အိမ်အမှတ် ၁၉၆နေ ဦးတင်လတ် ၉/မလန(နိုင်)၀၀၂၃၆၃၏ဇနီး ဒေါ်အေးသန္တာစိုး ၁၄/သလခ (နိုင်)၀၁၀၀၂၃သည် ခင်ပွန်း၏ခွင့်ပြုချက်မရရှိဘဲ မိမိ၏သဘောထားအလျောက် ၃-၆-၂၀၁၄ ရက်တွင်နေအိမ်မှ ဆင်းသွားပါသဖြင့် ၄င်းနှင့်ပတ်သက်သမျှ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးတင်လတ်

လူပျောက်ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး ရပ်ကွက် နယ်မြေ(၂)နေ ဦးဝင်းနိုင်၏ဇနီး၊ မောင်အောင်နိုင်မိုး၏မိခင်၊ အဖ(ဦးသန်းအောင်)၊ အမိဒေါ်ဌေးရီတို့၏သမီး ဒေါ်အေးအေးမွန်(ခ)အေးမိုး ၅/တမန(နိုင်)၀၅၈၉၉၀ အရပ် ၄ ပေ ၉ လက်မသည် ၃-၅-၂၀၁၄ရက်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သတင်းပေးသူအား အထူးကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၅၀၁၇၉၊
၀၉-၄၀၀၅၁၇၉၀၆၊
၀၉-၃၃၇၇၂၂၀၅

လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ပုလဲကျေးရွာအုပ်စု တောင်ပိုင်းနေ ဦးဝင်းအောင်၏သား မောင်အောင်မျိုးနိုင် အသက်(၁၅)နှစ်သည် ၁၁-၅-၂၀၁၄ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၅၃၀၇၄၄၃၊
၀၉-၄၂၀၃၁၈၀၇

ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း(C)ရှိ မဟန်နီထွန်း၏ ဖခင်အမည်မှန်မှာ ဦးအုန်းကြိုင် ၁၂/မရက(နိုင်)၀၃၉၈၇၂ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ဌေး (ဘ)ဦးမြဲ ၁၂/ဥကတ(နိုင်)၀၃၇၉၁၈ ကိုင်ဆောင်သော ဒုတိယတန်း စက်ခန်းအုပ်လက်မှတ် ၂/၇၆ ရက်စွဲ ၅-၁-၇၆ အမှတ်သည် ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက်အတွင်း ခရီးသွားလာရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဦးတင်ဌေး**

ဖုန်း-၀၉-၄၉၃၁၅၁၀၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ချမ်းအေးသာစံမြို့နယ်တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ကိုကျော်နိုင်ထွေး **နှင့်** ဒေါ်ဖြူဖြူအောင်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ အကွက် ၃၇၃၊ မင်းကုန်းရပ်ကွက်၊ သံလျှက်မော်အနောက်ရပ်နေ ဒေါ်ဖြူဖြူအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုကျော်နိုင်ထွေးက ချေးယူငွေကျပ် သိန်း ၈၀ နှင့် နစ်နာကြေးငွေကျပ်၁၀သိန်း စုစုပေါင်းကျပ်သိန်း ၉၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စမ်းသီတာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းအေးသာစံမြို့နယ်တရားရုံး၊ မန္တလေးမြို့

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ထောက်ပံ့လှူဒါန်း

ဖယ်ခုံ ဇွန် ၁၁

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်မြှင့်တင်ရေး သင်ထောက်ကူပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ရက်က တောင်တန်းသာသနာပြု(ဗဟို)ဌာန မြို့ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်း လအိကျေးရွာ၊ စပ်ပလောက်ကျေးရွာ၊ ကောင်းဆောင်ကျေးရွာနှင့် မြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကျောင်းသားကျောင်းသူ ၄၁၇ ဦးအတွက် ဗလာစာအုပ်ဒါဇင် ၂၀၀ ကျော်၊ ပညာသင်ထောက်ပံ့ငွေကျပ် ၄၁၇၀၀၀ နှင့် သင်ထောက်ကူ ပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဦးစောအယ်ဒိုဝါးနှင့် ပညာရေးမိသားစုများက ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မန္တလေးမြို့ တောင်တန်းသာသနာပြုအလှူခံဌာန (မဟာဝိသုဒ္ဓါရာမတိုက်ဆည်မြောင်းကျောင်း ဆရာတော်ဦးဝိသာရဒ)က အတန်းစုံ၊ ဘာသာစုံအထူးထုတ်စာအုပ်များ၊ ဖယ်ခုံမြို့ မြို့မဈေးအတွင်းမှ အဝတ်အထည်(ပင်းလောင်း)ဆိုင်များက ပရိသတ်များနှင့် ကျောင်းသားကျောင်းသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး မြို့ဦးဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသား ကျောင်းသူ၂၂၀ ကို ဆပ်ပြာမှုန့်တစ်ထုပ်စီ၊ ကျောင်းသုံးရေစုပ်စက်နှင့် ပစ္စည်းစုံတပ်ဆင်လှူဒါန်းခဲ့ကြသည်။

မြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် မြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖယ်ခုံမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား တားဆီးနိုင်ခဲ့

တာချီလိတ် ဇွန် ၁၁

ရှမ်းပြည်နယ် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇွန် ၉ ရက် နံနက် ၆ နာရီခွဲက တာဝန်ကျရဲအုပ်ဝဿန်ကျော် ဦးဆောင်သည့်အဖွဲ့သည် အောင်စိုးမိုး အမြန်ယာဉ်ငယ်ဖြင့် လိုက်ပါလာသော ခွန်မောင်လွန်း (၃၇ နှစ်) ထီလုံးဆူရွာ လွယ်လွတ်အုပ်စု ဆီဆိုင်မြို့၊ ခွန်ကျော်(၂၀ နှစ်)နောင်ဆံဗက်ရွာ ဆီဆိုင်မြို့၊ ခွန်းအောင်နိုင် (၁၇ နှစ်) နောင်စံရွာ ဟိုပုံးမြို့၊ ခွန်မြမောင်(၁၆ နှစ်)လိပ်စာတူ၊ မောင်းပေး (၂၅ နှစ်) မြို့ဦးကွက်သစ် ဟိုပုံးမြို့၊ ခွန်ထွေးကျော် (၁၇ နှစ်) နောင်ဆံဗတ်ရွာ၊ ပါလောပါကယ်အုပ်စု၊ ဆီဆိုင်မြို့နေသူ ခရီးသည် အမျိုးသားခြောက်ဦးကို စိစစ်ရာ တာချီလိတ်နှင့် ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းမရှိဘဲ မိမိသဘောအလျောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တားဆီးခဲ့ပြီး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးရင်ရင်အေးက တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်ပါက လူမှောင်ခိုမှုတစ်ဆင့် လူကုန်ကူးဖြစ်ပွားတက်ပုံ၊ လူကုန်ကူးခံရပါက ရရှိနိုင်သည့် ဆိုးကျိုးများ၊ လက်ရှိဖြစ်ပေါ်နေသော ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို ပညာပေးဟောပြောခဲ့ပြီး နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ထိန်ပင်ဆည်ရေသောက် မြောင်းမကြီး တူးဖော်

မကွေး ဇွန် ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်အုပ်စု ပုဂံကုန်းကျေးရွာအနီးရှိ ထိန်ပင်ဆည်ရေသောက် မြောင်းမကြီး အရှည် ပေ၂၅၀၀၊ အကျယ် ငါးပေ၊ အနက် သုံးပေရှိ မြောင်းမကြီးအား တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိန်ပင်မြောင်းမကြီး တူးဖော်ခြင်းလုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်အထောက်အကူပြု ကော်မတီများ လိုက်ပါလျက် ဇွန် ၉ ရက်က လုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

ပုဂံကုန်းကျေးရွာအုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့နယ်က လယ်တွေမှာ အဓိကကြုံရတဲ့ အခက်အခဲက ရေမရတာပါပဲ။ ဒီနယ်က လယ်ဧက ၅၀၀ ကျော်ရှိပါတယ်။ ရေသာမှန်မှန်ရရင် ဒီကလယ်သမားတွေအဖို့ အတော်အဆင်ပြေမှာပါ။ ဒီမြောင်းကြီးပြီးသွားရင်တော့ ရေကိစ္စအဆင်ပြေသွားမယ်ထင်ပါတယ်။ နွေစပါးအပြင် သီးထပ်သီးညှပ်တွေပါ အချိန်မရွေး ထပ်စိုက်လို့ရရင် လယ်သမားတွေအဖို့ ပိုအဆင်ပြေမှာပါ" ဟု ပြောသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ထိန်ပင်မြောင်းမကြီး တူးဖော်ပြီးစီးသွားပါက ဒေသခံတောင်သူ ၈၀ ကျော်တို့၏ လယ်ဧက၅၀၀ ကျော်တို့တွင် မိုးစပါးအပါအဝင် သီးနှံမျိုးစုံတို့ နွေ၊ မိုး၊ ဆောင်း သီးထပ်သီးညှပ်များနှင့် သီးနှံမျိုးစုံတို့ အချိန်မရွေးစိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ဒေသခံတောင်သူ လယ်သမားများအဖို့ စိုက်ပျိုးရေ ပိုမိုရရှိပြီး အဆင်ပြေလာတော့မည် ဖြစ်သည်။

(ဝ၂၁)

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စုပေါင်းမျိုးစေ့ချ သရုပ်ပြ

မိုးညှင်း ဇွန် ၁၁

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP)၁၄ ချက်ဖြင့် စုပေါင်းမျိုးစေ့ချ စိုက်ပျိုးနည်းသရုပ်ပြပွဲကို ဇွန် ၉ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၈၃) တောင်သူဦးလှရွှေ၏ လယ်မြေငါးဧက၌ ကျင်းပခဲ့သည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ပျိုးပေါင်စနစ်ဖြင့် စိုက်ပျိုးရန်လိုအပ်သော နည်းပညာများနှင့် ပျိုးပင်များ အကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အားသားချက်များ၊ လယ်သမားများအတွက် အကျိုးရရှိလာပုံများကို ပြောကြားပြီး စိုက်ပျိုးရေးဝန်ထမ်းများက စုပေါင်းမျိုးစေ့ချ သရုပ်ပြမှုကို လက်တွေ့ဆောင်ရွက်ပြသကြသည်။

၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်၌ မိုးစပါး ၄၃၇၄၁၉ ဧက၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) ၁၀၅၅၃၅ ဧက၊ ပုလဲသွယ် ၄၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး မိုးညှင်းမြို့နယ်၌ မိုးစပါး ၈၁၉၅၈ ဧက၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) ဧက ၃၀၀၀၀ နှင့် ပုလဲသွယ် ဧက ၁၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ မျိုးကောင်းမျိုးသန့် မျိုးစေ့အသုံးပြုရန်၊ တစ်ဧက မျိုးစေ့နှုန်းလျော့နည်းစေရန်၊ ကျန်းမာသန်စွမ်းသော ပျိုးပင်များရရှိရန်နှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လက်တွေ့ကျင့်သုံးလာစေရန် ရည်ရွယ်ချက်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ကေဆိုင်းနော်(ဖားကန့်)

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အလက(၂)၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ပိုင်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းလတ်ဖြစ်ပါသည်။

ဦးကျော်မင်းလတ်

တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ အဇန်းတောစွန်းကျေးရွာနေ မောင်ပြည့်ဖြိုးဇော်၏ ဖခင် ဦးအုန်းညွန့်(ခ)ဦးအောင်မြင့် ၁၂/သခန(နိုင်)၀၃၆၄၉၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခြင်း

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဦးမောင်မောင်၏သား ဘသိန်း ၁၁/စတန(နိုင်)၀၀၆၈၉၈အား ဘသိန်း(ခ)သိန်းအောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ဘသိန်း(ခ)သိန်းအောင်

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးတင်လှ၏သား မောင်ဉာဏ်မင်းထွေးအား မောင်ဉာဏ်လင်းထွေးဟု ပြောင်းလဲခေါ်ပါရန်နှင့်မွေးသက္ကရာဇ်မှန်မှာ ၂၀-၁၀-၁၉၉၈ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ကင်းမြင်သာရွာနေ ဦးတင်ရွှေ၏သား မောင်အောင်မင်းထွန်းနှင့် မောင်ဝင်းမင်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်အောင်မင်းထွန်း(ခ)
မောင်ဝင်းမင်းထွန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၃၀၆၉၇)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးမျိုးဇော် အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးမျိုးဇော် ၅/စကန(နိုင်) ၁၆၇၉၃၁ (ဘ)ဦးဘကြည်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမည်ပြောင်းမိန့် မိတ္တူမှန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

ပင်းတယမြို့၊ ပင်စိမ်းပင်ရွာနေ ဦးစံဝင်း၏သမီး မဉမ္မာ ၁၃/ပတယ(နိုင်)၀၅၅၇၂၁ အား ယနေ့မှစ၍ မဉမ္မာဆူးဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

လားရှိုးမြို့၊ အလက(၈)၊ ပထမတန်း (ခ)မှ မောင်စွမ်းရည်ကိုကို ကျောင်းဝင်အမှတ်-၁၃၅၂၂ အား မောင်ဉာဏ်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၇၂၈၅ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုးနိုင် ၉/မခန(နိုင်)၁၀၁၈၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၆၈၆၃ Luojia M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၉/အမရ(နိုင်)၁၀၂၂၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၇၄ နေ ဒေါ်ဟွန်ချွန် ၁၃/တကန(နိုင်)၁၃၁၉၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးတားမြစ်ချက်ကြေညာလိုက်သည်။ မင်္ဂလာဒုံမြို့နယ်၊ နှယ်ခွေကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၁၀-A၊ ဦးပိုင်အမှတ် ၄၁၊ ၄၂၊ ၄၃ ရှိ မြေဧရိယာ ၁၀ ဧကကျော်ရှိ လယ်မြေကို ဒေါ်ဟွန်ချွန်မှ ၂၅-၆-၉၇ ရက်တွင် လက်ရှိပိုင်ရှင်ဟု စာရွက်စာတမ်းများတင်ပြ၍ ဦးမြသောင်း(ခ)ဦးမောင်မောင် B/RGN-၀၁၃၂၆၉ထံမှ ငွေကျပ် ၆၀၀၀၀၀၀/- (ကျပ်သိန်း ခြောက်ဆယ်တိတိ)ဖြင့် စာချုပ်စာတမ်းများချုပ်ဆို၍ အသိသက်သေများရှေ့တွင် ဝယ်ယူပိုင်ဆိုင်ထားပြီးအဆိုပါလယ်မြေယာကွက်အတွင်းသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းထားခြင်း ယနေ့အချိန်အထိမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လယ်မြေ ၁၀ ဧကအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်း၊ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ထားသူများ ပြန်လည်ရုပ်သိမ်း၍ ဖယ်ရှားထွက်ခွာပေးပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တရားဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးတင့်(မြောင်းမြ) ဥပဒေဘွဲ့ LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၉၃)
အမှတ် ၁၈၀၊ သုမိတ္တာ ၆ လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

မပပထွန်း ၇/ပခန(နိုင်)၃၇၈၈၉၄ အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး (၃) (ယခု တောင်ကိုရီးယားနိုင်ငံ)နေ ကိုထွန်းထွန်းဝင်း(ဘ)ဦးအောင်ဝင်း ၇/ပခန(နိုင်)၂၈၀၁၆၁ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ကိုထွန်းထွန်းဝင်းသည် တောင်ကိုရီးယားနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေစဉ် ဇနီးဖြစ်သူ မပပထွန်းသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ သားသမီးနှစ်ဦးအပေါ်တွင်လည်း မိခင်တစ်ယောက်အနေဖြင့် တာဝန်ကျေပွန်မှုမရှိခြင်း၊ ကိုထွန်းထွန်းဝင်း ပေးပို့သည့် ငွေများကိုလည်း အလွဲသုံးစားပြုလုပ်ခြင်း၊ အုပ်ထိန်းသူလူကြီးများဖြစ်သည့် ဦးသန်းနိုင်နှင့်ဒေါ်နီတို့၏ ဆိုဆုံးမမှုတို့ကိုလည်း နာခံမှုမရှိသည့်အပြင် ၁၉-၅-၂၀၁၄ရက်က လင်မယားနှစ်ဦးပိုင်ပစ္စည်းများအားလုံးကို ယူဆောင်၍ နေအိမ်မှဆင်းသွားကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

အထက်ပါအကြောင်းများကြောင့် ကျွန်ုပ်တို့၏အမှုသည် ကိုထွန်းထွန်းဝင်းမှ မပပထွန်းအား ၁၉-၅-၂၀၁၄ ရက်မှစပြီး ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မပပထွန်းနှင့်ပတ်သက်သည့်ငွေကြေးအရှုပ်အရှင်းကိစ္စများကိုလည်း လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဗညားအောင်(စဉ်-၈၅၅၆) ဦးမြင့်ဆွေ(စဉ်-၃၀၉၅)
(တရားလွှတ်တော်ရှေ့နေများ)
အမှတ် ၁၂၇၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊
ဖုန်း-၀၉-၅၃၀၁၉၂၈၊ ၀၉-၄၃၁၇၂၂၇၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တက္ကသိုလ်ဝင်တန်း အောင်ချက် ၂၈ ရာခိုင်နှုန်းကျော်ရှိ

လားရှိုး ဇွန် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၂၈ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း ရှမ်းပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ရုံးခွဲမှ သိရသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်မှ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုသူပေါင်း ၈၀၅၈ ဦးအနက် ၃၆၅၆ ဦး အောင်မြင်ခဲ့သည်။ ဘာသာစုံဂုဏ်ထူးရသူတစ်ဦး အပါအဝင် ဂုဏ်ထူးရသူပေါင်း ၅၅၈ ဦး ရှိကြောင်း သိရသည်။ ဂုဏ်ထူးရသူများသော ဘာသာများမှာ ဘောဂဗေဒနှင့် ဇီဝဗေဒ ဘာသာရပ်များဖြစ်ပြီး မြန်မာဘာသာ ၁၉ ဦးပါဝင်ကြောင်း ပညာရေးဌာနမှ သိရသည်။

လားရှိုးမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုသူပေါင်း ၃၅၄၁ ဦးရှိပြီး အောင်မြင်သူ ၁၂၈၃ ဦးရှိသဖြင့် အောင်ချက် ၃၆ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဂုဏ်ထူးရသူ ၂၀၁၄ ဦးရှိကြောင်း သိရသည်။ မြန်မာဘာသာတွင် ဂုဏ်ထူးရသူရှစ်ဦးမှာ လားရှိုးမြို့နယ်မှဖြစ်သည့်အတွက် ဂုဏ်ယူမိကြောင်း ကျောင်းအုပ် ဆရာမကြီးတစ်ဦးက ပြောသည်။ ဘာသာစုံဂုဏ်ထူးရသူမှာ မူဆယ်မြို့ ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ရမဆ -၂၁၉အရိန္ဒမာဖြစ်ကြောင်း သိရသည်။ ငါးဘာသာဂုဏ်ထူးရသူ ၁၁ ဦးအနက် လားရှိုးမှ ရှစ်ဦး၊ ကျောက်မဲမှ တစ်ဦး၊ နမ့်ဆန်မှ တစ်ဦး၊ မူဆယ်မှ တစ်ဦးဖြစ်ကြောင်း သိရသည်။ **မမ(လားရှိုး)**

မြန်မာကိုရီးယားအိုင်တီစင်တာတွင် Android နည်းပညာသင်တန်းသစ်များ ဖွင့်မည်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ဖွင့်လှစ်ထားသော မြန်မာကိုရီးယား အိုင်တီစင်တာတွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွက် Android နည်းပညာသင်တန်းသစ်များ ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ စာရင်းပေးထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

Android Mobile Application များ ရေးသားရန်အခြေခံသင်တန်းဖြစ်သော Android Mobile Application Development Course ကို ဇူလိုင်လအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၇၀၀၀၀ဖြစ်ကာ သင်တန်းကာလမှာ ရက် ၂၀ ခန့် ကြာမြင့်မည် ဖြစ်သည်။ သင်တန်းတွင် Android ဖုန်းသုံး Application များရေးသားခြင်းနှင့် ရေးသားရာတွင် သိသင့်သိထိုက်သော အချက်များကို စာတွေ့လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ဖွင့်လှစ်ထားခဲ့သော Android Mobile Application Development Course များတွင် တက်ရောက်ပြီးသူများ ထပ်မံတက်ရောက်နိုင်မည့် နောက်ဆက်တွဲ အဆင့်မြင့်သင်တန်းဖြစ်သော Android Game with Arduino Microcontroller(Basic Course) သင်တန်းကိုလည်း ဇွန် ၂၇ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကြေးမှာ ငွေကျပ် ၄၀၀၀၀ ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။

သင်တန်းများတွင် မြန်မာကိုရီးယား အိုင်တီစင်တာ၏ ဖိတ်ကြားချက်အရ Korea Aerospace University မှ ဘွဲ့ရIT ပညာရှင်များနှင့် Korea ဆရာများက လာရောက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းများအတွက် လူဦးရေကန့်သတ်ထားပြီး နည်းပညာ ပြန့်ပွားရေးအစီအစဉ်အရ သင်တန်းကြေးများကိုလည်း လျှော့ချပေးထားကြောင်းသိရသည်။ သင်တန်းအတွက် အသေးစိတ်စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကွန်ပျူတာအသင်းချုပ်တွင် အထက်ပါသင်တန်းများအပြင် Project Management Business Modeling, Database Modeling သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ **သူရ**

မိုးရွာသွန်းမှု မှန်ကန်စေရန်အတွက် ကျောက်ပန်းတောင်း ရပ်ကွက်၊ ကျေးရွာများတွင် မိုးခေါ်လွန်ဆွဲပွဲပြုလုပ်

ကျောက်ပန်းတောင်း ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယခုနှစ်အဖို့ မိုးရွာသွန်းမှု နည်းပါးသည့်အပြင် ရွာသွန်းသည့်မိုးမှာလည်း ကွက်ကျားမိုးသာဖြစ်သဖြင့် မိုးခေါ်လွန်ဆွဲပွဲများပြုလုပ်နေကြကြောင်း သိရသည်။

မိုးရွာသည့်ဒေသအချို့တွင် အနည်းငယ်သာရွာသွန်းပြီး စိုက်ပျိုးရန်လုံလောက်သည့် မိုးမရရှိသေးသကဲ့သို့ အချို့ကျေးရွာများတွင်မိုးတစ်ကြိမ်မျှပင် ရွာသွန်းခြင်းမရှိသေးကြောင်း သိရသည်။ ထို့ကြောင့် မိုးရွာသွန်းမှုမှန်ကန်စေရန်အတွက် ကျေးရွာအချို့တွင် စုပေါင်း၍ မိုးခေါ်လွန်ဆွဲပွဲများပြုလုပ်ကြသည့်အပြင် မြို့ပေါ်ရပ်ကွက်အချို့တွင်လည်း၊ မိမိတို့လမ်းအလိုက်သော်လည်းကောင်း၊ အပိုင်းလိုက်သော်လည်းကောင်း လူငယ်များစုပေါင်း၍ မိုးခေါ်လွန်ဆွဲပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် ဇွန် ၆ ရက်က ပြုလုပ်သော မိုးခေါ်လွန်ဆွဲပွဲတွင် ပါဝင်သူ လူငယ်တစ်ဦးက "ကျွန်တော်တို့ အောင်မင်္ဂလာရပ်ကွက်အနောက်ပိုင်းအဖွဲ့ကလူငယ်တွေ စုလုပ်ကြတာပါ။ ဒီနေ့က ဒုတိယနေ့ပါ။ မနက်ဖြန်နဲ့ သုံးရက်လုပ်ကြမှာပါ။ ဆွဲတဲ့ကြိုးက မိကျောင်းနွယ်ကြိုးပါ။ လူကြီးတွေက မိကျောင်းနွယ်တို့၊ ကြွက်နမောက်နွယ်တို့နဲ့ ဆွဲရတယ်။ အဲဒါတွေမရမှ အုန်းဆံကြိုးနဲ့ဆွဲရတယ်ဆိုတာနဲ့ ပုပ္ပားဘက်က မရရအောင် သွားရှာခဲ့ရတာ။ အဲဒီနွယ်ကိုမှ သုံးလွန်းတင်ကြိုးလုပ်ပြီးဆွဲကြတာပါ" ဟု ပြောသည်။ အောင်မင်္ဂလာရပ်ကွက်သာမက ကျောက်ပန်းတောင်းမြို့ပေါ်ရပ်ကွက်အချို့နှင့် မြို့နယ်အတွင်း ရွာအချို့တွင်လည်း မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်နေကြကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုနောက်ကျနေမှုကြောင့် စိုက်ပျိုးရေလုံလောက်စွာမရရှိဘဲ လယ်သမားများ အခက်ကြုံနေသဖြင့် မြို့နယ်တာဝန်ရှိသူများကစီစဉ်၍ ချောက်မြို့နယ် ငွေချိုတောင်ဆုတောင်းပြည့် မိုးကောင်းဘုရားကြီးအား ပင့်ဆောင်ကာ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံခဲ့ပြီးနောက် မြို့ပေါ်နှင့် မြို့နှင့်အနီးဝန်းကျင်ကျေးရွာအချို့တွင် မိုးရွာသွန်းမှု အနည်းငယ်ရှိခဲ့ပြီး မိုးရေချိန် ၀ ဒသမ ၄ လက်မခန့် ရရှိခဲ့ကြောင်း သိရသည်။

နေအောင်

ဇေယျာသီရိမြို့နယ်တွင် နွေစပါးပုလဲသွယ် စံကွက်ရိတ်သိမ်း

နေပြည်တော် ဇွန် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် နွေစပါးပုလဲသွယ်စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၁၀ ရက်က ကျောက်ချက်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၀၈၊ ဦးပိုင်အမှတ် ၂၀ ဧရိယာ၃ ဒသမ ၈၈ ဧက တောင်သူဦးတိုး၏ နွေစပါးပုလဲသွယ်စံပြစိုက်ခင်း၌ ကျင်းပခဲ့သည်။

စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်း ၁၃၆ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သိန်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးနှင့် မြေစာရင်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လာမည့် ၂၀၁၄-၂၀၁၅ မိုးရာသီတွင် အထွက်နှုန်းကောင်း ပုလဲသွယ် စပ်မျိုးစပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

မင်္ဂလာဆုတောင်း

နှစ် (၂၀)ပြည့် မင်္ဂလာနှင့် မလေးရဲ့ ၁၂-၆-၂၀၁၄ ရက်မှာကျရောက်သော ရွှေရတုမွေးနေ့မှသည် ရာသက်ပန် မိသားစုသာယာပျော်ရွှင် ချမ်းမြေ့နိုင်ပါစေ။

မောင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီလမ်း၊ အမှတ် ၂၆၁/ကဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၆၁/က၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ပတ်သက်၍

မြေကွက်အမည်ပေါက်သူသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာတွင် လက်ရှိနေထိုင်သူ ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်)၀၄၉၉၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အား မူလအမည်ပေါက်သူဒေါ်ခင်မေဝင်း(ခ)ရိုဂျီဘီထံမှ ၁၀-၃-၁၉၉၆ ရက်တွင် ဒေါ်ဝင်းကြည်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုလက်ရှိဖော်ပြပါမြေကွက်အား လက်ရောက်ပိုင်ဆိုင်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဝင်းကြည်သည် တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မူလအမည်ပေါက်သူအား ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေထံ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ရန်ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်(ခ)ဦးမောင်ကြီး	**ဒေါ်တင်မိုးခိုင်**
LL.B (စဉ်-၃၂၃၄၃)	**LL.B (စဉ်-၄၂၁၆၉)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၅၆၊ ၀၉-၃၁၁၃၂၁၄၀

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ညောင်ပင်လှကျေးရွာနေ ဦးဝင်းမင်းစိုး၏သမီး မဟန်နီဇော်သင်းအား မဆုရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုရတီထက်

တစ်ဦးတည်းဖြစ်ကြောင်း

ဦးဝင်းထွန်း၏သမီး မောင်တောမြို့၊ အမှတ်(၄)ရပ်ကွက်မှ မမေကဆုန် ၁၁/မတန(နိုင်)၀၂၃၂၈၈ နှင့် မမေကဆုန်လှိုင်ဝင်းသန့်တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

ပ သုံးလုံး ဝါတွင်း ရဟန်းတော်များ ဝိပဿနာသင်တန်း

ပ သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ (၄၆)ကြိမ်မြောက် ဝါတွင်း ရဟန်းတော်များ ဝိပဿနာပညာသင်တန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၉ရက် (ဝါဆိုလပြည့်ကျော် ၈ရက် ၁၃၇၆ ခုနှစ်)မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

ရဟန်းတော်များသည် သာသနာဝင်မှတ်တမ်း (မူရင်းနှင့်မိတ္တူ)၊ ပထမလတ်တန်း အောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)၊ ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်ဖြစ်ပြီး အမှတ် ၂၀/၂၁(ဃ)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ပသုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်သို့ ဇူလိုင် ၁၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၃၇၇၇၃၁**

အမှုဆောင်အဖွဲ့

အိန္ဒိယဆရာဝန်ကြီးလာရောက်မည်

အိန္ဒိယနိုင်ငံမှ နှလုံးနှင့်သွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီးသည် ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လာရောက်ရန်ရှိပါသဖြင့် မြန်မာဗားတက်(စ်)ကုမ္ပဏီလီမိတက်၊ အခန်း ၁၃၀၈၊ ပုလဲကွန်ဒို(စီ)ဆောင်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၉၃၆၅၉၊ ၀၉-၄၂၀၀၄၅၆၂၄၊ ၀၉-၅၁၇၃၆၇၁၊ ၀၉-၄၂၁၁၂၆၄၅၂၊ ၀၉-၅၁၀၉၇၄၈ များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ပျောက်ဆုံး

ကျွန်တော် ဦးသောင်းလိန် ၄/ဟခန(နိုင်)၀၁၃၂၁၄၏ နိုင်ငံကူးလက်မှတ်ခရီးသွားရင်းပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၀၀၄၁၄၀၇၆**

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက(၁)၊ န၀မတန်းမှ မဝတ်ရည်ခိုင်(ခ) သုံးပေါင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှ ၁၂/ဥကမ(နိုင်)၀၆၆၆၆၀ ဖြစ်ပါကြောင်း။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မစိုးနွယ်ထွန်း ၁၂/မဂဒ(နိုင်)၀၆၁၀၉၇ သည် မိဘ၏စကားကို နာခံမှုမရှိခြင်း၊ နည်းမျိုးစုံဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်၊ အကြိမ်ကြိမ်ပြုလုပ် ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင် - ဒေါ်တင်တင်ဝင်း

အမျိုးသားယာဉ်မောင်း(၁)ဦး ခန့်ထားလိုသည်

သောက်ကြန့်မြို့အနီးတွင် နေထိုင်သူဖြစ်ရမည်။ အသက် ၂၅ နှစ်မှ ၃၅ နှစ် အတွင်းရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ယာဉ်မောင်း သက်တမ်း (၃)နှစ် ရှိရမည်။ ယာဉ်စည်းကမ်းလိုက်နာ၍ ယာဉ်မောင်း ကျွမ်းကျင်သူဖြစ်ရမည်။ ကွမ်း၊ အရက်၊ ဆေးလိပ် မစား၊ မသောက်သူ ဖြစ်ရမည်။ ၂၅ ကီလို ပစ္စည်းချီမနိုင်သူ ဖြစ်ရမည်။ ထိုက်သင့်သော လစာနှင့် ခံစားခွင့်ရပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၂၇၅၂၈၊ ၀၉-၇၃၂၃၈၀၀၈

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံငှားရမ်းထားသူ ပိုင်ရှင်များအတွက် နှိုးဆော်ချက်

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံများ ငှားရမ်းခြင်းဖြင့် ရရှိသောဝင်ငွေများသည် တည်ဆဲအခွန်ဥပဒေအရ အခွန်စည်းကြပ်ရန်အတွက် ထည့်သွင်းစဉ်းစားသော ဝင်ငွေအမျိုးအစားတွင် ပါဝင်လျက်ရှိပါသဖြင့် အထက်ပါလုပ်ငန်းဖြင့် ဝင်ငွေရရှိသူများအနေဖြင့် အောက်ပါသတင်းအချက်အလက်များကို စာဖြင့်ဖော်ပြလျက် မိမိတို့နေထိုင်သောမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်-

ငှားရမ်းသည့် အဆောက်အအုံနှင့် မြေတည်ရှိရာလိပ်စာ၊ ပိုင်ရှင် အမည်၊ နေရပ်နှင့် တယ်လီဖုန်းအမှတ်၊ ငှားရမ်းယူသူအမည်၊ ငှားရမ်းသည့်ကာလ၊ တစ်လငှားရမ်းခ။

ပြည်တွင်းအခွန်များဦးစီးဌာန

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး (ဘာသာစုံဂုဏ်ထူး)ရှင် ၁၁ဦးအပါအဝင် ဂုဏ်ထူးရှင်စုစုပေါင်း ၁၁၅ဦးအား သင်ကြားမွေးထုတ်ပေးနိုင်ခဲ့သည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အင်းစိန်၏ ကျောင်းအုပ်ကြီး ဦးတင့်ဝေနှင့်တကွ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြရပါသည်။

အထက(၂)အင်းစိန် ကျောင်းသား ကျောင်းသူဟောင်းများ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးသိန်းဝင်း-ဒေါက်တာစန်းစန်းမော်တို့၏သမီးကြီး မစိမ့်သဉ္ဇာထွန်းသည် ခုံအမှတ် ဆထက-၁၀၅ဖြင့် အထက(၃)မင်္ဂလာဒုံမြို့နယ်မှ ဘာသာစုံ(ခြောက်ဘာသာ)ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဘိုးဘိုး ဦးမောင်မောင်- ဘွားဘွား ဒေါ်မြသင်
ဦးဦး၊ ဒေါ်ဒေါ်၊ မောင်ညီမလေးများ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးဝင်းမြင့်-ဒေါ်ထွန်းထွန်းကြူတို့၏သမီး မဖြူစင်ဝင်းပ(ခုံအမှတ် မနတ-၁၀၀၆)သည် ခြောက်ဘာသာဂုဏ်ထူး(ဘာသာစုံဂုဏ်ထူး)ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးပင်လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘွားဘွား	- ဒေါ်ဆက်ကိုး (ဘုရင်မအထည်ဆိုင်)
အဒေါ်များ	- ဦးဝင်းမြင့်-ဒေါ်ခင်သန်းကြူ (ကောလင်းမြို့)
	(ဦးလှရွှေ)-ဒေါ်မြင့်မြင့်ကြူ (မန္တလေးမြို့)
	ရာယ်စန်းချမ်း-ဒေါ်စိန်စိန်ကြူ (တရုတ်တိုင်ပေ)
ဦးလေးကြီး	- ဦးစိုးသန်းထွန်း-ဒေါ်ခင်မေသန်း
	ပွင့်သစ်စမ်းစားသောက်ဆိုင်(ရန်ကုန်မြို့)
ဦးလေးငယ်	- ဦးရဲကျော်စွာ-ဒေါ်သီတာ(Queen K.T.V)
အစ်ကို	- ကျော်မင်းထွန်း KAPALAN MURDOCH တက္ကသိုလ် (ခေတ္တ-စင်ကာပူ)
	ထက်အာကျော်(ဆစ်ဒနီတက္ကသိုလ်၊ ခေတ္တ ဩစတေးလျ)
အစ်မ	- မစိုးသဉ္ဇာသိမ့်(ဆစ်ဒနီတက္ကသိုလ်၊ ခေတ္တ ဩစတေးလျ)

Talents & Models

အထူးသင်တန်းများ

- ကိုယ်ရည်ကိုယ်သွေးတောက်ပမှုသင်တန်း(Personal Grooming Course)
- စကားပြောကောင်းလိုသူများအတွက် (M/C, Presenter Course)

မှတ်ချက် ။	။ ကိုယ်ရည်ကိုယ်သွေးတောက်ပမှုသင်တန်း အမျိုးသမီးအရပ်-၅'၈" နှင့်အထက်(အခမဲ့) အမျိုးသား အရပ်-၆' နှင့်အထက်(အခမဲ့)
ဆက်သွယ်ရန် ။	။ ၀၉-၇၃၀၅၅၇၄၆၊ ၀၉-၇၃၁၃၉၂၃၂ အမှတ်(၃၀) သုံးလွှာ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်
သင်တန်းစမည့်ရက် ။	။ ၂၇-၆-၂၀၁၄ တွင် တန်းခွဲသစ်စမည်။



ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးမင်းဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိန် ၆/ဘပန(နိုင်)၀၁၅၀၂၈ ဖြစ်ပါကြောင်း။

ဦးမြင့်စိန်

GREAT MASTER CONSTRUCTION CO., LTD.

နိုင်ငံတကာအဆင့်မီ အဆောက်အအုံများဆောက်လုပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ အမှတ်(၁၃၃)၊ အခန်းအမှတ်(G-1) မြေညီထပ်၊ လမင်းသာယာကွန်ဒို၊ ရိုးမဘဏ်ဘေး၊ စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၉၀၀၀၀၃၃၊ ၀၉-၇၃၂၂၄၆၂၄

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Project Engineer** — ကျား ၁ ဦး
- B.E, A.G.T.I (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်အထက်ရှိပြီး ဦးဆောင်နိုင်သူဖြစ်ရမည်။
- (၁၂)ထပ်အမြင့် ဆောက်လုပ်ဖူးသူ ဦးစားပေးမည်။

၂။ **Site Engineer** — ၅ ဦး
- B.E, A.G.T.I (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ အထပ်မြင့် ဆောက်လုပ်ဖူးသူဖြစ်ရမည်။

၃။ **Accountant** — မ ၃ ဦး
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
- B.Com (or) LCCI Level III ဖြစ်ရမည်။
- Accounting Software & Excel ကျွမ်းကျင်သူဖြစ်ရမည်။

၄။ **Site Manager (စီမံခန့်ခွဲရေး)** — ကျား ၁ ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။
- အသက်(၃၅)နှစ်အထက်ဖြစ်ရမည်။

၅။ **Sale & Marketing Staff** — မ ၁၀ ဦး
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြား ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။
- ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။

၆။ **Office Staff** — မ ၁၀ ဦး
- ၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၇။ **Site Helper** — ကျား ၅ ဦး
- အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ အသက် ၃၀ အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူဖြစ်ရမည်။

၈။ **Security** — ကျား ၁၀ ဦး
- ကျန်းမာရေးကောင်းမွန်ပြီး ရိုးသားကြိုးစား၍ အလုပ်ချိန်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ [နေ့ (သို့) ည တာဝန်ထမ်းဆောင်နိုင်ရမည်။]

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူတို့နှင့်အတူ ၂၅-၆-၂၀၁၄ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၃၁၀/ခ၊ မြေကွက်တည်နေရာ အမှတ်(၃၁၀/ခ)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ [မိုင်မွန်ဘီ(ခ)မရင်မွန်] အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိုင်မွန်ဘီ(ခ)မရင်မွန်ထံမှ အပိုင်ပေးစာချုပ်အမှတ် ၃၁၈၁(၁၄-၁၂-၂၀၀၀)ရက်စွဲဖြင့် ရရှိသူ အေအန်မိုဟာမက်(ဒ်)မိုဟီဒင်(ခ)ဦးမြသိန်းနှင့် (ဇနီး)ဒေါ်ဖာတမာဘီဘီ(ခ)ဒေါ်ပု၊ (သား) ဦးခင်မောင်လှ(ခ)ဇင်ဘာရ်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြသန်း S/OKA-၀၅၃၀၉၃၊ ဒေါ်ခင်သိန်း(ခ)ဟာဝါဘီ ၁၂/ဥကတ(နိုင်)၁၂၅၁၄၆၊ ဦးလှသိန်း(ခ)ဆီကင်ဒါရ် ၁၂/ဥကတ(နိုင်)၁၂၅၀၉၇၊ ဒေါ်မြသိန်း(ခ)ကယ်လ်မာဘီ ၁၂/ဥကတ(နိုင်)၁၂၅၁၃၆၊ ဦးတင်ဦး(ခ)ခါဂျာမိုဟီဒင် ၁၂/ဥကတ(နိုင်)၀၀၇၈၉၀၊ ဦးခင်လှ(ခ)နိမ်နာ ၁၂/ဥကတ(နိုင်)၁၂၅၀၉၅၊ ဦးထွေးသိန်း ၁၂/ဥကတ(နိုင်)၁၂၅၀၉၄၊ ဒေါ်စန်းမော်လွင်(ခ)စန်းအေးလင်း ၁၂/ကတတ(နိုင်)၀၀၄၂၆၅တို့က သားသမီးများနှင့် ချွေးမတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းချရမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းကြားစာများကို စိစစ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

ဇီးကုန်းမြို့နယ်တရားရုံးတော်၌

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၆

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ် ၁၅

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဇီးကုန်းမြို့။	နှင့်	၁။ ဦးထင်အောင် ၂။ ဒေါ်လှဲ့ဝင်းချို
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ဦးထင်အောင်၊ ဒေါ်လှဲ့ဝင်းချို အေးမြသာယာမြို့သစ် ၆ လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဇီးကုန်းမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင်နေအိမ်နှင့် ခြံမြေအား ကြမ်းခင်းဈေး ၃၅၄ သိန်း (ကျပ် သုံးရာငါးဆယ့်လေးသိန်း)တိတိဖြင့် ရောင်းချပါမည်အကြောင်း မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ-ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ချိန်းဆိုထားပြီးဖြစ်သည်။

၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ရုံး-ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၂၅၄၃၇၉၅၆၆
အိမ်-အမှတ် ၇၇၆၊ ၂ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၃၀၈၇၃

ဖခင်အမည်မှန်

အောင်သပြေ အထက၊ န၀မတန်းမှ မမေဦးခင်၏ ဖခင်အမည်မှန်မှာ ဦးရဲလေး ၁၃/တကန(နိုင်)၁၅၆၇၈၇ ဖြစ်ပါကြောင်း။ **ဦးရဲလေး**

အမည်ပြောင်း

ဦးအေးကို၏သမီး ကျိုင်းတုံမြို့၊ အထက (၅)၊ ဆဋ္ဌမတန်း(A)မှ မစိုးယုဝတီအား မသဒ္ဒါဖြူစင်သန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသဒ္ဒါဖြူစင်သန့်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂ဃ/၇၅၆၀၄၊ Follow me 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေသန်း ၁၃/ညရန(နိုင်)၀၇၈၉၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၅၁၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

အမှတ်(၁၅)၊ အထက(ဇလဲ)၊ အဋ္ဌမတန်း(က)အောင်မှ နန်းသဥ္ဇာ၏ ဖခင်အမည်မှန်မှာ ခွန်မောင်လွန်းဖြစ်ပါကြောင်း။ **ခွန်မောင်လွန်း**

ဖခင်အမည်မှန်

အမှတ်(၁၅)၊ အထက(ဇလဲ)၊ အဋ္ဌမတန်း(က)အောင်မှ နန်းဖိ၏ ဖခင်အမည်မှန်မှာ ခွန်မောင်လွန်းဖြစ်ပါကြောင်း။ **ခွန်မောင်လွန်း**

မွေးသက္ကရာဇ်မှန်

အောင်ပန်းမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရန်နိုင်သက်၏ မွေးသက္ကရာဇ်မှန်မှာ ၃-၁၂-၁၉၉၆ ဖြစ်ပါကြောင်း

လုံးချင်းတိုက်နဲ့နေကြမယ်

အောင်သုခကုမ္ပဏီမှတည်ဆောက်ရောင်းချသည်။
မြေယာမှုကင်းသောယာအိမ်ရာအတွင်းဖြစ်ပါသည်။
မည်သူမဆို လာရောက်လေ့လာနိုင်ပါသည်။
သဃင်္န်းကျွန်းမြို့နယ်၊ကြီးပွားရေးရပ်ကွက်၊
နတ်စင်အေး ကွန်ကရစ်လမ်းမှဝင်ရပါသည်။
ဖုန်း- [illegible]

ခရုသင်းသမင်ဖြူ

[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၃ခုနှစ်(သို့မဟုတ်)၂၀၁၄ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

 ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၄ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကြော်ငြာကဏ္ဍ

ယွန်းနုဒီဦး

"ဂျပန်ဘာသာစကားသင်တန်းကျောင်း"

ဂျပန်နိုင်ငံတွင် ကျောင်းတက်ရင်း

အလုပ်လုပ်နိုင်မည့်အခြင်

Trainee / Work Permit / Business စသည့်

အခွင့်အလမ်းများအတွက် -

စကားပြောသင်တန်းများစတင်နေပါပြီ။

ဂျပန်လူမျိုးများ ကိုယ်တိုင်သင်ကြားပေးမည်။

ဆက်သွယ်ရန် - အမှတ် (၁၁၃) မြေညီထပ်၊ ၄၃လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၀၁ - ၃၇၈၇၀၈၊ ၃၈၅၃၂၆၊ ၃၉၈၄၂၂၊ ၃၇၆၂၃၂

ကြော်ငြာကဏ္ဍ

လမ်းမတန်းနေရာကောင်းရောင်းမည်

ရန်ကုန်-အင်းစိန်လမ်းမတန်းကြို့ကုန်းလမ်းဆုံ၊ မျက်နှာစာ-ပေ(၃၀)၊ဧရိယာ-၀.၂၄၅ ဧက၊ ပိုင်ရှင်အမည်ပေါက်နှစ်(၆၀)ဂရံ၊

ဖုန်း- ၀၉-၅၀၃၁၁၆၅၊၀၉-၇၃၂၂၅၃၉၅

LCCI YAR PYAE

LCCI (UK) Level I & II, Level III

"တစ်ခုတည်းသောအခမဲ့သင်တန်းကျောင်း"

[illegible]

ဖုန်း: 09-31538581, 09-49302752

ကြော်ငြာကဏ္ဍ

Autumn Dream Group of Companies

E-101, Kaba Aye Villa Residence, Myangone Tsp, Yangon

Ph - 09-73135777, 09-73214777, 09-30024283

info.autumndreamgroup@gmail.com

1. Assistant Manager M/F (1)post
- (၃၀) နှစ်နှင့်အထက်ဖြစ်ရမည်။ [illegible]
2. Site Engineer M (2) posts
- BE/ME (Civil)
- Minimum 24 years and above
- Minimum 2 years experience
- Able to travel/working outside Yangon
3. Office Staff M/F (2) posts
- Any graduate
- Minimum 22 years
- Minimum 1 year experience
- Can use Microsoft Office, Internet & E-mail
- Able to travel
4. Driver M (2) posts
- (၃၀) နှစ်နှင့် (၄၅) နှစ်ကြားဖြစ်ရမည်။ [illegible]

[illegible] CV (၁) စုံ [illegible]

သစ္စာနှင့်အတူ ငါသေမည်။

ဦးကျော်ဇေယျ

(ဓမ္မရသဓာရ)

စာအုပ်ဆိုင်များတွင်မေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၅၀၃၅

JIN SEON (ဂျီးနိုဆောန်)

B.A, Korean(YUFL)

ကိုရီးယားအခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း

EPS-TOPIK တန်းခွဲသစ်အား (၁၇-၆-၂၀၁၄)ရက်နေ့တွင် သင်တန်းစပါမည်။ သင်တန်းအပ်လက်ခံနေပါပြီ။

တိုက် ၈၁ ၊ အခန်း A3၊ ၃ထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ တာလီရွှေဆိုင်အနီး

ဖုန်း ၀၉ ၅၀၉ ၀၄၆၈၊ ၀၉ ၂၅၀ ၅၉၇၄၃

နှစ်စဉ်ဘာသာစုံဂုဏ်ထူးထွက်သည့်ကျောင်း

OiAC

ကိုယ်ပိုင်အထက်တန်းကျောင်း

ဂုဏ်ယူဝမ်းမြောက်ခြင်းမှတ်တမ်း

(၂၀၁၃ - ၂၀၁၄) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် OiAC ရန်ကုန်နှင့် OiAC - 2 နေပြည်တော်မှ ထူးချွန်စွာ အောင်မြင်ခဲ့သည့် **ဘာသာစုံဂုဏ်ထူးရှင် – ၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် – ၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် – ၁၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် – ၇ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် – ၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် – ၂၀ ဦး နှင့် ထူးချွန်စွာ အောင်မြင်ကြသော** ကျောင်းသား၊ ကျောင်းသူအားလုံး၏ အောင်မြင်မှုများအား OiAC နှင့် OiAC - 2 ကိုယ်ပိုင်အထက်တန်းကျောင်းမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ အားလုံးကို အောင်မြင်မှုများရရှိအောင် စေတနာ၊ မေတ္တာ၊ ဝရီယာ အပြည့်ဖြင့် သင်ကြားပြသပေးပါသော ဆရာ၊ ဆရာမကြီးများ၊ တာဝန်ရှိ လူကြီးမင်းများနှင့် လေ့ကျင့်ရေး ဆရာ၊ ဆရာမများအားလုံးကိုလည်းကောင်း၊ နေထိုင်စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်ချက်မရှိအောင် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ကြသော ဝန်ထမ်းများအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

တည်ထောင်အုပ်ချုပ်သူ
ဦးရဲလင်း + ဒေါ်အိအိခင်

OiAC (ရန်ကုန်) ကိုယ်ပိုင်အထက်တန်းကျောင်း

[illegible]

OiAC-2 (နေပြည်တော်) ကိုယ်ပိုင်အထက်တန်းကျောင်း

[illegible]

ကြော်ငြာကဏ္ဍ

သန်လျင်မြို့နယ်၊ သံဃနာယကရုံး(သံဃာ့ဗိမာန်) တည်ဆောက်ရန်အတွက် အလှူရှင်များအား ဖိတ်ခေါ်ခြင်း

သန်လျင်မြို့အရှေ့ထမ်းရပ်ကွက်၊ ကျိုက်ခေါက်စေတီတော်အနီး တည်ဆောက်လျက်ရှိသော အလျား(၅၅)ပေxအနံ(၄၂)ပေxအမြင့်(၂၅)ပေရှိ နှစ်ထပ်သံဃာ့ဗိမာန်တော်ကြီးကို အပြီးတိုင်ခန့်ငြား ထည်ဝါစွာ တည်ဆောက်နိုင်ရန်အတွက် သဒ္ဓါကြည်ညိုလိုပါရှိမူ အပေါင်းတို့က လှူဒါန်းပေးကြပါရန် နိုးဆော်အပ်ပါသည်။ ... [illegible] ... အလှူရှင်များကို ကမ္ပည်းတင်ပေးပါမည်။

ဆက်သွယ်လှူဒါန်းရန် -

၁။ ဘဒ္ဒန္တဇာနက၊ ဥက္ကဋ္ဌ (သန်လျင်မြို့နယ်သံဃနာယကအဖွဲ့)၊ ဖုန်း-၀၉ ၄၂၀၂၂၉၉၃၉

၂။ ... [illegible] ... သံဃာ့ဗိမာန်တည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၉၅၀ ၅၅၆၁၈

၃။ ဦးအေးဝင်း (နိုင်ငံ ... [illegible]) ... ဖုန်း-၀၉၅၀ ၁၅၀၂၂

၄။ ဦးအေးသာ ၊ ဥက္ကဋ္ဌ ၊ မြို့နယ်ဥပဒ္ဒကအဖွဲ့၊ သန်လျင်မြို့၊ ဖုန်း- ၀၉ ၂၅၀၁၂၅၈၉

၅။ သာသနာ့ဗိမာန်ရုံးအဖွဲ့၊ ဖုန်း - ၀၅၆ ၂၂၀၀၄၊ ၂၂၀၁၄

ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMENT

အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် **STI Education** တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ **Certificate** သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Certificate in Financial Services (CFS)**

(ခ) **Certificate in Business Management (CBM)**

၁။ တက္ကသိုလ်ဝင်တန်း **ဖြေဆို** ၊ **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ ... အတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ သင်တန်းကာလ (၆)လကြာမြင့်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ (၉)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration/ Finance and Banking (BBA)** ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA** ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း နှင့်မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

တက္ကသိုလ်ဝင်ဖွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် **BBA** ဘွဲ့အထိ ပညာသင်ဆုဖြင့် လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် **(STI Education)**

ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား) ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး ပုဇွန်တောင်မြို့နယ်

ဖုန်း - ၀၉၄ ၂၀၁၀၁၃၃၀၊ ၀၉၄ ၂၀၀၈၀၁၅၅၊ ၃၇၁၉၈၈၊ ၅၀၁၁၅၀/၅၂ ၀၉၄ ၂၀၂၅၉၈၁၂

အများသိစေရန်ကြေညာချက်

ဦးရဲမြင့်နိုင် ၁၄/ဗဟန(နိုင်) ... [illegible] ... ဒေါ်မာမာချို ၁၂/ဥကမ(နိုင်)၁၀၉၂၁၀၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၆၆၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆၆၉/ခ၊ တိုးချဲ့လမ်းသစ် (၁)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် (ဦးဖြူဦး) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဖြူဦး(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်မြိုင် ၁၂/သကတ(နိုင်)၀၄၉၇၂၅က သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၇၊ မြေကွက်အမှတ် ၃၇၊ မြေကွက်တည်နေရာအမှတ် ၃၇၊ နီလာလမ်းသွယ် ၁၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ (ဒေါက်တာမျိုးမြင့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါက်တာမျိုးမြင့်(ဖခင်)၊ ဒေါ်တင်တင်ဝင်း(မိခင်)တို့ ကွယ်လွန်သူတို့၏ သားများဖြစ်သော (၁) ဦးမျိုးသန့်ဝင်း ၉/မရမ(နိုင်) ၀၀၃၉၇၀၊ (၂) ဦးဥက္ကာမျိုး ၉/မရမ(နိုင်) ၀၉၂၅၁၂တို့ မွေးဖွားခဲ့ပြီး ဦးမျိုးသန့်ဝင်းက အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၅၈၈/၂၀၁၄)အရ ဦးဥက္ကာမျိုးအား ပေးအပ်ခဲ့ပြီး ၎င်းမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇော်ဇိဗ္ဗထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးသွားမည်ဆိုပါက စိတ်ချစွာ ... [illegible]

ရင်မှာကြည်နူး **'ဇော်ဇိဗ္ဗထူး'** နှင့် ဆက်သွယ်လိုက်ပါ။

ရန်ကုန်ရုံးချုပ် - ... [illegible] ... ဖုန်း-၀၁-၃၇၇၈၀၄၊ ၀၁-၃၇၈၈၆၆

မန္တလေးရုံး - ... [illegible]

ဒေါ်ကြည်ကြည်မြင့်ဦးစီးသော ရွှေမဟာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာမူလဇောဓိပင်လက်ယာတောင်ကိုင်းဖြစ်သော ဗောဓိပင် အစစ်ကိုဖူးရအောင်၊ ... ဘုရားရှင်(၃)ကြိမ်တိုင်တိုင် ကြွရောက်တော်မူခဲ့သော ... ဘုရားဖူးခရီးစဉ်ကို ၂၀၁၄ ခုနှစ်ဩဂုတ်လ(၁)ရက်နေ့တွင် **ရွှေမဟာ** ဘုရားဖူးအဖွဲ့မှဘုရားဖူးထွက်ခွာပါတော့မည် ... အချိန်မီ စာရင်းပေးသွင်းနိုင်ကြပါပြီ။

ရန်ကုန်ရုံးချုပ် - အမှတ်(၆၃)ဗေလျှဝင်(တို)လမ်း၊ ... ရန်ကုန်မြို့။

ဖုန်း-၀၁-၅၃၂၀၈၆၊ ၀၁-၅၁၈၀၉၆၊ ၀၉-၅၁၈၈၃၇၆၊ ၀၉-၅၁၃၄၀၄၄၊ ၀၉-၄၃၂၀၀၆၄၆

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို (၂၃-၆-၂၀၁၄)တွင်ဖွင့်လှစ်ပါမည်။ လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

၂၆-၅-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ(၁၂)ပါ ဦးလှရွှေ ဦးမိုးဇော်ဦး တရားလွှတ်တော်ရှေ့နေများနှင့် အထက်တန်းရှေ့နေ ဦးဝင်းခင်လွင်၊ Myanmar Asia Express Trading Co., Ltd ၏ ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့၏ အများသိစေရန် ရှင်းလင်းကြေညာခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

၂၆-၅-၂၀၁၄ ရက်ပါ မြန်မာ့အလင်းသတင်းစာပါ ... [illegible] ...

USD - 50,000/- ၊ (...-၂၀၁၁)တွင် USD - 30,900/- ၊ (...-၂၀၁၁)တွင် USD - 30,000/- (...-၂၀၁၁)တွင် USD - 28,000/- ၊ (...-၂၀၁၁)တွင် နှစ်ရာခိုင်နှုန်းစုစုပေါင်း USD - 80,000/- ... [illegible] ... USD - 10,000/- ... Myanmar Asia Express Trading Co., Ltd ... USD - 7,000/- ... USD - 55,900/- ... USD - 30,000/- ... USD - 25,900/- ... Myanmar Asia Express Trading Co., Ltd ... USD - 10373/- ... Myanmar Asia Express Trading Co., Ltd ... [illegible]

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်မောင်(ခေါ်ဦးကျော်ညွှန့်) တရားလွှတ်တော်ရှေ့နေ (H.G.P, LL.B, D.B.L) ... [illegible]

ကြော်ငြာ ကြော်ငြာ ကြော်ငြာ

ပညာမြိုင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၄/၀၂၉

ပညာမြိုင်းမိုရ်

ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆောင်မြင့်ဘော်ဒါ

❖ ကျောင်းကြို/မူကြိုသည်။

၅တန်းမှ၁၀တန်းအထိအတန်းများစတင်ဖွင့်လှစ်ပြီ။

❖ Repeater ကျောင်းသားသစ်လက်ခံပြီ ❖

❖ ကျောင်းကြီးတက်ရန်မလို၊ ကျူရှင်တက်ရန်မလို တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း။

❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။

❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။

❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။

❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ [illegible] ရန်ကုန်မြို့။

❖ ပညာမြိုင်းမိုရ်ကျောင်းသားဆောင် - ၂၈၇၊ [illegible] ရန်ကုန်မြို့။

❖ ပညာမြိုင်းမိုရ်ကျောင်းသူဆောင် - ၃၀၊ [illegible] ရန်ကုန်မြို့။

Ph : 09-31233275, 01-562830, 09-73004720, 09-5001158

S E V E N ♀

[illegible]

S E V E N ♀ နှင့် [illegible]

[illegible]

ဖုန်း - ၀၉-၇၃၃၃၃၃၁၃၄၊ ၀၉-၇၃၁၁၃၀၀၉၉၉၊ ၀၁-၂၅၅၇၄၅

လုပ်ငန်းခွင်ဝင်မည့်သူများအတွက် တက်ရောက်နိုင်သော သက်မွေးပညာကွန်ပျူတာသင်တန်းများ

- Interior Design
- Revit, SketchUp
- 3Dsmax
- Video Editing
- Auto CAD
- Graphic Design

ကျွမ်းကျင်မှုကို ဦးစားပေးသော သင်ကြားပေးသည်။

PROMOTION ကွန်ပျူတာသင်တန်းကျောင်း

0973184525, 09255776471, ☎ 389038

ကျူး/သားကျန် B.A (Korean) M.U.F.L

သင်တန်းဒ၊ စုံ(၂)လမ်း၊ စံပြဈေးရှေ့ အထိန်းကျွန်း၊ ၂၊ ပဲခူးမြို့မ(၇)ထပ်ဈေး။

09-250 23 47 49 , 09-49 45 22 61

ဦးထွန်းဝင်း B.A (Korean) M.U.F.L

မြောက်ဥက္ကလာပအဝိုင်း၊ မဟာနန္ဒကာ၊ [illegible] (၁)အခန်း(၁၅)။

09-400 495 645 , 09-428 179 451

TMK B.A (Korean) M.U.F.L

EPS & Speaking

ဗိုလ်အောင်ကျော်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

09-42 50 13 111 , 09-54 18 435

ဦးကျော်သီဟ B.A (Korean) M.U.F.L

Ever Stand (only EPS)

only (7) in one section

အမှတ်(၁၀၁)၊ 8/C [illegible]

09-4310 7402 , 09-420 132 133

ဦးမင်းမောင် B.A (Korean) M.U.F.L

မှလပထမ Solid Star

[illegible]

09-420 1313 67, 09-3611 6528

[illegible]

09-331 71695,09-250186678

EPS

ကိုရီးယား အထူး သင်တန်းများ

➤ ကိုရီးယားနိုင်ငံတွင် တရားဝင်အလုပ်လုပ်လိုသူများအတွက် EPS (သင်ရိုးဟောင်း + သင်ရိုးသစ်) သင်တန်းများ

➤ အခြေခံသဒ္ဒါမှစ၍ အဆင့်မြင့်စကားပြောသင်တန်းများ

➤ သုံးနှုံးစမေ့ Level (1,2) & (3,4) သင်တန်းများ

➤ အမျိုးသမီးများအတွက် အခြေခံစကားပြော

(၁) လလျှင် ဝမ်း ဆယ်သိန်း နှင့်အထက် ရမည်

Aiming For Success

edexcel Approved Centre No. 93711

Myanmar Noble College ဖွင့်လှစ်မည့်

BTEC HND သင်တန်းများ

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ BTEC HND Certificate ရရှိမည့်ဘာသာရပ်များကို (၇.၇.၂၀၁၄)ရက်နေ့တွင် Myanmar Noble College ၌ တန်းခွဲသစ် (7th Batch) ဖွင့်လှစ်ရန်ရှိပါသည်။

သင်ယူနိုင်သော ဘာသာရပ်များ -

- ✔ HND Engineering
  - Construction & the Built Environment (Civil)
  - Electrical & Electronics
  - Mechanical
- ✔ HND Business
- ✔ HND Computing & System Development (IT)

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ၊ IGCSE (or)GCE'O' Level အောင်မြင်ထားသူများသည် Foundation မှတက်ရောက်နိုင်ပြီး LCCI Level(3) ပြီးစီးသူများသည် Year I မှဆက်လက်တက်ရောက်နိုင်ပါသည်။

Edexcel ၏ Syllabus အတိုင်းသင်ကြားလျက်ရှိပြီး(၆)လတစ်ကြိမ် External Verifier များမှမှန်မှန်စစ်ဆေးကြီးကြပ်လျက်ရှိရာ 1st Batch ကျောင်းသား/ကျောင်းသူများ HND Certificate များရရှိခဲ့ပြီးဖြစ်ပါသည်။

Myanmar Noble College မှ HND Certificate ရပြီးနောက်ဘာသာရပ်အလိုက် Bachelor Degree ရရှိရန်အတွက် UK နိုင်ငံ University of Portsmouth, University of the West of England (Bristol), Singapore နိုင်ငံ PSB Academy, MDIS နှင့် Shelton College များသို့ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ထားပါသည်။

Myanmar Noble College

No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar. Ph-01-220476 , 09-73163975

www.myanmarnoblecollege.com

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

[illegible]

ကျွန်ုပ်သို့ဆက်သွယ်ရန်လိပ်စာ

ဒေါ်အေးအေးမြင့် (LL.B, D.B.L)

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ဦးစိုးလင်း(LL.B)

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဦးစိုးလင်းလွင် LL.B, D.B.L, D.M.L

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 9B/4580 Nissan Diesel,Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဦး၊ ၅/မရန(နိုင်)၀၀၉၀၆၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်သည်။ ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့။

မြန်မာ့အလင်း
Brasil 2014
ကမ္ဘာ့ဖလားအထူးကဏ္ဍ
၂၀၁၄ခုနှစ်၊ ဇွန် ၁၂ ရက်၊ ကြာသပတေးနေ့။

AIR KBZ

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အပေါ် ရင်ခုန်ခံစားကြည့်ခြင်း

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ပထမဆုံးပွဲစဉ်အဖြစ် အိမ်ရှင်ဘရာဇီးနဲ့ ခရိုအေးရှားအသင်းတို့ ဇွန် ၁၃ ရက် (သောကြာနေ့) နံနက် ၂ နာရီ ၃၀ မိနစ်အချိန်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒါကြောင့် Arena de Corinthians ကွင်းမှာ အဖွင့်ပွဲယှဉ်ပြိုင်ကစားကြမယ့် ဘရာဇီးနဲ့ ခရိုအေးရှားအသင်းတို့ရဲ့ လက်ရှိအနေအထား၊ ဖြစ်နိုင်ဖွယ်ရလဒ်တို့ကို ကြိုတင်သုံးသပ်တင်ပြပေးလိုက်ပါတယ်။

ဘရာဇီး၏ အနေအထား

ဘရာဇီးအသင်းဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှာ တာဝန်စယူခဲ့တဲ့ နည်းပြစကိုလာရီရဲ့ လက်အောက်မှာ အကောင်းဆုံးခြေစွမ်းပုံစံကို ရရှိနေတယ်။ အထူးသဖြင့် ၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာ နာမည်ကြီး စပိန်အသင်းကို ၃-၀ နဲ့ အနိုင်ယူပြီး ချန်ပီယံဆုရယူနိုင်ခဲ့တဲ့ ဘရာဇီးရဲ့ ခြေစွမ်းကို ပြိုင်ဘက်အသင်းတိုင်း အလေးထား ယှဉ်ပြိုင်ရမှာဖြစ်တယ်။

ဘရာဇီးအသင်းက ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အိမ်ရှင်ဖြစ်တာကြောင့် အခြားပြိုင်ပွဲဝင်အသင်းတွေလို ခြေစစ်ပွဲတွေမကစားခဲ့ရပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစမ်းပွဲပေါင်းများစွာကစားပြီး အသင်းကိုပြင်ဆင်ထားတယ်။

နောက်ဆုံး ခြေစမ်းပွဲနှစ်ပွဲမှာ နည်းပြစကိုလာရီဟာ တိုက်စစ်မှူးဖရက်ဒ်ကို အထောင် တိုက်စစ်မှူးအဖြစ်ထားပြီး ဖရက်ဒ်ရဲ့နောက်မှာ နေမာ၊ အော်စကာ၊ ဟတ်ခ်တို့ကိုထား၊ ကွင်းလယ်မှာ ဂူစတာဗိုနဲ့ ပေါ်လင်ဟိုတို့ကို တာဝန်ပေးပြီး တိုက်စစ်နဲ့ ကွင်းလယ်ကို တည်ဆောက်အသုံးပြုခဲ့တယ်။ ဒါကြောင့် ကမ္ဘာ့ဖလားအဖွင့်ပွဲအဖြစ် ခရိုအေးရှားနဲ့ ကစားမယ့်ပွဲမှာလည်း ဒီတိုက်စစ်၊ ကွင်းလယ်ပုံစံမျိုးနဲ့သာ ပွဲထွက်လာဖို့ များတယ်။

နောက်ဆုံးခြေစမ်းပွဲ နှစ်ပွဲမှာ နည်းပြစကိုလာရီ အဓိကအသုံးပြုခဲ့တဲ့ ခံစစ်မှူးတွေဖြစ်တဲ့ မာဆယ်လို၊ ဒေးဗစ်လူးဝစ်ဇ်၊ ဒန်နီအဲဗက်စ်တို့က လည်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးရဲ့ အဓိကခံစစ်မှူးတွေဖြစ်လာမှာပါ။ နည်းပြစကိုလာရီက ဘရာဇီးခံစစ်ပိုင်းအပေါ် ရာနှုန်းပြည့် ကျေနပ်အားရမှု မရှိသေးဘူးလို့ ပြောထားပေမယ့် နောက်ဆုံး ခြေစမ်းပွဲသုံးပွဲမှာ ဘရာဇီးခံစစ်က ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ဒါ့အပြင် နည်းပြ စကိုလာရီ တာဝန်ယူပြီးတဲ့နောက်ပိုင်း ဘရာဇီးအသင်း ကစားခဲ့တဲ့ပွဲပေါင်း ၂၂ ပွဲမှာ ဂိုးမပေးရတဲ့ပွဲက ၁၂ ပွဲအထိ ရှိခဲ့တာမို့ ဘရာဇီးခံစစ်ပိုင်းရဲ့ စွမ်းဆောင်နိုင်မှုဟာ အားရစရာအနေအထား လို့ဆိုရမယ်။

စာမျက်နှာ ၃ သို့

မန်ဇူကစ်

နောက်ဆုံး ခြေစမ်းပွဲသုံးပွဲမှာ ဘရာဇီး ခံစစ်က ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့

ဟော့ခ်

မျှော်တော်ဇောနဲ့ မောနေရတဲ့ ဘရာဇီးပွဲဦးထွက်

ဘရာဇီးမှာ ကမ္ဘာ့ဖလားနဲ့ ပတ်သက်ရင် မှတ်တမ်းကောင်း အတော်များများရှိတယ်။ အစဉ်အလာကောင်းတွေ ထုနဲ့ထည်နဲ့ရှိတယ်။ ဒါကို အိမ်ရှင်ဖြစ်မှုအခွင့်အရေးရယ်၊ တောင်အမေရိကမှာ ကမ္ဘာ့ဖလား ကျင်းပတိုင်း တောင်အမေရိက အသင်းတစ်သင်း ကသာ ဗိုလ်စွဲလေ့ရှိတဲ့ဖြစ်ရပ်ရယ်ကို ပေါင်းလိုက်တဲ့အခါ ဒီနှစ်၂၀၁၄မှာ ဗိုလ်စွဲဖို့ အားကောင်းမှုအရှိဆုံးအဖြစ် ဘရာဇီးကို မြင်ကြတယ်။ ဘရာဇီးမှတစ်ပါး တခြားမရှိသလောက်ကို အတော်များများ ပြောကြတယ်။

ဒါပေမယ့် အဲဒီမှာ ဝိရောဓိ တစ်ခုရှိတယ်။ ကွင်းပြင်မှာပဲဖြစ်ဖြစ်၊ ကွင်းအတွင်းမှာပဲဖြစ်ဖြစ် ဘရာဇီးဟာ ကသောင်းကနင်းနိုင်တယ်။ အထူးသဖြင့် ကွင်းပြင်ပ မတည်ငြိမ်မှုတွေက ကွင်းအတွင်းစွမ်းဆောင်ရည်ကို စိတ်ခတ်ပိုင်းအရ ခပ်ပြင်းပြင်း ထိခိုက် ထိုးနှက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက ရှုမြင်သုံးသပ်ကြတယ်။ အရှင်းဆုံးပြောရရင် ဘောလုံးကွင်းတည်ဆောက်မှုတွေကအစ အခုထိ ရာနှုန်းပြည့်မပြီးသေးဘူး။ ဒီကြားထဲ ဆာအိုပေါ်လို၊ ရီယိုဒီဂျနေးရီးတို့လို ပြိုင်ပွဲကျင်းပမယ့် မြို့ကြီးတွေမှာ ကမ္ဘာ့ဖလားကိုဆန့်ကျင်တဲ့ လုပ်ရပ်တွေက ယခုအချိန်ထိ မရပ်သေးဘူး။

အရှင်းဆုံးပြောရရင် ဘရာဇီးမှာ အလုပ်လက်မဲ့ ရာခိုင်နှုန်းက နက်နက်နဲနဲရှိတယ်။ အဲဒီရဲ့အကျိုးဆက်အဖြစ် ရာဇဝတ်မှုတွေ ထူပြောတယ်။ ဒါတွေက ကမ္ဘာ့ဖလားကို ခြိမ်းခြောက်နေတဲ့အရာတွေ၊ အထူးသဖြင့် ဒီလိုကမ္ဘာ့ဖလားကျင်းပရာမှာ ကုန်ကျတဲ့ ငွေကြေး အမြောက်အမြားကို ဆေးရုံဆေးခန်း၊ ကျောင်းနဲ့လူမှုရေးလုပ်ငန်းတွေမှာ အသုံးပြုစေချင်တဲ့စိတ် ဘရာဇီးပြည်သူ ပြည်သားတွေ အတော်များများရဲ့ရင်ထဲမှာရှိတယ်။

စာမျက်နှာ ၂ သို့

> ဘရာဇီးရဲ့ လက်ရှိစုဖွဲ့မှုဟာ အလုံးစုံပြည့်ဝမှုမရှိဘူး၊ ပြောရရင် လက်ရှိဘရာဇီးရဲ့ စုဖွဲ့မှုဟာ တစ်ချက်မဟုတ် တစ်ချက်မှာ လိုအပ်ချက်ရှိတယ်၊

စာ - ၃

အင်္ဂလန်လည်း အခွင့်အရေးရှိတယ်လို့ ဆိုလိုက်တဲ့ ပီလီ

အိမ်ရှင်ဆိုတဲ့အရာကလည်း ယူတတ်ရင် ရန်းကန်အားဖြစ်နိုင်ပေမယ့် မယူတတ်ရင် ဖိအားအဖြစ် ဝန်ပိုဖြစ်နိုင်တဲ့အခါ ....

ဝေမိုးအောက်



ဆေးလ်ဗား

စာမျက်နှာ(၁) **မျှော်တော်ဇောနဲ့မောနေရတဲ့ ဘရာဇီးပွဲဦးထွက်မှ**

ပြောရရင် ဒီစိတ်ကိုအခြေခံတဲ့အခါ ဘောလုံးနိုင်ငံရယ်လို့ သတ်မှတ်ခံရတဲ့ကြားကတောင် ဒီပြိုင်ပွဲအပေါ် အားလုံးက နှစ်နှစ်ကာကာမရှိကြတော့ဘူး။ အဲဒီရဲ့အကျိုးဆက်အဖြစ် ကမ္ဘာ့ဖလားကို အကြီးအကျယ်ဆန့်ကျင်ကြတယ်။ ကန့်ကွက်ကြတယ်၊ ထိထိမိမိပြောရရင် ဘရာဇီးဟာ ကမ္ဘာ့ဖလားကြောင့် ရလာနိုင်တဲ့ အကျိုးခံစားခွင့်ကို အမိအရဆုပ်ကိုင်နိုင်ဖို့ အသာထား အပျက်ဘက်ရောက်မသွားအောင်တောင် မနည်းထိန်းနေရတဲ့အထိ ကွင်းပြင်မှာ ကသောင်းကနင်းနိုင်လွန်းတယ်။

တကယ်တော့ အဲ့ဒီအတွက် ဖြေဆေးမရှိတာတော့ မဟုတ်ဘူး။ ပြောရရင် ဘရာဇီး ပြည်သူပြည်သားတွေဟာ စိတ်အခြေခံပြောင်းလဲလာပေမယ့် ဘောလုံးအပေါ် ချစ်တဲ့ ခင်တဲ့စိတ်က လုံးလုံးပျောက်ကွယ် မသွားသေးဘူး။ လမ်းတွေပေါ်၊ အိမ်နံရံတွေအပေါ်မှာ သူတို့ရဲ့လက်ရွေးစင်အသင်းပုံတွေ၊ သူတို့နှစ်သက်ရာ အဓိပတိကစားသမားတွေရဲ့ ပုံတွေကို ရေးကြဆွဲကြတာကိုကြည့်ရင် ပြိုင်ပွဲအပေါ် အလိုမကျမှုနဲ့ အခြားတစ်ဖက်မှာ လက်ရွေးစင်အသင်းအပေါ် အောင်မြင်စေချင်တဲ့စိတ် ရှိနေတာက ရှင်းတယ်။ ပြောရရင် ဘောလုံးဆိုတာကို အားကစားနည်းထက် အခြေခံရိုးရာတစ်ခုလို ခံစားထားကြတဲ့ ဘရာဇီးပြည်သူတွေရဲ့စိတ်ကို ပြိုင်ပွဲအပေါ် ပြန်စိတ်ဝင်စားလာဖို့ ပြန်အာရုံစိုက်လာဖို့ဆိုရာမှာ အောင်ပွဲ၊ ဒါမှမဟုတ် နိုင်ပွဲနဲ့ ပြန်ဖြားယောင်းဖို့လိုတယ်။ ပြန်ဖြားယောင်းရင်ရတယ်။ အရှင်းဆုံးပြောရရင် တစ်ပွဲချင်းဆီ အနိုင်ရလဒ်ကနေ ဗိုလ်စွဲနိုင်တဲ့အထိ တစ်လှမ်းချင်း လှမ်းပြနိုင်ရင် အခြား မကျေနပ်ချက်တွေကလည်း တစ်ထစ်ချင်း လျော့သွားနိုင်တယ်။

ဒါပေမယ့် အဲဒီမှာ စိတ်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုရှိတယ်။ ပြောရရင် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ ဘရာဇီးဗိုလ်စွဲ မစွဲအတွက် မေးခွန်းကလည်း အဲဒီစိတ်အခြေခံ ပတ်သက်ဆက်နွှယ်မှုအပေါ် မူတည်တယ်။ အထူးသဖြင့် တစ်ဖက်မှာ လက်ရှိဖြစ်ပျက်နေတဲ့အရာတွေကို အောင်မြင်မှုနဲ့ ပြန်ပြီး သိမ်းသွင်းနိုင်တဲ့ အခွင့်အရေးရှိပေမယ့် အဲဒီလိုမလုပ်နိုင်ရင် ဆိုတဲ့ အခြေအနေကလည်း တစ်ဖက်မှာရှိတယ်။ အရှင်းဆုံး ပြောရရင် လက်ရွေးစင်အသင်းကို အောင်မြင်စေချင်တဲ့စိတ်က တစ်ဖက်၊ ပြိုင်ပွဲအပေါ် မနှစ်မြို့တဲ့စိတ်ကတစ်ဖက် ဖြစ်နေကြချိန်မှာ လက်ရွေးစင်အသင်းကပါ ကျေနပ်လောက်စရာ အတိုင်းအတာမျိုး ယူမပြနိုင်ရင် ဖြစ်လာမယ့်အကျိုးဆက်က မှန်းလို့မရနိုင်အောင် ဖြစ်လာနိုင်တယ်။ ထပ်ပြီးပြောရရင် ဒါဟာ ဖိအားပဲ။ ဒါဟာ တုပ်နှောင်မှုတစ်မျိုးပဲ။

အထူးသဖြင့် အခြေအနေတစ်ရပ်အတွက် အရာတစ်ခုကို မဖြစ်ဖြစ်အောင် တိုက်ယူရမယ့် အနေအထားတစ်ရပ်ဟာ ယူတတ်ရင် တွန်းအားဖြစ်နိုင်ပေမယ့် မယူတတ်ရင် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်တယ်။ ပြီးတော့ အိမ်ရှင်ဆိုတဲ့အရာကလည်း ယူတတ်ရင် ရုန်းကန်အားဖြစ်နိုင်ပေမယ့် မယူတတ်ရင် ဖိအားအဖြစ် ဝန်ပိုဖြစ်နိုင်တဲ့အခါ လေ့လာသူတွေကလည်း အဲဒီတွန်းအားနဲ့ အိမ်ရှင်ဆိုတဲ့အခွင့်အရေးကို လက်ရှိဘရာဇီးအသင်းအနေနဲ့ အမိအရ ဖမ်းဆုပ်ကိုင်တွယ်နိုင်မှု ရှိ မရှိအပေါ်မှာပဲ သံသယရှိကြတယ်။ စိုးရိမ်ကြတယ်။

ပြောရရင်ဘရာဇီးရဲ့ လက်ရှိစုဖွဲ့မှုဟာ အလုံးစုံပြည့်ဝမှု မရှိဘူး၊ ပြောရရင် လက်ရှိဘရာဇီးရဲ့စုဖွဲ့မှုဟာ တစ်ချက်မဟုတ်တစ်ချက်မှာ လိုအပ်ချက်ရှိတယ်၊ စကိုလာရီက လူငယ်နဲ့ အရွယ်ကောင်းကို ပေါင်းစပ်ဖွဲ့စည်းတယ်၊ အဲဒီမှာ အော်စကာ၊ ဂူစတာဗို၊ ဝီလီယံ၊ နေမာတို့လို လူငယ်တွေက ခြေစွမ်းရှိပေမယ့် အတွေ့အကြုံနဲ့ ရင့်ကျက်မှုမရှိဘူး၊ ဖာနန်ဒင်ညို၊ ရာမီရက်စ်၊ ဖရက်ဒ်၊ ဟတ်ခ်တို့က အတွေ့အကြုံရှိပြီး ရင့်ကျက်ပေမယ့် ခြေစွမ်းက သာမန်ထက်မပိုဘူး၊ ဒီမှာ လူးဝစ်ဇ်၊ ဆေးလ်ဗားတို့ရဲ့ ကျစ်လျစ်တဲ့ ခံစစ်အထိုင်ရယ်၊ ခြေစွမ်းရှိပြီး ရင့်ကျက်မှုမရှိ၊ ရင့်ကျက်မှုရှိပြီး ခြေစွမ်းအားနည်းမှုတွေကို အချိုးညီညီ ပေါင်းနိုင်ရင် ကျစ်လျစ်တဲ့စုဖွဲ့မှုဖြစ်နိုင်ပေမယ့် သံသယရှိတာက အတွေ့အကြုံနုတဲ့ အော်စကာ၊ နေမာ၊ ဝီလီယံ၊ ဂူစတာဗိုတို့သာ ဖိအားဒဏ်ကြောင့် ပုံမှန်ခြေစွမ်းပျောက်သွားရင် ဘရာဇီးရဲ့ လားရာဘယ်လိုဖြစ်မလဲ။ တကယ်တော့ ဘရာဇီးအတွက် ဖွင့်ပွဲကအစ အရေးကြီးတယ်၊ အထူးသဖြင့် ပြောခဲ့ပြီးသလို သူတို့မှာ ကွင်းပြင်ပ ကသောင်းကနင်းနိုင်မှုတွေ၊ မကျေနပ်မှုတွေရှိတယ်။ အဲဒီအတွက် နိုင်ပွဲနဲ့ပြန်ပြီး စွမ်းဆောင်နိုင်ဖို့ လိုတယ်။ သူတို့အတွက် လက်ရှိပါဝင်နေတဲ့အုပ်စုဟာ အခက်အခဲမရှိနိုင်ဘူးဆိုပေမယ့် အုပ်စုပထမရဖို့ အရေးကြီးတယ်၊ ဒါမှ ရှေ့လမ်းကလည်း ဖြောင့်ဖြူးမှာဆိုတော့ ....။

ကွင်းပြင်ပအဟန့်အတားကို နိုင်ပွဲနဲ့ ဆွဲဆောင်ရမယ့် အခြေအနေ၊ မယူတတ်ရင် ဝန်ထုပ်ဝန်ပိုးဖြစ်မယ့် အိမ်ရှင်အခွင့်အရေးနဲ့ ပရိသတ်ကပေးနေတဲ့ ဖိအား။ ခြေစွမ်းထက် ကစားသမားတွေရဲ့ အတွေ့အကြုံနုနယ်မှုတွေအရ ဘရာဇီးရဲ့ ခြေလှမ်းတိုင်းဟာ စောင့်ကြည့်ခံနေရသလို ခရိုအေးရှားနဲ့ တွေ့ရမယ့် ဖွင့်ပွဲမှာလည်း ဘယ်လိုပွဲထွက်လာမလဲ။ အားလုံးက ဘရာဇီးရဲ့ ပွဲဦးထွက်ကို မျှော်လင့်စိတ်နဲ့ မောနေကြရတယ်။

ဒေးဗစ်လူးဝစ်

စာမျက်နှာ(၁) **အဖွင့်ပွဲစဉ်အပေါ် ရင်ခုန်ခံစားကြည့်ခြင်းမှ**

နောက်ဆုံးခြေစမ်းပွဲဖြစ်တဲ့ ပနားမားနဲ့ပွဲမှာ ဘရာဇီးတိုက်စစ်က တစ်ဂိုးသာသွင်းယူနိုင်ခဲ့တယ်။ ဒါပေမယ့် ဘရာဇီးဟာ ပြင်သစ်နဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲ၊ စပိန်နဲ့ ကစားခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတွေမှာ သုံးဂိုးစီ သွင်းယူနိုင်ခဲ့တာကြောင့် ဘရာဇီး တိုက်စစ်စွမ်းဆောင်နိုင်မှုကို လျှော့တွက်ဖို့ခက်တယ်။ ပြိုင်ပွဲမတိုင်မီရက်ပိုင်းအလိုမှာ ဘရာဇီးအသင်းရဲ့ အဓိကကစားသမား နေမာ ဒဏ်ရာရရှိခဲ့ပေမယ့် ဒဏ်ရာအခြေအနေ မပြင်းထန်တာကြောင့် ဘရာဇီး တိုက်စစ်ရဲ့ စွမ်းဆောင်နိုင်မှု လျော့ကျသွားဖို့မရှိဘူး။ ကွင်းလယ်မှာလည်း ဥရောပအခြေစိုက် ကစားသမားကောင်းများစွာ ပါဝင်နေတာမို့ ဘရာဇီးကွင်းလယ်ရဲ့ တောင့်တင်းမှုကလည်း အကောင်းဆုံးအနေအထားမှာရှိတယ်။

အသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပြီး အိမ်ရှင်ပရိသတ်ရဲ့ အားပေးမှုကိုလည်း အပြည့်အဝရရှိမယ့် ဘရာဇီးဟာ ခရိုအေးရှားကို ဖိအားပေးကစားနိုင်မယ်ဆိုတာက သံသယရှိစရာမလိုတဲ့ အချက်ဖြစ်ပါတယ်။

ခရိုအေးရှား၏အနေအထား

အိုက်စလန်နဲ့ Play Off ကစားပြီးမှသာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိလာခဲ့တဲ့ ခရိုအေးရှားအသင်းမှာ ဂျီလာဗစ်၊ မန်ဇူကစ်၊ အိုလစ်၊ ရာကီတစ်၊ လူကာမိုဒရစ်၊ လိုဗန်တို့လို ကစားသမားကောင်းတွေ ရှိနေတာမှန်တယ်။ ဒါပေမယ့် နောက်ဆုံးခြေစမ်းပွဲနှစ်ပွဲအဖြစ် မာလီ၊ သြစတြေးလျတို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ ခရိုအေးရှားအသင်းက နိုင်ပွဲတွေ ရရှိခဲ့ပေမယ့် ဘောလုံးပိုင်ဆိုင်မှုအရ ခရိုအေးရှားဟာ ပြိုင်ဘက်အသင်းတွေအပေါ် သိသိသာသာ အသာစီးရယူနိုင်ခြင်းမရှိခဲ့ဘူး။

ခရိုအေးရှားရဲ့ ခံစစ်ပိုင်းဟာ အားနည်းချက်တွေရှိနေတယ်။ ထိပ်တန်းအဆင့် တိုက်စစ်ကစားသမားတွေ ပါဝင်နေတဲ့ ခရိုအေးရှားတိုက်စစ်ကတော့ နောက်ဆုံး ခြေစမ်းပွဲသုံးပွဲမှာ ၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တယ်။ ဒါပေမယ့် ခရိုအေးရှားဟာ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်တို့လို ပြိုင်ဘက်ကောင်းအသင်းတွေနဲ့ ရင်ဆိုင်ခဲ့တဲ့ပွဲတွေမှာ နိုင်ပွဲရအောင် မစွမ်းဆောင်နိုင်ခဲ့တာကြောင့် ဘရာဇီးကို ခြေရည်တူ ယှဉ်နိုင်ဖို့ဆိုတာ ခက်ခဲတယ်။ ခရိုအေးရှားအနေနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဘရာဇီးလို ခြေစွမ်းကောင်းမွန်ပြီး အိမ်ကွင်းပရိသတ်အားလည်း ရှိနေတဲ့ အသင်းကိုတော့ အနိုင်ယူဖို့ဆိုတာ ဖြစ်နိုင်ခြေ နည်းပါးလွန်းတယ်လို့ ဆိုရမှာဖြစ်တယ်။

ဆုံတွေ့ဖူးမှု

ဘရာဇီးနဲ့ ခရိုအေးရှားအသင်းတို့ဟာ နှစ်ကြိမ်ဆုံတွေ့ယှဉ်ပြိုင်ဖူးတဲ့ အသင်းတွေဖြစ်တယ်။ ပထမအကြိမ်အဖြစ် ၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်းမှာ ခြေစမ်းပွဲကစားခဲ့တာဖြစ်ပြီး အဲဒီပွဲမှာ ကရန်ဂျာရဲ့ သွင်းဂိုးနဲ့ ခရိုအေးရှား ဦးဆောင်နိုင်ခဲ့ပေမယ့် နောက် ၁၀ မိနစ်အကြာမှာ ဘရာဇီးက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲအပြီးမှာ တစ်ဂိုးစီ သရေကျခဲ့တယ်။

ဒုတိယအကြိမ်အဖြစ် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှာ ဆုံတွေ့ခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၄၄ မိနစ်မှာ ကာကာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသောဂိုးနဲ့ ဘရာဇီးအနိုင်ရရှိခဲ့တယ်။

ဖြစ်နိုင်ဖွယ်ရလဒ်

ဆုံတွေ့ဖူးမှုမှတ်တမ်းအရ ခရိုအေးရှားဟာ ဘရာဇီးကို အခက်တွေ့အောင်လုပ်နိုင်တဲ့အသင်းလို့ ဆိုရမယ်။ လက်ရှိ ခရိုအေးရှားကစားသမားစုဖွဲ့မှုကြောင့်လည်း ဘရာဇီးအတွက် ခရိုအေးရှားဟာ လွယ်ကူတဲ့ပြိုင်ဘက်ဖြစ်လာမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် အသင်းလိုက်စုစည်းမှု၊ ခြေစွမ်းအကွာအဟကြောင့် အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ အနိုင်ရမယ့်အသင်းက ဘရာဇီးအသင်းပဲ ဖြစ်နိုင်ပြီး နှစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားမယ်လို့ သုံးသပ်မိပါတယ်။

အသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပြီး အိမ်ရှင်ပရိသတ်ရဲ့ အားပေးမှုကိုလည်း အပြည့်အဝရရှိမယ့် ဘရာဇီးဟာ ခရိုအေးရှားကို ဖိအားပေးကစားနိုင်မယ်ဆိုတာက သံသယရှိစရာမလို

ခရိုအေးရှားနဲ့ပွဲမှာ ပါဝင်နိုင်မလားဆိုတဲ့ မေးခွန်းတွေနဲ့ အတူရှိနေတဲ့ နေမာ

ဘရာဇီးတစ်သင်းလုံး သာမက တစ်နိုင်ငံလုံးကပါ တဖွဖွသနေတဲ့ တိုက်စစ်မှူး နေမာတစ်ယောက် လေ့ကျင့်ရေးကွင်းမှာ ခြေချင်းဝတ် ဒဏ်ရာရရှိသွားခဲ့တာကြောင့် အားလုံးရဲ့ရင်ထဲမှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ကစားနိုင်မလားဆိုတဲ့ သံသယမီးပွားတွေကတော့ တိုးမြင့်လာခဲ့ပါတယ်။

ဘာစီလိုနာတိုက်စစ်မှူး နေမာ အဲဒီဒဏ်ရာကို ရီယိုဒီဂျနေးရိုးရဲ့မြို့ပြင်မှာရှိတဲ့ selecao လေ့ကျင့်ကွင်းမှာ လေ့ကျင့်ရေးဆင်းနေရင်းနဲ့ လိမ့်ကျကာ ခြေချင်းဝတ် ဒဏ်ရာရရှိသွားတာဖြစ်ပြီး ကွင်းထဲမှာပဲ သူ့ကို ချက်ချင်းကုသမှုတွေ ပြုလုပ်ဖို့ပြင်ဆင်ခဲ့ပါတယ်။

ဒါပေမယ့်နေမာဟာ မြက်ခင်းပေါ်မှာပဲ ခဏအနားယူနေခဲ့ပြီး သူ့ဘာသာ သူကုန်းထကာ ထော့နဲ့ထော့နဲ့နဲ့ ကွင်းထဲကနေ လမ်းလျှောက်ထွက်သွားခဲ့ပါတယ်။

နေမာအနေနဲ့ တတ်နိုင်သမျှမြန်မြန် လေ့ကျင့်ခန်းပြန်လည်ဆင်းဖို့ကို ပြင်ဆင်နေပြီး ခရိုအေးရှားနဲ့ကစားမယ့်ပွဲမှာတော့ ကြံ့ခိုင်မှုအပြည့်နဲ့ ဘရာဇီး လူစာရင်းမှာ ပါဝင်နိုင်ဖို့ရှိနေပါတယ်။

တိုက်စစ်မှူးနေမာဟာ ဘရာဇီး လက်ရွေးစင်အသင်းမှာ ၂၀၁၀ ကနေ စတင်ပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး အသင်းနဲ့အတူပွဲပေါင်း ၄၉ ပွဲ ပါဝင်ကစားကာ ၃၁ ဂိုးသွင်းယူပေးထားတဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးတစ်ဦးလည်းဖြစ်ပါတယ်။

ဘရာဇီးအသင်းနည်းပြ စကိုလာရီအနေနဲ့ကလည်း အသင်းရဲ့ ခံစစ်ပိုင်းနဲ့ပတ်သက်ပြီး အကောင်းဆုံးပြင်ဆင်မှုတွေပြုလုပ်နေပြီး ပြီးခဲ့တဲ့ရက်ပိုင်းအထိ အသင်းရဲ့ ကစားသမားတွေကို နေရာချထားတာနဲ့ပတ်သက်ပြီး လုံးဝကျေနပ်အားရမှုမရှိသေးဘူးလို့လည်းဆိုပါ တယ်။

ဒါတင်မကပါဘူး။ ဘရာဇီးအသင်းဟာ ခရိုအေးရှားနဲ့ကစားရမယ့် အဖွင့်ပွဲစဉ်အတွက်လည်း အသင်းရဲ့ခံစစ်ပိုင်းတွေကို လေးထားပြီး ပြင်ဆင်နေပါတယ်။

ဘရာဇီးနည်းပြစကိုလာရီက “ကျွန်တော်တို့အသင်းအနေနဲ့ ဂိုးမပေးရဘူးဆိုရင်တော့ အနိုင်ရဖို့အခွင့်အရေးဟာ ပိုမိုများတယ်ဆိုတာကို သိထားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့အသင်းမှာက လူငယ်ပါရမီရှင် တိုက်စစ်မှူးတွေရှိနေလို့ပါ။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ခံစစ်ပိုင်းမှာ ဟာကွက်မရှိအောင် ပြင်ဆင်ထားဖို့က အလွန်အရေးကြီးတယ်လို့လည်း ဆိုနိုင်ပါတယ်”ဟု ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဘရာဇီးခံစစ်ပိုင်းနဲ့ ပတ်သက်ပြီးလည်း ဝါရင့်ခံစစ်မှူးဒန်နီအဲဗက်စ်ကလည်း “အသင်းအနေနဲ့အမှားသာမရှိခဲ့ဖူးဆိုရင် အကောင်းဆုံးအသင်းဖြစ်မှာပါ။ အသင်းတိုင်းဟာ အမှားကင်းဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အသင်းအနေနဲ့ကတော့ ကောင်းမွန်တဲ့ တိုးတက်မှုတွေ ရှိနေပါတယ်”လို့လည်း ပြောဆိုခဲ့ပါတယ်။

အောင်က

အင်္ဂလန်လည်း အခွင့်အရေးရှိတယ်လို့ ဆိုလိုက်တဲ့ ပီလီ

ယခုနှစ်ကမ္ဘာ့ဖလားမှာတော့ အိမ်ရှင် ဘရာဇီးနည်းတူ ဗိုလ်စွဲဖို့အတွက် ရေပန်းစားနေတဲ့ အသင်းတွေထဲမှာတော့ အင်္ဂလန်အသင်းလည်း ပါဝင်နေတယ်လို့ ဘရာဇီးဂန္ထဝင်ကစားသမား ပီလီက ထုတ်ဖော်ပြောဆိုသွားပါတယ်။

ဘရာဇီးအသင်းဟာ ဒီနှစ် ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ကိုယ့်မြေ၊ ကိုယ့်ရေမှာ ကျင်းပသည်ကတစ်ကြောင်း၊ နေမာ၊ အော်စကာ၊ လူးဝစ်ဇ်နဲ့ဒေးဗစ်ဆေးဗားတို့လို့ ကစားသမားကောင်းတွေကလည်းရှိနေတာကြောင့်လည်း ဗိုလ်စွဲဖို့အတွက် ရေပန်းအစားဆုံးအသင်းအနေနဲ့ရှိနေပါတယ်။

အဲဒီလိုပဲ အင်္ဂလန်အသင်းအနေနဲ့ကလည်း လက်ရှိအသင်းမှာ ခြေစွမ်းထက်နေတဲ့လူငယ်ပါရမီရှင် ကစားသမားတွေနဲ့အတူ ဂျရတ်၊ လမ်းပတ်နဲ့ ရွှန်နေးတို့လို ဝါရင့်ကစားသမားတွေကလည်း ရှိနေတာကြောင့် အုပ်စုအဆင့်ပြိုင်ပွဲတွေမှာ အီတလီနဲ့ဥရုဂွေးအသင်းတွေကို သာအကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်မယ်ဆိုပါက ဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန်အတွက် မျှော်လင့်နိုင်သည့် အသင်းအဖြစ်လည်း ရှိနေပါတယ်။

ပီလီက သူ့အနေနဲ့ ဘရာဇီးတွင် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့တဲ့ ၁၉၅၀ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဥရုဂွေးအသင်းကို ၁-၀ဖြင့် ရှုံးနိမ့်ခဲ့တဲ့ ရှုံးကြွေး ကိုယခု ၂၀၁၄ ကမ္ဘာ့ဖလားမှာ လက်ရှိ ဘရာဇီး ကစား သ မား များ အင်အားနဲ့ လက်တုံ့ပြန်သွားဖို့ ဆန္ဒရှိနေတယ်လို့လည်း ပြောခဲ့ပါတယ်။

ဒါ့အပြင်ပီလီက “ကျွန်တော်ကတော့ အပေါ်တစ်ဆင့်ဆင့် ဒါမှမဟုတ် နောက်ဆုံး ဗိုလ်လုပွဲမှာတော့ ဘရာဇီးအသင်းကို ဥရုဂွေး အသင်းနဲ့ တွေ့ဆုံစေလိုပါ တယ်။ ဒါမှလည်း ဘရာဇီး အနေနဲ့ ကိုယ့်မြေ၊ ကိုယ့်ရေမှာ ဥရုဂွေးကို ရှုံးနိမ့်ခဲ့တဲ့ရှုံးကြွေးကို ဆပ်နိုင်မှာပါ” လို့ ပြောဆိုခဲ့ပါတယ်။

အင်္ဂလန်အသင်းနဲ့ ပတ်သက်ပြီးလည်း ပီလီက “အင်္ဂလန်အသင်းဟာ ဘရာဇီး၊ အီတလီနဲ့ ပြင်သစ်တို့လိုပဲ အဆင့်တူရှိတဲ့ အသင်းတစ်သင်းလို့လည်းဆိုနိုင်ပါတယ်။ သူတို့နဲ့ပတ်သက်ပြီး ရင်ဆိုင်နိုင်ဖို့အတွက် အများကြီး ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အင်္ဂလန်အသင်းကို လေးစားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ကျွန်တော်တို့အသင်းလိုပဲ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ဖို့အတွက် အခွင့်အရေးရှိနေတဲ့ အသင်းဖြစ်လို့ပါ”ဟု ပြောဆိုခဲ့ပါတယ်။

တိုက်စစ်မှူးဟောင်း ပီလီဟာ ဘရာဇီးလက်ရွေးစင်အသင်းမှာ ၁၆ နှစ်သားကျော်လောက်ကတည်းက ပါဝင်ကစားနေခဲ့တာဖြစ်ပါတယ်။ ပီလီဟာ ၁၉၅၈ ခုနှစ်မှာတော့ အသက် ၁၇ နှစ်သာရှိနေသေးပေမယ့် ဘရာဇီးအသင်းနဲ့အတူသူ့ရဲ့ ပထမဦးဆုံး ကမ္ဘာ့ဖလားဆုကိုရယူနိုင်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၂ နဲ့ ၁၉၇၀ တို့မှာ ကမ္ဘာ့ဖလားဆုကို နောက်တစ်ကြိမ်စီ ထပ်မံရရှိခဲ့တာကြောင့် စုစုပေါင်း ကမ္ဘာ့ဖလား သုံးကြိမ်ရရှိသူအဖြစ် စံချိန်တင်ခံထားရသူလည်း ဖြစ်ပါတယ်။

ဒါ့အပြင်သူဟာ ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ ၉၉ ပွဲ ပါဝင်ကစားကာ ၇၇ ဂိုးအထိ သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ ။

▌ အောင်က ▌

ဇွန် ၁၂ ရက်နေ့ ညတွင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး စတင်ကျင်းပတော့မည်ဖြစ်ပြီး ပွဲဦးထွက်အဖြစ် အိမ်ရှင်ဘရာဇီးနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ ဆိုရလျှင် ယခုတစ်ကြိမ် ပြိုင်ပွဲဝင်မည့် ဘရာဇီးတွင် ကမ္ဘာ့ဖလားအတွေ့အကြုံနုနယ်သူများ ပါဝင်သကဲ့သို့ လူငယ်အများစုကို အခြေခံထားကာ အသင်းလိုက်စုဖွဲ့မှုအားတွင် ယခင်အကြိမ်များကလောက် တောင့်တင်းမှုမရှိဟု ယူဆထားကြသည်။ ထို့ကြောင့် ဘရာဇီး၏အဖွင့်ပွဲစဉ်အပေါ် စိုးရိမ်ကြသကဲ့သို့ ခရိုအေးရှားကို အနိုင်ယူနိုင်ပါမည်လော သံသယဖြစ်လျက်ရှိကြသည်။

သစ်မင်းအိမ်

အဖွင့်လှတတ်သည့် ဘရာဇီးနှင့် ပွဲဦးထွက်ကောင်းတတ်သည့်အိမ်ရှင်

သို့သော် ဘရာဇီးသည် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ မှတ်တမ်းကောင်းများစွာ စိုက်ထူထားနိုင်သော အသင်းဖြစ်သကဲ့သို့ ဘရာဇီးသည် သူတို့၏ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်များ၌လည်း အများအားဖြင့် ရလဒ်ကောင်းခဲ့ကြတာကို တွေ့ရသည်။ ဘရာဇီးအနေဖြင့် ကျင်းပခဲ့ပြီးသမျှ ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၉)ကြိမ်စလုံး၌ ပြိုင်ပွဲတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ကြသလို အဆိုပါပြိုင်ပွဲ (၁၉)ကြိမ်တွင် ဘရာဇီးသည် သူတို့၏ပွဲဦးထွက် (၁၉) ပွဲ၌ ၁၉၃၀ ပြိုင်ပွဲနှင့် ၁၉၃၄ ပြိုင်ပွဲတို့တွင် ရှုံးပွဲကြုံခဲ့ရသည်မှအပ ကျန် ၁၇ ပွဲ၌ အရှုံးလုံးဝမရှိခဲ့ပေ။ ၂၀၀၆ ပြိုင်ပွဲတွင် ယခုရင်ဆိုင်ရမည့် ခရိုအေးရှားကိုပင် အဖွင့်၌ အနိုင်ရယူနိုင်ခဲ့သလို အဆိုပါပွဲအပါ အဝင်ကျန် ၁၇ ပွဲ၌ ၁၅ ပွဲတိတိ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို ယခုကဲ့သို့ တွေ့ရသည်။

ထို့ကြောင့် ဘရာဇီးကို လျှော့တွက်ရန်ခက်ခဲပေသည်။ ထို့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ အိမ်ရှင်အသင်းများသည် အဖွင့်လှတတ်သော အစဉ်အလာရှိသည်။ ကျင်းပပြီးခဲ့သမျှ ပြိုင်ပွဲ (၁၉) ကြိမ်တွင် အိမ်ရှင်အသင်းများသည် ပွဲဦးထွက်၌ ရှုံးပွဲကြုံရသည်ဆိုသည်မှာတစ်ကြိမ်မျှပင်မရှိခဲ့။ ၂၀၀၂ ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲကို တောင်ကိုရီးယားနှင့်ဂျပန်တို့က ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပခဲ့ရာ အဆိုပါ (၁၉) ကြိမ်မြောက် အိမ်ရှင်အသင်းများ၏ ပွဲဦးထွက်သည် ပွဲ၂၀

၁၉၃၀	ယူဂို	၂ - ၁	ဘရာဇီး
၁၉၃၄	စပိန်	၃ - ၁	ဘရာဇီး
၁၉၃၈	ဘရာဇီး	၆ - ၅	ပိုလန်
၁၉၅၀	ဘရာဇီး	၄ - ၀	မက္ကဆီကို
၁၉၅၄	ဘရာဇီး	၅ - ၀	မက္ကဆီကို
၁၉၅၈	ဘရာဇီး	၃ - ၀	ဩစတြီးယား
၁၉၆၂	ဘရာဇီး	၂ - ၀	မက္ကဆီကို
၁၉၆၆	ဘရာဇီး	၂ - ၀	ဘူလ်ဂေးရီးယား
၁၉၇၀	ချက်	၁ - ၄	ဘရာဇီး
၁၉၇၄	ဘရာဇီး	၀ - ၀	ယူဂို
၁၉၇၈	ဘရာဇီး	၁ - ၁	ဆွီဒင်
၁၉၈၂	ဘရာဇီး	၂ - ၁	ဆိုဗီယက်
၁၉၈၆	စပိန်	၀ - ၁	ဘရာဇီး
၁၉၉၀	ဘရာဇီး	၂ - ၁	ဆွီဒင်
၁၉၉၄	ဘရာဇီး	၂ - ၀	ရုရှား
၁၉၉၈	ဘရာဇီး	၂ - ၁	စကော့တလန်
၂၀၀၂	ဘရာဇီး	၂ - ၁	တူရကီ
၂၀၀၆	ဘရာဇီး	၁ - ၀	ခရိုအေးရှား
၂၀၁၀	ဘရာဇီး	၂ - ၁	မ/ကိုရီးယား

၁၉၃၀	ဥရုဂွေး	၁ - ၀	ပီရူး
၁၉၃၄	အီတလီ	၇ - ၁	အမေရိကန်
၁၉၃၈	ပြင်သစ်	၃ - ၁	ဘယ်လ်ဂျီယံ
၁၉၅၀	ဘရာဇီး	၄ - ၀	မက္ကဆီကို
၁၉၅၄	ဆွစ်ဇာလန်	၂ - ၁	အီတလီ
၁၉၅၈	ဆွီဒင်	၃ - ၀	မက္ကဆီကို
၁၉၆၂	ချီလီ	၃ - ၁	ဆွစ်ဇာလန်
၁၉၆၆	အင်္ဂလန်	၀ - ၀	ဥရုဂွေး
၁၉၇၀	မက္ကဆီကို	၀ - ၀	ဆိုဗီယက်
၁၉၇၄	ဂျာမနီ	၁ - ၀	ချီလီ
၁၉၇၈	အာဂျင်တီးနား	၂ - ၁	ဟန်ဂေရီ
၁၉၈၂	စပိန်	၁ - ၁	ဟွန်ဒူးရပ်စ်
၁၉၈၆	မက္ကဆီကို	၂ - ၁	ဘယ်လ်ဂျီယံ
၁၉၉၀	အီတလီ	၁ - ၀	ဩစတြေးလျ
၁၉၉၄	အမေရိကန်	၁ - ၁	ဆွစ်ဇာလန်
၁၉၉၈	ပြင်သစ်	၃ - ၀	တောင်အာဖရိက
၂၀၀၂	တောင်ကိုရီးယား	၂ - ၀	ပိုလန်
	ဂျပန်	၂ - ၂	ဘယ်လ်ဂျီယံ
၂၀၀၆	ဂျာမနီ	၄ - ၂	ကော်စတာရီကာ
၂၀၁၀	တောင်အာဖရိက	၁ - ၁	မက္ကဆီကို

တိတိရှိသည်။ အဆိုပါပွဲ ၂၀ အနက် ရှုံးပွဲကြုံသည့် အိမ်ရှင်မရှိခဲ့သလို ၁၉၆၆ အိမ်ရှင်အင်္ဂလန်၊ ၁၉၇၀ အိမ်ရှင်မက္ကဆီကို၊ ၁၉၈၂ အိမ်ရှင် စပိန်၊ ၁၉၉၄ အိမ်ရှင်အမေရိကန်၊ ၂၀၀၂ အိမ်ရှင် ဂျပန်နှင့် ၂၀၁၀ အိမ်ရှင် တောင်အာဖရိကတို့မှလွဲ၍ ကျန်ပွဲများတွင် အိမ်ရှင် အသင်းများကသာ အဖွင့်ပွဲ၌ အနိုင်ရယူ နိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ထို့ကြောင့် အဆိုပါ အစဉ်အလာနှစ်ရပ်ကို ချိန်ထိုးသုံးသပ်ပါမူ ဘရာဇီး၏လားရာသည် အကောင်းဘက်ဦးတည်နေပေသည်။ အထူးသဖြင့် ဘရာဇီးတွင် ကွင်းပြင်ပပြဿနာများအရ ယခုပွဲတွင် အနိုင်ရလဒ်ရရှိရန် အရေးပါနေခြင်း၊ အိမ်ခံပရိသတ်အားရှိခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေ ပိုဖြစ်ခြင်းတို့ကြောင့် ဘရာဇီး၏ ပွဲဦးထွက်သည် ထင်မှတ်ထားကြသလောက် စိုးရိမ်ဖွယ်မရှိဟုသာ ဆိုချင်မိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ အိမ်ရှင်အသင်းများသည် အဖွင့်လှတတ်သော အစဉ်အလာရှိသည်။ ကျင်းပပြီးခဲ့သမျှ ပြိုင်ပွဲ (၁၉) ကြိမ်တွင် အိမ်ရှင်အသင်းများသည် ပွဲဦးထွက်၌ ရှုံးပွဲကြုံရသည်ဆိုသည်မှာ တစ်ကြိမ်မျှပင် မရှိခဲ့။